# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်နေ့ | ၂၀၂၃ ခုနှစ်၊ မေ ၃ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၂)၊ အမှတ်(၂၁၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Qin Gang အား လက်ခံတွေ့ဆုံစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Qin Gang အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Qin Gang အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❐

## ယနေ့ ဖတ်စရာ


၂၀၂၃ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ — ပြည်တွင်းသတင်း စာ ၁၂

SARS-CoV-2 Variant Omicron (အိုမီခရွန်) မျိုးရိုးဗီဇပြောင်းရောဂါပိုး ထပ်မံတွေ့ရှိရမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း — ကျန်းမာရေး စာ ၁၅

# ကဆုန်လပြည့် ဗုဒ္ဓနေ့

ကဆုန်လပြည့်နေ့သည် ဗုဒ္ဓမြတ်စွာဘုရား၏ ဖြစ်တော်စဉ်တွင် ထူးခြားစွာပါဝင်နေသော နေ့တစ်နေ့ဖြစ်သည်။ ဘုရားလောင်းတော် သုမေဓာရသေ့သည် ဘဒ္ဒကမ္ဘာတွင် လေးဆူမြောက် ဂေါတမဘုရားစင်စစ်ဖြစ်မည်ဟု ဒီပင်္ကရာမြတ်စွာဘုရားထံ နိယတဗျာဒိတ်ခံယူသည့်နေ့သည် ကဆုန်လပြည့်နေ့ဖြစ်ပြီး ဂေါတမဘုရားလောင်းတော် သိဒ္ဓတ္ထမင်းသားလေးကို ဖွားမြင်သောနေ့သည် မဟာသက္ကရာဇ် ၆၈ ခု၊ ကဆုန်လပြည့်နေ့၊ ဂေါတမဘုရားလောင်းတော် ဗောဓိပင်အောက်တွင် ဘုရားဖြစ်တော်မူသည့်နေ့သည် မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့်နေ့၊ ဂေါတမဘုရား ပရိနိဗ္ဗာန်စံတော်မူသောနေ့သည် မဟာသက္ကရာဇ် ၁၄၈ ခု၊ ကဆုန်လပြည့်နေ့ဖြစ်ရာ "ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နန်းနိဗ္ဗာန်" ဟူ၍ မှတ်သားကြသည်။ ကဆုန်လသည် လတကာတို့ထက် အလေးအနက်ပြုဖွယ်ဖြစ်ပြီး ကဆုန်လပြည့်နေ့ကို ဗုဒ္ဓနေ့အဖြစ် ဗောဓိပင်ညောင်ရေသွန်းပွဲနှင့်အတူ ယှဉ်တွဲကာ ဗုဒ္ဓဘာသာနိုင်ငံတို့တွင် တခမ်းတနား ကျင်းပလျက်ရှိကြသည်။

ကဆုန်လသည် သက္ကတ၊ ပါဠိ၊ ဟိန္ဒီဘာသာတို့တွင် "ဝိသာခါ" Vesaka ဖြစ်၍ ဝိသာခါနက္ခတ်နှင့်ယှဉ်သောလဖြစ်သည်။ သီဟိုဠ်ဘာသာဖြင့် အသံထွက်တွင် Vesak ဟူ၍ဖြစ်ရာ ယင်းအသံထွက်ကိုလိုက်၍ ကဆုန်လပြည့်နေ့ကို Vesak Day ဟု အနောက်နိုင်ငံသားတို့က ခေါ်ဆိုကြသည်။ ၁၉၉၉ ခုနှစ် (၅၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ အစည်းအဝေးဆုံးဖြတ်ချက်အရ ကဆုန်လပြည့်ဗုဒ္ဓနေ့ကို အပြည်ပြည်ဆိုင်ရာ ရုံးပိတ်ရက် Vesak Universal Holiday အဖြစ် သတ်မှတ်ပေးခဲ့သည်။ မြန်မာနိုင်ငံတွင် ကဆုန်လပြည့်နေ့ ညောင်ရေသွန်းပွဲတော်သည် ၁၂ လရာသီပွဲတော်များအနက်မှ ရာသီပွဲတစ်ခုပင်ဖြစ်ပြီး ကျောက်စာအထောက်အထားများအရ ပုဂံခေတ်တွင်ပင် ကျင်းပနေပြီဖြစ်သည်။ ရှေးခေတ်ညောင်ရေသွန်းပွဲတော်များတွင် ဘုရင်နှင့်တကွ မင်းညီမင်းသား၊ မှူးမတ်များအပါအဝင် ရွှေမြို့တော်ကြီးအတွင်း အပြင် အများပြည်သူတို့ နှစ်စဉ်ကျင်းပမြဲဖြစ်၍ ခမ်းနားကြီးကျယ်လှသည်ကိုလည်း စာပေအထောက်အထားများတွင် တွေ့ရှိနိုင်သည်။

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ကဆုန်လပြည့်နေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်း "ဗုဒ္ဓနေ့အထိမ်းအမှတ်အဖြစ် သံဃာတော်များကို လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ဗုဒ္ဓနေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲကျင်းပခြင်း၊ ကဆုန်ညောင်ရေသွန်းလောင်းပွဲအခမ်းအနားကျင်းပခြင်း၊ ဆီမီးတိုင်များ ကိုင်ဆောင်၍ လှည့်လည်ပူဇော်ခြင်း၊ ဓမ္မသဘင်ဆင်ယင်ကျင်းပခြင်း စသည့် ဗုဒ္ဓနေ့ဆိုင်ရာ အခမ်းအနားများကို နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်ရာ နိုင်ငံပိုင်မီဒီယာများမှ တိုက်ရိုက်ထုတ်လွှင့်ပြသမှုများကို နိုင်ငံတစ်ဝန်းမှ ကြည့်ရှုကြည်ညို ဝမ်းမြောက်အနုမောဒနာ ခေါ်ဆိုနိုင်ကြမည်ဖြစ်သည်။

မျက်မှောက်လူသားကမ္ဘာတွင် မိမိတို့ ရင်ဆိုင်ကြုံတွေ့နေရသည့် အားကြီးသူက အားနည်းသူအပေါ် အနိုင်အထက်ပြုကျင့်ခြင်း၊ လုယက်ခြင်း၊ ညှဉ်းပန်းခြင်း၊ မနာလိုမုန်းတီးခြင်း၊ တိုက်ခိုက်ခြင်း၊ သတ်ဖြတ်ခြင်း စသည့်မျက်မြင်ဒိဋ္ဌ ပြင်ပမီးတို့ တညီးညီးတောက်လောင်နေရခြင်း၏ အရင်းခံမှာ လောဘ၊ ဒေါသ၊ မောဟ ဟူသော အတွင်းမီးတို့ကြောင့် ဖြစ်သည်။ ခန္ဓာကိုယ်အတွင်းသန္တာန်တွင် တောက်လောင်နေသည့် မီးသုံးပါးကို ငြိမ်းသတ်နိုင်မှ ပြင်ပမီးတို့ ငြိမ်းနိုင်မည်ဖြစ်ပြီး ဗုဒ္ဓ၏ တရားတော်တို့ကသာလျှင် အတွင်းမီးတို့ကို ငြိမ်းသတ်နိုင်မည့် ရေဖြစ်သည်။ ဗုဒ္ဓဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်ခဲ့ခြင်းသည် လောကကောင်းကျိုး၊ လူသားတို့၏ ကောင်းကျိုးအတွက်ဖြစ်သည့်အလျောက် ဗုဒ္ဓဝစန ဘုရားရှင်၏ အဆုံးအမတို့ကို လိုက်နာကျင့်ကြံခြင်းအားဖြင့် လူတစ်ဦးတစ်ယောက်ချင်းစီနှင့်တကွ လူသားကမ္ဘာတစ်ခုလုံး ငြိမ်းချမ်းသာယာနိုင်ပါစေကြောင်း။ ။

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Qin Gang ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ



**နေပြည်တော် မေ ၂**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Qin Gang ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာချန်းဟိုင်နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **သတင်းစဉ်**

## မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်သတင်းရယူနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၂၃ ခုနှစ် မေလ ၆ ရက်နေ့တွင် နေပြည်တော် မြို့တော်ခန်းမအနီးရှိ လဟာပြင်ကဇာတ်ရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ အဆိုပါအခမ်းအနားသို့ တက်ရောက်သတင်းရယူလိုသော လုပ်ငန်းအသိအမှတ်ပြု လက်မှတ်ရယူထားသည့် မီဒီယာများအနေဖြင့် သတင်းမီဒီယာဌာနတစ်ခုလျှင် သတင်းမီဒီယာသမား (၂)ဦးနှုန်းဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ (နေပြည်တော်) ၀၆၇-၃၄၁၂၁၄၃၊ iprd.crd.npt@gmail.com ၊ (ရန်ကုန်)၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်

**နေပြည်တော် မေ ၂**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မိုး/ဇလ**

## "မျက်ခုံးဖြူ ငှက်ပြာခြောက်" ငှက်ပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် ထုတ်ဝေ

**နေပြည်တော် မေ ၂**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၌သာ ကျက်စားသည့် ဒေသရင်းငှက်မျိုးစိတ်အဖြစ် မှတ်တမ်းတင်သဘောထားမှတ်ချက်ပြုထားသည့် မြန်မာ့ဒေသရင်း "မျက်ခုံးဖြူ ငှက်ပြာခြောက်" ငှက်ပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးကို မေ ၄ ရက် ၊(ကြာသပတေးနေ့) နံနက် ၉ နာရီခွဲမှ စတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ မေ ၄ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲ အမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မေ ၂**

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၅ ဒီဂရီစင်တီဂရိတ်၊ မကွေးမြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်နှင့် မြင်းမူမြို့၊ မြင်းခြံမြို့၊ ညောင်ဦးမြို့၊ ရမည်းသင်းမြို့၊ တံတားဦး (လေကြောင်းမိုးလေဝသ)၊ မင်းဘူးမြို့၊ အောင်လံမြို့၊ တောင်တွင်းကြီးမြို့၊ ဆင်ဖြူကျွန်းမြို့၊ ပြည်မြို့၊ တောင်ငူမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မိုးကုတ်မြို့တွင် ၁ ဒသမ ၇၈ လက်မ၊ လွိုင်လင်မြို့တွင် ၁ ဒသမ ၄၂ လက်မ၊ စဉ့်ကူးမြို့တွင် ၁ ဒသမ ၂၀ လက်မ၊ သီပေါမြို့တွင် ၁ ဒသမ ၁၀ လက်မ၊ ရွှေဘိုမြို့တွင် ၀ ဒသမ ၉၈ လက်မ၊ မိုးမိတ်မြို့တွင် ၀ ဒသမ ၉၄ လက်မနှင့် မိုးမိတ်(မြစ်ဆုံ) တွင် ၀ ဒသမ ၈၃ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Qin Gang အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Qin Gang တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

## ❖ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် နိုင်ငံရေးကဏ္ဍ၊ နိုင်ငံခြားရေးကဏ္ဍနှင့် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး

❒ *ရှေ့ဖုံးမှ*

ထိုသို့တွေ့ဆုံရာတွင် ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးက ယခုကဲ့သို့မိမိအနေဖြင့် မြန်မာနိုင်ငံသို့ ခရီးစဉ်လာရောက်ခြင်းမှာ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ချိန်တွင် ပထမဆုံးအကြိမ်အဖြစ် လာရောက်ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ခရီးစဉ်လာရောက်မှုမှာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ဖော်ပြနေသည်သာမက တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံဘက်မှ ရပ်တည်နေမှုကို ပြသခြင်းပင်ဖြစ်ကြောင်း ပြောကြားသည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

ယင်းနောက် နှစ်နိုင်ငံ သံတမန်ဆက်ဆံမှုနှင့် ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေများနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ကုန်သွယ်မှုများမြှင့်တင်ရေးတို့အတွက် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ စွမ်းအင်နှင့် လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် နိုင်ငံရေးကဏ္ဍ၊ နိုင်ငံခြားရေးကဏ္ဍနှင့် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

### လက်ဆောင်ပစ္စည်းများအပြန်အလှန်ပေးအပ်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Mr. Chen Hai နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Qin Gang ဦးဆောင်သောအဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

❖ **ဧပြီ ၁ ရက်မှစ၍ မြန်မာနိုင်ငံအတွင်း၌ အိမ်နီးချင်းနိုင်ငံများတွင် ဖြစ်ပွားနေသော အိုမီခရွန်မျိုးကွဲ (Arcturus) (အာတူးရပ်စ်) XBB.1.16 စတင်ကူးစက်မှုရှိသည်ကို စောင့်ကြည့်မှုအရ တွေ့ရှိရပြီး သင်္ကြန်ကာလ နောက်ပိုင်းတွင် ပိုမိုကူးစက်မှု အနည်းငယ်မြင့်တက်လာသည်ကို တွေ့ရှိရ၊ သို့သော်လည်း ယခင်ဖြစ်ပေါ်ခဲ့သည့် အိုမီခရွန်ကူးစက်မှုအနေအထားများနှင့် နှိုင်းယှဉ်ပါက စိုးရိမ်ဖွယ်ရာမရှိသည်ကို တွေ့ရှိရ၊ ထူးခြားချက်အနေဖြင့် ရောဂါပိုးတွေ့ရှိသူအများစုတွင် မျက်စိနာခြင်း၊ နားကိုက်ခြင်းများ ဖြစ်ပေါ်ကြသည်ကို ထူးခြားချက်တစ်ခုအဖြစ် မှတ်သားတွေ့ရှိရ**

❍ ကျောဖုံးမှ

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးကိုကို၊ ဒေါက်တာသွင်ဆန်း၊ ဒေါက်တာဉာဏ်ဝေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကူးစက်မှုအနည်းငယ်မြင့်တက်**

ဦးစွာ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ဧပြီ ၁ ရက်မှစ၍ မြန်မာနိုင်ငံအတွင်း၌ အိမ်နီးချင်းနိုင်ငံများတွင်ဖြစ်ပွားနေသော အိုမီခရွန်မျိုးကွဲ (Arcturus) (အာတူးရပ်စ်) XBB.1.16 စတင်ကူးစက်မှုရှိသည်ကို စောင့်ကြည့်မှုအရ တွေ့ရှိရပြီး သင်္ကြန်ကာလ နောက်ပိုင်းတွင် ပိုမိုကူးစက်မှု အနည်းငယ်မြင့်တက်လာသည်ကို တွေ့ရှိရကြောင်း၊ သို့သော်လည်း ယခင်ဖြစ်ပေါ်ခဲ့သည့် အိုမီခရွန် ကူးစက်မှုအနေအထားများနှင့် နှိုင်းယှဉ်ပါက စိုးရိမ်ဖွယ်ရာမရှိသည်ကို တွေ့ရှိရပြီး ဧပြီလ တစ်လအတွင်း ဧပြီ ၂၉ ရက်တွင် ရောဂါပိုး တွေ့ရှိသူ ၁၃၀ ၊ ကူးစက်မှုနှုန်း ၁ ဒသမ ၁၄ ရာခိုင်နှုန်းအထိ အမြင့်မားဆုံး ကူးစက်မှု ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိခဲ့ရာက ကျန်သည့်ရက်များ၌ ကူးစက်မှုနှုန်းသည် တစ်ရာခိုင်နှုန်းအောက်သာ ရှိသည်ကို တွေ့ရှိရကြောင်း၊ ကူးစက်ခံရသူများအနက် သေဆုံးမှုအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး နှစ်ဦး ရှိခဲ့ကြောင်း၊ ဧပြီ ၁ ရက်မှ မေ ၁ ရက်အထိ အိုမီခရွန် ဗီဇပြောင်းမျိုးကွဲအသစ်ကူးစက်ခံရသူ ၉၀၃ ဦးခန့် ကူးစက်ခံခဲ့ရသည်ကို တွေ့ရှိရကြောင်း၊ အိုမီခရွန် ဗီဇပြောင်းမျိုးကွဲအသစ်ဖြစ်သည့် (Arcturus) သည် သက်ဆိုင်ရာပညာရှင်များ၏ သုံးသပ်ချက်များအရ ယခင်ဖြစ်ပေါ်ခဲ့သည့် ကိုဗစ်မျိုးကွဲများလောက် ပြင်းထန်မှုမရှိဟု သုံးသပ်ထားကြကြောင်း၊ ထူးခြားချက်အနေဖြင့် ရောဂါပိုးတွေ့ရှိသူအများစုတွင် မျက်စိနာခြင်း၊ နားကိုက်ခြင်းများ ဖြစ်ပေါ်ကြသည်ကို ထူးခြားချက်တစ်ခုအဖြစ် မှတ်သားတွေ့ရှိရပြီး ဆက်လက်လေ့လာ ဆန်းစစ်၍ အသိပညာပေးမှုများ ဆောင်ရွက်ရာတွင် ထည့်သွင်းဖော်ပြသွားရန် လိုကြောင်း။

**စိုးရိမ်ဖွယ်ရာမရှိ**

ယနေ့ မိမိတို့ ကော်မတီအစည်းအဝေးပြုလုပ်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ အိုမီခရွန်ဗီဇပြောင်း မျိုးကွဲအသစ် (Arcturus) ဖြစ်ပွားလျက်ရှိသည်ဖြစ်သော်လည်း ဖြစ်ပွားမှုနှုန်း မြင့်တက်မှုမရှိစေရေး စောင့်ကြည့်ရန်၊ ထိန်းချုပ်ရန်၊ အသိပညာပေးရန်၊ ရောဂါဖြစ်ပေါ်မှုနှင့်ပတ်သက်၍ လိုအပ်သည်များကို အလျင်အမြန် တုံ့ပြန်ဆောင်ရွက်သွားရန်အတွက် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ယခုတွေ့ရှိရသည့် အိုမီခရွန် ဗီဇပြောင်းမျိုးကွဲအား ကုသရာတွင်



တစ်ကမ္ဘာလုံး၊ ဒေသတွင်းနိုင်ငံများနှင့် နိုင်ငံအလိုက် ဖြစ်ပွား၊ သေဆုံးမှုများအား နှိုင်းယှဉ်တင်ပြချက်
(၂၃-၄-၂၀၂၃) ရက်နေ့အထိ

| ဒေသအမည် | ၂၈ ရက် အတွင်း လူနာသစ် (%) | လွန်ခဲ့သော ၂၈ ရက်နှင့် ယှဉ်ပါက ပြောင်းလဲမှု * | ပိုးတွေ့လူနာ စုစုပေါင်း (%) | ၂၈ ရက် အတွင်း သေဆုံးသူ လူနာသစ် (%) | လွန်ခဲ့သော ၂၈ ရက်နှင့် ယှဉ်ပါက သေဆုံးမှု ပြောင်းလဲမှု * | သေဆုံးသူပေါင်း (%) |
|---|---|---|---|---|---|---|
| တစ်ကမ္ဘာလုံး | ၂၇၇၂,၇၇၄ | -၂၃% | ၇၆၄,၄၁၆,၁၅၆ | ၁၆,၆၁၅ | -၃၆% | ၆,၉၁၈,၄၃၄ |
| အရှေ့တောင်အာရှ | ၂၁၁,၉၆၉ | ၆၆၆% | ၆၁,၀၀၅,၉၈၃ | ၇၀၈ | ၃၀၅% | ၈၀၄,၇၂၆ |
| မြန်မာနိုင်ငံ | ၂၇၆ | ၇၀% | ၆၃၄,၃၄၉ | ၀ | ၀ | ၁၉,၄၉၀ |
| အိန္ဒိယနိုင်ငံ | ၁၈၇,၈၄၂ | ၉၃၆% | ၄၄,၈၉၁,၉၈၉ | ၄၉၈ | ၇၀၃% | ၅၃၁,၃၂၉ |
| အင်ဒိုနီးရှားနိုင်ငံ | ၁၉,၉၀၇ | ၁၃၇% | ၆,၇၆၃,၉၄၀ | ၁၈၃ | ၁၁၃% | ၁၆၁,၁၇၇ |
| ထိုင်းနိုင်ငံ | ၁,၈၅၈ | ၂၁၁% | ၄,၇၃၀,၄၉၀ | ၁၂ | -၅၀% | ၃၃,၉၄၇ |
| နီပေါနိုင်ငံ | ၁,၃၇၅ | ၁၅၅၇% | ၁,၀၀၂,၅၉၈ | | | ၁၂,၀၂၇ |
| မောလ်ဒိုက်နိုင်ငံ | ၄၇၀ | ၁၁၀၅% | ၁၈၆,၂၄၁ | | | ၃၁၃ |

၂၅-၂၀၂၃ ကျန်းမာရေးဝန်ကြီးဌာန ၄

လည်း ယခင်ကိုဗစ်-၁၉ မျိုးကွဲများကုသရာတွင် အသုံးပြုသည့် ဆေးဝါးများဖြင့် ဆက်လက်ကုသနိုင်ကြောင်း သိရသဖြင့် စိုးရိမ်ဖွယ်ရာမရှိကြောင်း၊ ကာကွယ်ဆေးများကို မှန်မှန်ကန်ကန် ဆက်လက်ထိုးနှံသွားရန်၊ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို ယခင်အတိုင်း ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ စိုးရိမ်ရခြင်းမရှိဟု ဆိုရာတွင်လည်း ပေါ့ဆ၍ ရမည်မဟုတ်ကြောင်း၊ စတင်ဖြစ်ပေါ်ကတည်းကပင် နိုင်နိုင်နင်းနင်း ဖိဖိစီးစီး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ရောဂါကာကွယ် ထိန်းချုပ်ကုသရေးနှင့် ပတ်သက်၍ Test Kit လိုအပ်ချက်များ၊ အောက်ဆီဂျင် လိုအပ်ချက်များ ပြည့်စုံမှု ရှိ၊ မရှိ၊ Quarantine စင်တာများ အသင့်ဖြစ်မှု စသည်တို့ကို စစ်ဆေးဆောင်ရွက်၍ အသင့်ပြင်ထားကြရမည်ဖြစ်ကြောင်း၊ လိုအပ်သည့်ဆေးဝါးများ လုံလောက်မှုရှိစေရေးနှင့် ကာကွယ်ဆေးထိုးနှံမှု အကြိမ်ရေပြည့်မီမှုရှိစေရေး စသည်တို့ကို ဆွေးနွေး၍ မိမိတို့ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ လုပ်ငန်းများကို ပြန်လည်စတင်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက လွန်ခဲ့သည့် ၂၈ ရက်အတွင်း ကမ္ဘာတစ်ဝန်း၊ ဒေသတွင်းနိုင်ငံများနှင့် နိုင်ငံအလိုက် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု၊ သေဆုံးမှု အခြေအနေများအား နှိုင်းယှဉ် တင်ပြချက်၊ အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ် XBB.1.16 (Arcturus) ကူးစက်မှု၊ မြန်မာနိုင်ငံတွင် လတ်တလောဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ (Variants) စစ်ဆေးတွေ့ရှိမှု၊ ပြည်တွင်း ကူးစက်ဖြစ်ပွားသူများနှင့် ပြည်ပပြန်များတွင် ရောဂါပိုးတွေ့ရှိမှု၊ လွန်ခဲ့သည့် ၁၄ ရက်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိမှု၊ ၂၀၂၃ ဧပြီလအတွင်း ကိုဗစ်-၁၉ ရောဂါ အစုလိုက်ဖြစ်ပွားကူးစက်မှု၊ ရောဂါပိုးတွေ့ရှိရသူများအား သီးခြားထားရှိမည့် အစီအစဉ်များ၊ ဦးတည်အသက်အုပ်စုအလိုက် ကာကွယ်ဆေး ထိုးနှံပြီးစီးမှု အခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး သိုလှောင်ထားရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် လက်ရှိကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု အခြေအနေများကို သုံးသပ်ချက်များနှင့် ဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ ပြည်သူလူထုထံ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အသိပေး တိုက်တွန်းနှိုးဆော်ချက်များတွင် ပါရှိသင့်သည့် လိုက်နာဆောင်ရွက်ရန်အချက်များကို Powerpoint presentation ဖြင့် ရှင်းလင်းတင်ပြသည်။

**ဆောင်ရွက်မှုအခြေအနေများ တင်ပြဆွေးနွေး**

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ဆက်စပ်ကဏ္ဍများအလိုက် ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လိုအပ်သည့် ဆေးဝါးများ၊ အောက်ဆီဂျင်နှင့် ကာကွယ်ရေးပစ္စည်းများ ပြည့်မီမှုရှိစေရေး၊ ကာကွယ်ဆေးထိုးနှံမှု အကြိမ်ရေ ပြည့်မီမှုရှိစေရေးနှင့် လတ်တလောဖြစ်ပွားလျက်ရှိသည့် အိုမီခရွန်ဗီဇ ပြောင်း မျိုးကွဲအသစ်နှင့်ပတ်သက်၍ အသိပညာ ရှိစေရေးတို့အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိမှု၊ ကိုဗစ်-၁၉ တတိယလှိုင်းကာလအတွင်း စေတနာ့ဝန်ထမ်းများနှင့် ပရဟိတ အဖွဲ့အစည်းများ ပူးပေါင်းပါဝင်ခဲ့မှုနှင့် လက်ရှိ ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းများတွင်လည်း ပါဝင်နိုင်ရေး နှိုးဆော်ထားရှိမှု၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ စက်ရုံအလုပ်ရုံများ၊ ပုဂ္ဂလိကစက်ရုံများမှ အောက်ဆီဂျင် ထုတ်လုပ်နိုင်မှုနှင့် အောက်ဆီဂျင်လိုအပ်ချက်အား ကျန်းမာရေးဝန်ကြီးဌာန၏ လိုအပ်ချက်အတိုင်း ပြည့်မီအောင် ထုတ်လုပ်နိုင်ရေး အသင့်ပြင်ဆင်ထားရှိမှု၊ လက်ရှိအချိန်အထိ ကမ္ဘာ့နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် မြန်မာနိုင်ငံတို့၌ အိုမီခရွန် ဗီဇပြောင်းမျိုးကွဲအသစ် (Arcturus) ကူးစက်ခံရမှုများနှင့် သုံးသပ်တွေ့ရှိရမှု၊ ကာကွယ် ထိန်းချုပ်ကုသနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကုသရေး ဆေးရုံများ၊ Quarantine Center များ ကြိုတင်ပြင်ဆင်ထားရှိမှု၊ နယ်စပ် ဝင်/ ထွက် ဂိတ်များမှ ဝင်ထွက်သွားလာမှုများကို ကိုဗစ်-၁၉ ကန့်သတ်ချက်များအညီဖြစ်စေရေး ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ အိုမီခရွန်ဗီဇပြောင်း မျိုးကွဲအသစ် XBB.1.16 (Arcturus) သည် ယခင်ကူးစက်ဖြစ်ပွားလျက်ရှိသည့် XBB.1 နှင့် XBB.1.15 တို့ထက် ကူးစက်မှုနှုန်း မြန်ဆန်သည်ဖြစ်သော်လည်း ရောဂါလက္ခဏာ ပိုမိုပြင်းထန်မှုမရှိသည်ကို လေ့လာသုံးသပ်ချက်များအရ တွေ့ရှိရမှု၊ ထိုသို့ တွေ့ရှိမှုများအရ ခရီးသွားလာမှုများ၊ လူစုလူဝေး ဆောင်ရွက်မှုများကို ကန့်သတ်ဆောင်ရွက်ရန်အထိ တင်းကျပ်ဆောင်ရွက်ရန်မလိုဘဲ လူတစ်ဦးချင်းစီ၏ အသိစိတ်ဓာတ်ဖြင့်သာ ကာကွယ်ဆောင်ရွက်နိုင်ကြောင်းကို သုံးသပ်တွေ့ရှိမှု၊ လူတစ်ဦးချင်းစီ၏ ကာကွယ်ဆေးထိုးနှံမှုမှတ်တမ်းများကို လွယ်ကူစွာ သိရှိနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ် ကုသရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုများ စနစ်တကျရှိစေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိမှု စသည့်အခြေအနေများကို တင်ပြဆွေးနွေးကြသည်။

**ရောဂါစစ်ဆေးမှုများကို မပျက်မကွက်ဆောင်ရွက်**

ထို့နောက် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က စိစစ်ချက်အရ ရန်ကုန်တိုင်းဒေသကြီးသည် တစ်လအတွင်း ၅၃၉ ဦးဖြင့် ကူးစက်မှုနှုန်းအများဆုံးဖြစ်ပြီး ကရင်ပြည်နယ်တွင် ၁၉၆ ဦးဖြင့် ဒုတိယ အများဆုံးဖြစ်သဖြင့် ကူးစက်မှုနှုန်းထပ်မံတိုးမြင့်မလာစေရေး စနစ်တကျ ထိန်းချုပ်ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ နယ်စပ်ဝင်ပေါက်များတွင် ဝင်ရောက်လာသူမှန်သမျှကို ကိုဗစ်-၁၉ ရောဂါ စစ်ဆေးမှုများကို မပျက်မကွက် ဆောင်ရွက်ရန်လိုပြီး ရောဂါပိုးတွေ့ရှိရသူများကို သတ်မှတ်နေရာများသို့ ပို့ဆောင်၍ ကုသမှုများ ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ယခင်ဖြစ်စဉ်များတွင် အစုအဖွဲ့အများဆုံးဖြစ်ပြီး ရောဂါပိုးတွေ့ရှိပါက ကူးစက်မှုအများဆုံးဖြစ်သည့် ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ စာသင်တိုက်များ စသည့်ကဲ့သို့ အစုအဖွဲ့များရှိသည့် နေရာများ၌ ကူးစက်မှုဖြစ်ပေါ်ပါက ဆက်နွှယ်နေသူများ အားလုံးကို ကြပ်ကြပ်မတ်မတ် စစ်ဆေးဆောင်ရွက်ရန်လိုကြောင်း၊ ကာကွယ်ထိန်းချုပ်ကုသရေးပစ္စည်း လိုအပ်ချက်များကိုလည်း အမြဲမပြတ် စစ်ဆေးဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် တက်ရောက်လာကြသူများ၏ ဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**“စိစစ်ချက်အရ ရန်ကုန်တိုင်းဒေသကြီးသည် တစ်လအတွင်း ၅၃၉ ဦးဖြင့် ကူးစက်မှုနှုန်း အများဆုံးဖြစ်ပြီး ကရင်ပြည်နယ်တွင် ၁၉၆ ဦးဖြင့် ဒုတိယအများဆုံးဖြစ်သဖြင့် ကူးစက်မှုနှုန်း ထပ်မံတိုးမြင့်မလာစေရေး စနစ်တကျ ထိန်းချုပ်ကြပ်မတ် ဆောင်ရွက်ရန်လို၊ နယ်စပ်ဝင်ပေါက်များတွင် ဝင်ရောက်လာသူ မှန်သမျှကို ကိုဗစ်-၁၉ ရောဂါ စစ်ဆေးမှုများကို မပျက်မကွက် ဆောင်ရွက်ရန်လိုပြီး ရောဂါပိုးတွေ့ရှိရသူများကို သတ်မှတ် နေရာများသို့ ပို့ဆောင်၍ ကုသမှုများ ဆက်လက်ဆောင်ရွက် သွားရန်လို”**

# မြန်မာ–တရုတ် နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မေ ၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ချင်ကန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မေ ၂ ရက်မှ ၄ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည်။

ခရီးစဉ်အတွင်း မေ ၂ ရက် ညနေ ၆ နာရီ မိနစ် ၄၀ တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ချင်ကန်းတို့ ဦးဆောင်၍ မြန်မာ–တရုတ် နှစ်နိုင်ငံဆွေးနွေးပွဲကို နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ ကျင်းပပြုလုပ်သည်။

နှစ်နိုင်ငံ ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာ




မြန်မာ–တရုတ် နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပစဉ်။



နိုင်ငံ၏ ပြည်တွင်းဖြစ်ပေါ် တိုးတက်မှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော် ဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံအကြား အကောင်အထည်ဖော်လျက်ရှိသည့် စီမံကိန်းများနှင့် မြန်မာ–တရုတ် စီးပွားရေးစင်္ကြံနှင့် ရပ်ဝန်းနှင့် ပိုးလမ်းမ စီမံကိန်းအောက်မှ ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားရေး၊ မြန်မာ–တရုတ် နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် နှစ်ဖက်နီးကပ်စွာ ဆက်လက် ပူးပေါင်းဆောင်ရွက်သွားရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာ အထူးသဖြင့် အာဆီယံ၊ ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် ကုလသမဂ္ဂတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအပြင် ဒေသတွင်းနှင့် နိုင်ငံတကာ အကျိုးတူကိစ္စရပ်များအပေါ် ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ညပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် တရုတ်ကိုယ်စားလှယ် အဖွဲ့အား နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ ညစာဖြင့်တည်ခင်း ဧည့်ခံခဲ့သည်။(ဝဲပုံ) **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပမည့် လဟာပြင်ကဇာတ်ရုံ၌ ပြင်ဆင်ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂**

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ ဆပ်ကော်မတီအလိုက် တာဝန်ရှိသူများနှင့်အတူ ယနေ့ ညနေပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမအနီးရှိ လဟာပြင်ကဇာတ်ရုံ၌ ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနား ကျင်းပရန် ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



## ကြိုတင်စီမံဆောင်ရွက်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးအား ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေး၊ ရိုက်ကူးထုတ်လွှင့်ပြသရေး၊ ဆုများချီးမြှင့်ရေး၊ ဆုရကောက်နုတ်ချက်များ ပြသရေး၊ အခမ်းအနား ပြင်ဆင်ရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး၊ ဧည့်ခံကျွေးမွေးရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ ကျန်းမာရေး၊ မီဒီယာများ နေရာချထားမှုနှင့် ကြီးကြပ်ရေး၊ စင်မြင့်ဆောက်လုပ်ပြီးစီးမှုအခြေအနေ၊ မီး / အသံ စနစ်များ တပ်ဆင်ပြီးစီးမှုဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက မေ ၆ ရက်တွင် ကျင်းပမည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို အဘက်ဘက်မှ လစ်ဟာမှုမရှိစေရေး ကြိုတင်စီမံဆောင်ရွက်ကြရန်၊ အခမ်းအနား တက်ရောက်မည့် အနုပညာရှင်များ စာရင်းကို ရရှိထားပြီးဖြစ်၍ တည်းခိုနေထိုင်စားသောက်ရေး၊ သွားလာရေးကိစ္စရပ်များကို သက်ဆိုင်ရာကော်မတီအလိုက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ထားရန်၊ မသမာသူ အဖျက်သမားများက မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲကို နည်းမျိုးစုံဖြင့် ပြစ်တင်ဝေဖန် နှောင့်ယှက်မှုများ ရှိလာနိုင်သည့်အတွက် ကြိုတင်စီမံဆောင်ရွက်ရမည့်လုပ်ငန်းများကို ဟန်ချက်ညီညီ ဆောင်ရွက်ထားရှိရန်၊ မည်သည့်အနှောင့်အယှက် အတားအဆီးများရှိစေကာမူ မိမိတို့၏ စိတ်စေတနာအမှန်ဖြင့် အောင်မြင်အောင် ဆောင်ရွက်သွားကြရန် ဆွေးနွေးပြောကြားသည်။

## ကြည့်ရှုစစ်ဆေးခဲ့

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အခမ်းအနားကျင်းပမည့် စင်မြင့် ပြင်ဆင်ထားရှိမှု၊ LED နှင့် မီးများ တပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ **(အပေါ်ဝဲပုံ)** **သတင်းစဉ်**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကိုရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားခြင်းများကို စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် မေ ၂**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကို ဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့် လျှောက်ထားလာသည့်အဖွဲ့ ၁၃ ဖွဲ့ရှိပြီး ယင်းသို့လျှောက်ထားသည့်အဖွဲ့များအနက် အောက်ပါအဖွဲ့နှစ်ဖွဲ့သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားချက်ကို ခွင့်ပြုလိုက်ကြောင်း သိရှိရသည် -

(၁) ရှမ်းနှင့် တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)

(၂) ဒီမိုကရက်တစ်ပါတီ

ပါတီတည်ထောင်ခွင့်ရရှိသော ဖော်ပြပါအဖွဲ့နှစ်ဖွဲ့သည် ခွင့်ပြုချက်ရရှိသည့် နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားရမည်ဖြစ်သည်။ ယနေ့အထိ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၅ ပါတီဖြစ်ကြောင်းနှင့် တည်ထောင်ခွင့်လျှောက်ထားသည့် ကျန်အဖွဲ့များကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ရခိုင့်ဦးဆောင်ပါတီ [Arakan Front Party (AFP)]ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၁၁ / ၂၀၂၃ )
၁၃၈၅ ခုနှစ် ၊ ကဆုန်လဆန်း ၁၄ ရက်
( ၂၀၂၃ ခုနှစ် ၊ မေလ ၂ ရက် )

**ရခိုင့်ဦးဆောင်ပါတီ [Arakan Front Party (AFP)]ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ မင်းဂံရပ်ကွက်၊ မင်းစောမွန်လမ်း၊ အိမ်အမှတ် (၁/ဃ/၁) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ရခိုင့်ဦးဆောင်ပါတီ [Arakan Front Party (AFP)]** ကို ၂၀၂၃ ခုနှစ်၊ မေလ ၂ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ရခိုင့်ဦးဆောင်ပါတီ [Arakan Front Party (AFP)]**၏ မှတ်ပုံတင်အမှတ်မှာ ( ၆ ) ဖြစ်ပါသည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ [Shan-Ni Solidarity Party (S.S.P)]ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၁၃ / ၂၀၂၃ )
၁၃၈၅ ခုနှစ် ၊ ကဆုန်လဆန်း ၁၄ ရက်
( ၂၀၂၃ ခုနှစ်၊ မေလ ၂ ရက် )

**ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ [Shan–Ni Solidarity Party (S.S.P)]ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အေးသာယာရပ်၊ မြို့ပတ်လမ်း၊ အမှတ် (၁/၈၉) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ [Shan–Ni Solidarity Party (S.S.P)]** ကို ၂၀၂၃ ခုနှစ်၊ မေလ ၂ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ [Shan–Ni Solidarity Party (S.S.P)]** ၏ မှတ်ပုံတင်အမှတ်မှာ ( ၈ ) ဖြစ်ပါသည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ [TAI-LENG NATIONALITIES DEVELOPMENT PARTY (T.N.D.P)] ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၁၂ / ၂၀၂၃ )
၁၃၈၅ ခုနှစ် ၊ ကဆုန်လဆန်း ၁၄ ရက်
( ၂၀၂၃ ခုနှစ်၊ မေလ ၂ ရက် )

**တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ [TAI–LENG NATIONALITIES DEVELOPMENT PARTY (T.N.D.P)] ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့နယ်၊ ရွာသစ်ကုန်းကျေးရွာအုပ်စု၊ အာလဝီကုန်းရပ်၊ အလ၀-၁၃ တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ [TAI–LENG NATIONALITIES DEVELOPMENT PARTY (T.N.D.P)]** ကို ၂၀၂၃ ခုနှစ်၊ မေလ ၂ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင် ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ [TAI–LENG NATIONALITIES DEVELOPMENT PARTY (T.N.D.P)]**၏ မှတ်ပုံတင်အမှတ်မှာ ( ၇ ) ဖြစ်ပါသည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၁၄ / ၂၀၂၃ )
၁၃၈၅ ခုနှစ် ၊ ကဆုန်လဆန်း ၁၄ ရက်
( ၂၀၂၃ ခုနှစ် ၊ မေလ ၂ ရက် )

**ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ (၈)ရပ်ကွက်၊ (၅)လမ်း၊ အမှတ် (၂၅၄) တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော **ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ**ကို ၂၀၂၃ ခုနှစ်၊ မေလ ၂ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ**၏ မှတ်ပုံတင်အမှတ်မှာ ( ၉ ) ဖြစ်ပါသည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မေ ၈ ရက်တွင် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နိုင် လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်ကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်

**နေပြည်တော် မေ ၂**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်း၌ မေ ၈ ရက်တွင် လေဖိအားနည်းရပ်ဝန်း (Low Pressure Area)တစ်ခု ဖြစ်ပေါ်နိုင်သည်။ အဆိုပါလေဖိအားနည်းရပ်ဝန်း (Low Pressure Area)သည် ပိုမိုအားကောင်းလာနိုင်ကာ မုန်တိုင်းငယ် (Depression) အဖြစ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်အရ သိရသည်။

မြန်မာ့အလင်း

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း စက်မှုဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်မည့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်နှင့်စစ်ကိုင်း)တို့မှ AGTI ဒီပလိုမာ ရရှိသည့် ကျောင်းသားကျောင်းသူများနှင့်တွေ့ဆုံ

**နေပြည်တော် မေ ၂**

စက်မှုဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်မည့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်နှင့်စစ်ကိုင်း) တို့မှ AGTI ဒီပလိုမာရရှိသည့် ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်သည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်မှုဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်မည့် ပြည်ထောင်စုတိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်နှင့်စစ်ကိုင်း)တို့မှ AGTI ဒီပလိုမာရရှိသည့် ကျောင်းသားကျောင်းသူများကို လှိုက်လှဲစွာ ကြိုဆိုပါကြောင်း၊ စက်မှုဝန်ကြီးဌာနကို ၂၀၂၁ ခုနှစ် မေ ၃ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ်၊ (၁၁၇/၂၀၂၁)အရ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနမှ စက်မှုဝန်ကြီးဌာန အဖြစ် ပြန်လည်ဖွဲ့စည်းခဲ့ပြီး ပြည်ထောင်စုဝန်ကြီးရုံး၊ စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ မြန်မာ့ဆေးဝါးလုပ်ငန်းတို့ ဖွဲ့စည်းထားရှိကြောင်း၊ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်နှင့်စစ်ကိုင်း) တို့မှ သင်တန်းဆင်း AGTI ဒီပလိုမာလက်မှတ်ရ ၁၅ ဦးကို လစာနှုန်း ၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀ တန်း၊ ထုတ်လုပ်ရေးကျွမ်းကျင် (၃)/ စက်မှုစီမံ (၃) စသည့် ရာထူးများဖြင့် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနသို့ လေးဦး၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းသို့ ငါးဦး၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းသို့ သုံးဦး၊ မြန်မာ့ဆေးဝါးလုပ်ငန်းသို့ သုံးဦးတို့ကို တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း။

သင်တန်းဆင်း မောင်တို့မယ်တို့အနက် အင်ဂျင်နီယာဘွဲ့သင်တန်းတက်ရောက်ရန် အဆင့်မီသူများကို လုပ်ငန်းခွင်တွင် တစ်နှစ် တာဝန်ထမ်းဆောင်စေပြီး နီးစပ်ရာ တက္ကသိုလ်များတွင် တာဝန်ချိန်အဖြစ် သတ်မှတ်၍ ဆက်လက် တက်ရောက်နိုင်ရေးကိုလည်း စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မောင်တို့မယ်တို့သည် နိုင်ငံ့ဝန်ထမ်းအဖြစ် စတင်တာဝန်ထမ်းဆောင်ကြမည်ဖြစ်သဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်များကို လိုက်နာကြရမည်ဖြစ်ကြောင်း၊ မောင်တို့မယ်တို့ တာဝန်ကျရာ ဦးစီးဌာန/ စက်မှုလုပ်ငန်းများ၊ စက်ရုံ၊ အလုပ်ရုံများတွင် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး ကိုယ်ကျင့်တရားကောင်းမွန်စွာဖြင့် ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဖွဲ့၊ လုံ့လ၊ ဝီရိယတို့ဖြင့် တာဝန်ထမ်းဆောင်ကြရန်နှင့် ဝန်ထမ်းကောင်းများအဖြစ် စံနမူနာပြဖြစ်အောင် ကျင့်ကြံနေထိုင် သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မောင်တို့ မယ်တို့သည် Associate of Government Technical Institute (AGTI) မှ အသိအမှတ်ပြုထားသည့် နည်းပညာကျွမ်းကျင်သူများ ဖြစ်ကြောင်း၊ နည်းပညာကျွမ်းကျင်သူများ အနေဖြင့် လုပ်ငန်းခွင်တွင် နှစ်နှစ် လက်တွေ့ဆောင်ရွက်ပြီးနောက် မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူများ ဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်နှင့် ဝန်ကြီးဌာနက အားကိုးရသည့် ဝန်ထမ်းများဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ဦးစီးဌာနနှင့် စက်မှုလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်မည့် သင်တန်းဆင်းများ၏ ရုံးအမိန့်စာများကို ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများထံ ပေးအပ်၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃)ကျင်းပရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ညှိနှိုင်းစည်းဝေး

**နေပြည်တော် မေ ၂**

မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃) ကျင်းပရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေ၊ ဒုတိယဝန်ကြီးများ၊ ပညာရေးနှင့်ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယအမြဲတမ်း အတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဝိုင်းဝန်းပူးပေါင်း**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ မြန်မာနိုင်ငံ၏အနာဂတ်ပညာရေး ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် ဆွေးနွေးညှိနှိုင်းရန် ချမှတ်ပေးထားသော ရည်ရွယ်ချက်များ ပြည့်မြောက်အောင်မြင်စေရန် ပညာရေးညီလာခံကို ခမ်းခမ်းနားနား ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ညီလာခံကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း လမ်းညွှန်မှာကြားထားသည့်အတိုင်း ချို့ယွင်းချက်မရှိ၊ အမှားအယွင်းမရှိအောင် ဝိုင်းဝန်းပူးပေါင်း ကျင်းပရမည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနနှင့်အတူ ပညာရေးဆိုင်ရာ အခြားဆက်စပ်ဝန်ကြီးဌာနများ ပူးပေါင်းပြီး ပထမဆုံးအကြိမ်အဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ကျင်းပသည့် ဤမြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃) ကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မိမိတို့ပါဝင်သည့် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီဆိုင်ရာ လုပ်ငန်းများကို အတူတကွပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။



**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ယင်းနောက် မြန်မာတစ်နိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃) ကျင်းပရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး(၁) အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းက ညီလာခံကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် မြန်မာတစ်နိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃) ကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌများက ညီလာခံကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု အစီအစဉ်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန် ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို နံနက်ပိုင်းတွင် ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၇)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲပြုလုပ်




**ပဲခူး မေ ၂**

(၇၇) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ စုပေါင်းသွေးလှူဒါန်းပွဲကို ပဲခူးမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးတွင် မေ ၂ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

စုပေါင်း သွေးလှူဒါန်းပွဲသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အစိုးရအဖွဲ့ဝန်ကြီးများက လိုက်လံကြည့်ရှုအားပေးပြီး သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များအား ကြက်ဥ၊ မုန့်၊ အားဆေး၊ ဆန်၊ဆီ၊ အချိုရည်များ ပေးအပ်ခဲ့ကာ သွေးလှူရှင် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။ **(ဝဲပုံ)**

အဆိုပါ စုပေါင်းသွေးလှူဒါန်းရာတွင် ပဲခူးတိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာနရုံးများနှင့် မီးသတ်နယ်မြေစခန်းများရှိ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိသားစုဝင်များ စုစုပေါင်း ၁၄၀ တို့မှ သွေးများ လှူဒါန်းခဲ့သည့်အပြင် ဆေးရုံတက်လူနာများနှင့် သွေးအလှူရှင် စုစုပေါင်း လူဦးရေ ၁၀၀၀ အား နေ့လယ်စာဖြင့် ထပ်မံလှူဒါန်းကျွေးမွေးခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ရွှေတိဂုံစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်တော်စုပေါင်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် မေ ၂

သာသနာတော်နှစ် ၂၅၆၆-၆၇ ကဆုန်လပြည့် ဗုဒ္ဓနေ့အား ရည်မှတ်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သံဃာတော် (၁၁၁၁၁) ပါးတို့ဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်တော် စုပေါင်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်တွင် ရွှေတိဂုံစေတီတော် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။





ရွှေတိဂုံစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာအခမ်းအနား ကျင်းပစဉ်။

ရှေးဦးစွာ ဆရာတော် သံဃာတော်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဧည့်ပရိသတ်များက အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြသည်။

ထို့နောက် စောင်းပညာရှင် ဦးထွန်းဝဏ္ဏစိုးနှင့် တွဲဖက်၍ တေးသံရှင်ခိုင်ဇင်ရွှေ က "ဗုဒ္ဓရောင်ခြည်တော်ဘွဲ့ ထူးမခြားနား" သီချင်းခံဖြင့် သီကျူးပူဇော်သည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒ ဆရာတော် အရှင်သူမြတ်ထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော် ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ဥပတ္ထမ္ဘကပြုလုပ်၍ ဆရာတော် သံဃာတော်များ ဦးဆောင်ကာ ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်ခြင်း၊ သံဃာတော် အရှင်မြတ်တို့အား ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ခြင်းတို့ကို ဆရာဒကာ အညီအညွတ် ပေါင်းစုပြုလုပ်ကြသည့် ကောင်းမှုမင်္ဂလာအဖြာဖြာတို့ကြောင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးတွင် မီတင်းနေထိုင် ကြကုန်သော ရဟန်းရှင်လူအပေါင်း၊ တိုင်းရင်းသား ပြည်သူအပေါင်းတို့ ဘေးဘယာဝေးကွာ၍ အေးငြိမ်းချမ်းသာရှိကြပြီး ကောင်းကျိုးလိုရာနှင့် ပြည့်စုံကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ဆရာတော် သံဃာတော် အရှင်သူမြတ်များအားလုံး သက်ရှည်ကျန်းမာစွာဖြင့် သာသနာအကျိုးကို သယ်ပိုး ထမ်းဆောင်တော် မူနိုင်ကြပါစေ၊ အလှူရှင် ပြည်သူများအနေဖြင့်လည်း သာသနာတော်မြတ်ကြီးအတွက် ဝိုင်းဝန်းထောက်ပံ့ လှူဒါန်းပူဇော်နိုင်ကြပါစေ၊ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးသည်လည်း အဓွန့်ရှည်ကြာစွာ တည်တံ့ထွန်းလင်း ပြန့်ပွားနိုင်ပါစေ၊ နိုင်ငံတော်တစ်ဝန်း၊ ကမ္ဘာတစ်ဝန်း ငြိမ်းချမ်းသာယာဝပြော၍ ဝေစည် တိုးတက်အောင်မြင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း လျှောက်ထားသည်။

ထို့နောက် ဆရာတော်ကြီးများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ တာဝန်ရှိသူများနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ ဒေါက်တာ ဘဒ္ဒန္တအဂ္ဂသာမိ ဆရာတော် အရှင်သူမြတ်က မပြည့်စုံမှု၊ မှားယွင်းမှုများရှိပါက ခွင့်လွှတ် သည်းခံတော်မူပါရန် အကြောင်း တောင်းပန်လျှောက်ထားပြီး နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ တိပိဋကရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ စေတိယင်္ဂဏ ပဝရသိရီ မဟာဓမ္မဂုရု၊ သ.စ.အ ဓမ္မာစရိယ (ဝဋ္ဋံသကာ) ပါဠိပါရဂူဘဒ္ဒန္တနာရဒါဘိဝံသ ဆရာတော်ထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက အနုမောဒနာတရားနာကြား၍ ရေစက်သွန်းလောင်း အမျှပေးဝေကြပြီး "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ဗုဒ္ဓါဘိသေက အနေကဇာတင် အခမ်းအနားကို ရွှေတိဂုံစေတီတော် အထက်ပစ္စယံ၌ ဆက်လက်ကျင်းပရာ ဆရာတော်သံဃာတော် (၁၁၁) ပါးနှင့် ပြည်သူ့ရင်ပြင်တွင် သီတင်းသုံးနေတော် မူကြသည့် ဆရာတော်သံဃာတော် (၁၁၀၀၀) ပါးတို့က ဥဒါန်းပါဠိတော်လာနည်းအတိုင်း ဗုဒ္ဓါဘိသိက်သွန်းလောင်းတော်မူသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများ၊ ဧည့်ပရိသတ်များက ရွှေတိဂုံစေတီတော်ရင်ပြင်တော်၌ ဆရာတော် သံဃာတော် (၁၁၁) ပါးနှင့် ပြည်သူ့ရင်ပြင်တွင် သီတင်းသုံးတော်မူကြသည့် ဆရာတော် သံဃာတော် (၁၁၀၀၀) ပါးတို့အား ဆွမ်းဆန်တော်များ စုပေါင်းလောင်းလှူကြပြီး အနုပညာရှင်များက ဓမ္မပူဇာတေးသီချင်းများဖြင့် ပူဇော်ကန်တော့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်သူ့ရင်ပြင်တွင် သီတင်းသုံးတော်မူကြသည့် ဆရာတော် သံဃာတော် (၁၁၀၀၀) ပါးတို့အား အလှူရှင်များက ဆွမ်းဆန်တော်များ စုပေါင်းလောင်းလှူကြစဉ်။



## မြောင်းမြမြို့၌ ရွှေတိဂုံစေတီပုံစံတူ စေတီတော်မြတ်ကြီး ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနား ကျင်းပ

မြောင်းမြ မေ ၂

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ ဗမော်သုံးခွကျေးရွာအုပ်စုရှိ အောက်ဝဲဒေါင့်ကျေးရွာ အောင်ချမ်းမြေ့ဓမ္မာရုံဝင်းအတွင်း၌ တည်ထားကိုးကွယ်မည့် ရွှေတိဂုံစေတီပုံစံတူစေတီတော်မြတ်ကြီး ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို မေ ၁ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြောင်းမြမြို့နယ် မဇ္ဈိမရောင်ခြည်ကျောင်းတိုက် ဆရာတော် အရှင်သူမြတ်ထံမှ ငါးပါးသီလခံယူ၍ တရားတော်မြတ်များ နာကြားပြီးနောက် လှူဒါန်းမှုအစုစုတို့ကို ရေစက်သွန်းချ အမျှပေးဝေသည်။ ထို့နောက် ရွှေတိဂုံစေတီပုံစံတူစေတီတော်မြတ်ကြီး ရတနာအုတ်မြစ်စီမင်္ဂလာကို မဇ္ဈိမရောင်ခြည်ကျောင်းတိုက် ဆရာတော်နှင့် အလှူရှင်များ၊ တာဝန်ရှိသူများက ဦးဆောင်ပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါ စေတီတော်မြတ်ကြီးအတွက် လှူဒါန်းလိုသည့် အလှူရှင်များသည် မဇ္ဈိမရောင်ခြည်ပရဟိတဆရာတော် ဘဒ္ဒန္တ ပညာနန္ဒနှင့် စေတီတော်ဖြစ်မြောက်ရေး ကော်မတီနာယက ဦးလှဝင်း (ဖုန်း-၀၉-၄၄၇၇-၄၁၂၃၀၊ ၀၉- ၇၈၂၁၃၅၉၆၆) တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လူရည်ချွန် ကျောင်းသား ကျောင်းသူများ တောင်ကြီးမြို့နှင့်ကျောက်တလုံးကြီးမြို့ရှိ သမိုင်းဝင်အထင်ကရ ရှေးဟောင်းဘုရားစေတီများဖူးမြော်



**တောင်ကြီး မေ ၂**

တောင်ကြီးလူရည်ချွန်အပန်းဖြေစခန်းမှလူရည်ချွန် ကျောင်းသားကျောင်းသူများသည် ကြီးကြပ်ဆရာ ဆရာမများ၊ လူရည်ချွန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့နှင့် ကျောက်တလုံးကြီး မြို့ရှိ သမိုင်းဝင်ရှေးဟောင်းဘုရား၊ စေတီများအား သွားရောက်ဖူးမြော်ကြသည်။

ဦးစွာ လူရည်ချွန်မောင်မယ်များသည် တောင်ကြီး မြို့ရှိ ရှေးဟောင်းသမိုင်းဝင် ရွှေဘုန်းပွင့်ဘုရားသို့ ရောက်ရှိပြီး စေတီတော်မြတ်အား ပန်း၊ ရေချမ်း များ ကပ်လှူပူဇော်၍ ဖူးမြော်ကန်တော့ကြသည်။ ထို့နောက် ရွှေဘုန်းပွင့်ဘုရား အနောက်ဘက်ရှိ တောင်ကြီးမြို့ ရှုမျှော်ခင်းကြည့်စင်တွင် တောင်ကြီး လူရည်ချွန် စခန်းမှူး၊ ကြီးကြပ်ဆရာ ဆရာမများနှင့် လူရည်ချွန်မောင်မယ်များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ကျောက်တလုံးကြီးမြို့ရှိရှေးဟောင်း သမိုင်းဝင် မွေတော်ကက္ကူဘုရားသို့ ရောက်ရှိကြရာ လူရည်ချွန်မောင်မယ်များကို ဒေသခံပအိုဝ်း တိုင်းရင်းသားများက အိုးစည်ဗုံမောင်းများ တီးခတ်၍ နွေးထွေးလှိုက်လှဲစွာ ကြိုဆိုကြသည်။ (ယာပုံ)

ဆက်လက်၍ လူရည်ချွန်အဖွဲ့များသည် မွေတော် ကက္ကူဘုရားစေတီများအား လှည့်လည်ဖူးမြော် ကြည်ညိုကြပြီး ဘုရားပရိဝုဏ်အတွင်း လေ့လာကာ ကျောက်တလုံးကြီး အခြေခံပညာအလယ်တန်း ကျောင်း၌ နေ့လယ်စာသုံးဆောင်ကြသည်။

ထို့နောက် လူရည်ချွန်အဖွဲ့များသည် တောင်ကြီး မြို့ကျက်သရေဆောင် စူဠာမုနိဘုရားကြီးသို့ရောက်ရှိ ကာ ပန်း၊ ရေချမ်းများ ဆက်ကပ်၍ ဖူးမြော်ကန်တော့ ကြပြီး အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။ ထိုမှတစ်ဆင့် လူရည်ချွန်အဖွဲ့များသည် တောင်ကြီး မြို့မဈေးကို လှည့်လည်လေ့လာ၍ အမှတ်တရ လက်ဆောင်ပစ္စည်းများ ဝယ်ယူကြသည်။

ညပိုင်းတွင် လူရည်ချွန်ကျောင်းသား ကျောင်းသူ များသည် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေး က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲနှင့် စခန်းပိတ်သိမ်းပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး ညစာစားပွဲအပြီးတွင် လူရည်ချွန်မောင်မယ်များ သည် တောင်ကြီးလူရည်ချွန် အပန်းဖြေစခန်းတွင် စခန်းသိမ်းပွဲအထိမ်းအမှတ် မီးပုံပွဲကို တပျော်တပါး စုပေါင်းဆင်နွှဲကြကြောင်း သိရသည်။

**သတင်းစဉ်**

# လူရည်ချွန် ကျောင်းသား ကျောင်းသူများ ပုဂံရှိ ယွန်းလုပ်ငန်း၊ ယွန်းပညာကောလိပ်၊ ပုဂံရှေးဟောင်းသုတေသနပြတိုက်တို့ကို လေ့လာ



**နေပြည်တော် မေ ၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦး မြို့နယ် ပုဂံလူရည်ချွန်စခန်းမှ လူရည်ချွန်ကျောင်းသား ကျောင်းသူ များသည် ယနေ့ နံနက်ပိုင်း တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေရှိ သမိုင်းဝင်အထင်ကရ ဘုရားစေတီများကို ဖူးမြော် လေ့လာကာ ပုဂံကမ္ဘာ့အမွေအနှစ် ဒေသရှိ ယွန်းလုပ်ငန်းများ၊ ယွန်း ပညာကောလိပ်၊ အောင်မြေကုန်း နန်းတော်ရာနှင့် ပုဂံရှေးဟောင်း သုတေသနပြတိုက်တို့ကို လေ့လာ ကြသည်။ (ဝဲပုံ)

ဦးစွာ လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ကြီးကြပ်သူ ဆရာ ဆရာမများနှင့်အတူ ပုဂံ ရှေးဟောင်းယဉ်ကျေးမှု နယ်မြေ ပုဂံမြို့သစ်ရှိ ဦးဘငြိမ်း ယွန်းထည် လုပ်ငန်းကို လည်းကောင်း၊ ပုဂံမြို့ဟောင်းရှိ ပုဂံယွန်းပညာ ကောလိပ်ယွန်းနီးစဉ် ခန်းမ၌ ယွန်းလုပ်ငန်း ပြုလုပ်ပုံအဆင့် ဆင့်ကိုလည်းကောင်း၊ သီရိဇေယျ ဘူမိ ပုဂံရွှေနန်းတော်ကြီးကို လည်းကောင်း၊ အနော်ရထာ မင်းကြီးနှင့် ကျန်စစ်သားမင်းကြီး တို့ နန်းစံခဲ့သည့် အောင်မြေကုန်း နန်းတော်ရာကို လည်းကောင်း၊ ပုဂံရှေးဟောင်းသုတေသန ပြတိုက် ကိုလည်းကောင်း လေ့လာကြ ရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံ ဌာနခွဲ) တာဝန်ရှိသူများ၊ ပုဂံ ရှေးဟောင်းသုတေသန ပြတိုက် တာဝန်ခံ ဒေါ်ခက်ခက်လှနှင့် ဝန်ထမ်းများ၊ ပုဂံယွန်းပညာ ကောလိပ်ဝန်ထမ်းများက ရှင်းလင်း ပြသကြရာ လူရည်ချွန်ကျောင်း သား ကျောင်းသူများက သိရှိ လိုသည်များ မေးမြန်းကြသည်။

**သတင်းစဉ်**

# ကောဒသမတန်း ကျောင်းသား ကျောင်းသူများ၏ လူရည်ချွန်စခန်း(ငွေဆောင်) စခန်းသိမ်းမီးပုံပွဲကျင်းပ



**ငွေဆောင် မေ ၂**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကောဒသမတန်း ကျောင်းသား ကျောင်းသူများ၏ လူရည်ချွန်စခန်း (ငွေဆောင်) စခန်းသိမ်းမီးပုံပွဲအခမ်းအနား ပထမပိုင်း ကို ယနေ့ညပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်ကမ်းခြေ ယမုံနာဦးဟိုတယ်၌ ပြုလုပ်ရာ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီး များနှင့် ၎င်းတို့၏ဇနီးများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူရည်ချွန်စခန်း (ငွေဆောင်)စခန်းမှူး ကြီးကြပ် ဆရာ ဆရာမများနှင့် လူရည်ချွန်ကျောင်းသား ကျောင်းသူများ တက်ရောက် ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့် အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားက လူရည်ချွန်ကျောင်းသား ကျောင်းသူများ၏ စခန်းသိမ်း မီးပုံပွဲဖြစ်ပါကြောင်း၊ ပျော်ပျော်ရွှင်ရွှင်ဖြစ်စေရန် ဖျော်ဖြေမှုများနှင့်အတူ စီစဉ်ပေးထားပါကြောင်း၊ လူရည်ချွန်ကျောင်းသား ကျောင်းသူများအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း လေ့လာရေးများ ဆောင်ရွက်ရင်း တစ်ဖက်တွင်လည်း ငွေဆောင် ကမ်းခြေ၌ အနားယူအပန်းဖြေခြင်း၊ ရေကူးခြင်းများ ပြုလုပ်နိုင်ပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် အမှတ်ရစရာများ ကျန်ခဲ့မည်ဟုထင်မြင်ပါကြောင်း၊ လာရောက်ကြသူများထဲတွင် ကျောင်းတစ်ကျောင်းနှင့် တစ်ကျောင်း မတူနိုင်ကြောင်း၊ ဆုံဆည်းခွင့်ရကြ သော်လည်း ကိုယ့်တိုင်းဒေသကြီး၌ပင် ကျောင်းစာ များဖြင့် တွေ့ဆုံရန်ခက်ခဲပါကြောင်း၊ ယခုလို သူငယ်ချင်းမိတ်ဆွေသစ်များနှင့် အချိန်တိုကာလ လေးတွင် ဆုံဆည်းခွင့်ရပြီး ပျော်ရွှင်မည်ဟုမျှော်လင့် ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များ အသင်း ငွေဆောင်ဇုန်မှ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ အလှူငွေများ ပေးအပ်သည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးတို့က လည်းကောင်း၊ ငွေဆောင်လူရည်ချွန် စခန်းမှူး၊ ငွေဆောင်ဟိုတယ်ဇုန် လုပ်ငန်းရှင်များအသင်းနှင့် ချောင်းသာ ဟိုတယ်ဇုန်လုပ်ငန်းရှင်များအသင်းတို့ မှလည်းကောင်း လူရည်ချွန်ကျောင်းသား ကျောင်းသူ များအား လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။ ထို့နောက် ကိုယ်စားပြုလူရည်ချွန်တစ်ဦးက ကျေးဇူး တင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ မီးပုံပွဲဒုတိယပိုင်းကို ဆက်လက် ကျင်းပရာ လူရည်ချွန်ကျောင်းသား ကျောင်းသူများ က စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်ဖြင့် ဝိုင်းဖွဲ့ သီဆိုခြင်း၊ မီးပုံးပျံလွှတ်တင်ခြင်းနှင့် မီးရှူးမီးပန်း ပစ်ဖောက်ခြင်းများ ဆောင်ရွက်ကြပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကောဒသမတန်း ကျောင်းသား ကျောင်းသူများ၏ လူရည်ချွန်စခန်း (ငွေဆောင်)ကို ပိတ်သိမ်းခဲ့သည်။ **(အပေါ်ပုံ)**

လူရည်ချွန်စခန်း(ငွေဆောင်)မှ လူရည်ချွန် ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်ပိုင်း တွင် ယမုံနာဦးဟိုတယ်၌ပြုလုပ်သည့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း အလုပ်အမှုဆောင်၊ တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်း နာယက ဒေါက်တာမောင်မောင်ဦး၏ Artificial Intelligence(AI) ဉာဏ်ရည်တု ICT ဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းဟောပြောခြင်းနှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်သူဦး ၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ကဏ္ဍဆိုင်ရာ သိကောင်းစရာဟောပြောခြင်း အခမ်းအနားများသို့ တက်ရောက်လေ့လာခဲ့ကြသည်။

**သတင်းစဉ်**

# စက်မှုဇုန်များအတွက် စက်သုံးဆီဝယ်ယူရာတွင် အဆင်ပြေချောမွေ့စေရေးဆွေးနွေး

**ရန်ကုန် မေ ၂**

စက်မှုဇုန်များအတွက် စက်သုံးဆီဝယ်ယူရာတွင် အဆင်ပြေချောမွေ့စေရေးညှိနှိုင်းဆွေးနွေးပွဲကို ဧပြီ ၃၀ ရက်က ကုန်သည်/စက်မှုအသင်းချုပ်၌ ကျင်းပရာ စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်က အမှာစကားပြောကြားပြီး ကော်မတီအတွင်းရေးမှူး ဦးမိုးမြင့်က စက်မှုဇုန်များ၏ စက်သုံးဆီလိုအပ်ချက်ဆိုင်ရာ ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။



ယင်းနောက် ကုန်သည်/စက်မှုအသင်းချုပ် အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်က အသင်းချုပ်အနေဖြင့် စက်မှုဇုန်များ၏ စက်သုံးဆီလိုအပ်ချက်ဆိုင်ရာ ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ စက်သုံးဆီများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် အသင်းချုပ်တွင်လည်း စက်သုံးဆီလွယ်ကူချောမွေ့စွာ ဝယ်ယူရရှိနိုင်ရေးအဖွဲ့ကို ဖွဲ့စည်းထားရှိကာ အသင်းချုပ်၏ ဒုတိယဥက္ကဋ္ဌ ဦးအေးထွန်းက ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး စက်မှုဇုန်လေးဇုန်မှ အုပ်ချုပ်မှုကော်မတီဝင်များနှင့် ညီနောင်အသင်းနှစ်သင်းမှ ကိုယ်စားလှယ်များဖြင့် ပါဝင်ဖွဲ့စည်းထားကြောင်း၊ Google Sheet အသုံးပြု၍ စက်သုံးဆီ ဝယ်ယူလျှောက်ထားရန် သတ်မှတ်ထားရှိပြီး နှစ်ပတ်တာကာလအတွင်း စက်မှုဇုန်တွင်းနှင့် ဇုန်ပြင်ပလုပ်ငန်းများတွင် စက်သုံးဆီရရှိမှုမှာ ပိုမိုအဆင်ပြေလာသည်ဟု ကြားသိရကြောင်း၊ ဇုန်ပြင်ပမှ လုပ်ငန်းများ အနေဖြင့်လည်း မိမိတို့၏သက်ဆိုင်ရာအသင်းအဖွဲ့ ထောက်ခံချက်ရယူ၍ မြန်မာနိုင်ငံစက်မှု ကုန်ထုတ်လုပ်သူများအသင်း(MIA)တွင် လျှောက်ထားပြီး ကုန်သည်/စက်မှုအသင်းချုပ်မှ အချက်အလက်များ စုစည်းတင်ပြခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသည့် သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ ညီနောင်အသင်းများမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စက်မှုဇုန်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိ ကိုယ်စားလှယ်များက စက်သုံးဆီဝယ်ယူရာ၌ ကြုံတွေ့ရသည့်အခြေအနေ၊ အခက်အခဲများနှင့် အကြံပြုချက်များကို တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**

# ၂၀၂၃ ခုနှစ် Grade-10 လူရည်ချွန်များ၏ အင်းလေးဒေသလေ့လာရေးခရီးစဉ်အပေါ် ရင်တွင်းစကားသံများ

*တွေ့ဆုံမေးမြန်းနှင့် ဓာတ်ပုံ – နေမျိုးသူရိန်*



ဦးစံလင်း



နန်းဇိန်းနူးမိုင်



မောင်အာကာမိုး



မောင်ရဲလင်းကျော်



နန်းချောစုစုသိမ့်

**၂၀၂၃ ခုနှစ် Grade-10 လူရည်ချွန်များသည် အင်းလေးဒေသအတွင်းရှိ အင်းလေးခေါင်တိုင် လူရည်ချွန်စခန်းဟောင်း၊ ကေလာကျေးရွာရှိ ရေပေါ်စိုက်ခင်းများ၊ ဟဲယာရွာမကျေးရွာရှိ ငွေထည်လုပ်ငန်း၊ အင်းလေးဖောင်တော်ဦးဘုရားတို့ကို ဧပြီ ၃၀ ရက်က ဖူးမြော်ကြည်ညို လေ့လာခဲ့ကြသည်။ အင်းလေးဒေသ၏ သဘာဝအလှတရားများ၊ ဓလေ့ထုံးတမ်းများ၊ အသက်မွေးဝမ်းကျောင်းပြုလုပ်ကိုင်ပုံများနှင့် ရိုးရာလက်မှုလုပ်ငန်းများကို လာရောက်လေ့လာခဲ့သည့် လေ့လာရေးခရီးစဉ်အပေါ် ရင်တွင်းစကားသံများကို ဤသို့ ကြားသိခဲ့ရသည်–**

**ဦးစံလင်း (စိန်သမာဓိ ငွေထည်လုပ်ငန်း၊ ဟဲယာရွာမ အင်းလေး)**

လူရည်ချွန် မောင်မယ်တွေဆိုတာ တစ်နေ့တစ်ချိန်မှာ ကျွန်တော်တို့နိုင်ငံရဲ့ ကောင်းမွန်တဲ့ ပွဲကိုင်ရှင်တွေ ဖြစ်လာမှာဖြစ်ပါတယ်။ ကျွန်တော်တို့ အင်းလေးကန်ကို လာရောက်လေ့လာတဲ့အခါမှာ အင်းလေးမှာ လက်တွေ့လုပ်ကိုင်နေကြတဲ့ လုပ်ငန်းတွေ၊ အင်းလေးကန်ရဲ့ အခြေအနေတွေကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့လည်း အခုလို မိရိုးဖလာလုပ်ငန်းတွေကို ပြသခွင့်ရတဲ့အတွက် အထူးပဲ ဝမ်းမြောက်မိပါတယ်။

**နန်းဇိန်းနူးမိုင်**
**(အထက–၂ ဗန်းမော် ကချင်ပြည်နယ်)**

အင်းလေးကန်ကို လာရောက်လေ့လာတဲ့ခရီးစဉ်မှာ ပထမဆုံး လှေစီးရတဲ့အတွက် စိတ်လှုပ်ရှားမိပါတယ်။ အင်းလေးကန်အတွင်းက ရေပေါ်မှာစိုက်တဲ့ စိုက်ခင်းလေးတွေကို တွေ့ရတဲ့အတွက် အလွန်ပဲ အံ့ဩမိပါတယ်။ လေ့လာလည်ပတ်ခွင့်ရတဲ့ နေရာတွေအားလုံး လေ့လာခွင့်ရတဲ့အတွက် အလွန်ပဲ ပီတိဖြစ်မိပါတယ်။

**မောင်အာကာမိုး (အထက (ပလစ–၂) အမရပူရ မန္တလေးတိုင်းဒေသကြီး)**

ဒီနေ့ခရီးစဉ်မှာ အလွန်ပဲ ပျော်ရွှင်မိပါတယ်။ ဘုရားတွေလည်း ဖူးရတယ်၊ မရောက်ဖူးတဲ့ နေရာတွေလည်း ရောက်ရတယ်၊ လူရည်ချွန်ဖြစ်ရတာလည်း ကိုယ့်ဘဝရဲ့ တစ်ဆစ်ချိုးမှာ ဂုဏ်ပုဒ်တစ်ခုဖြစ်ခဲ့ရပါတယ်။ နောင်လည်း အခုလိုမျိုး ဆက်လက်ကြိုးစားသွားပါ့မယ်။

**မောင်ရဲလင်းကျော် (အထက–၂ ခရမ်း ရန်ကုန်တိုင်းဒေသကြီး)**

အခုလိုမျိုး အင်းလေးကန်ကို လာရောက် လေ့လာခွင့်ရတဲ့အတွက် ပျော်ရွှင်မိပါတယ်။ တစ်ခါမှ မတွေ့ကြုံဖူးတဲ့ အတွေ့အကြုံတွေ၊ ဒေသန္တရ ဗဟုသုတတွေလည်း ရရှိပါတယ်။ ဖောင်တော်ဦးဘုရား ဖူးရတဲ့အတွက်လည်း အလွန်ကြည်နူးမိပါတယ်။ သူငယ်ချင်းတွေနဲ့ စက်လှေစီးရတာလည်း အလွန်ပျော်ပါတယ်။

**နန်းချောစုစုသိမ့်**
**(အထက–၁ ဘားအံ ကရင်ပြည်နယ်)**

အင်းလေးကို တစ်ခါမှ မရောက်ဖူးခဲ့ပါဘူး။ ဒီနေ့ လေ့လာခဲ့တဲ့ နေရာတွေကလည်း ဗဟုသုတတွေ အများကြီးရပါတယ်၊ ပျော်ဖို့လည်းကောင်းပါတယ်။ ဒီခရီးစဉ်မှာ သူငယ်ချင်း အသစ်တွေလည်း အများကြီး ရခဲ့ပါတယ်။ တောင်ကြီး၊ အင်းလေး ခရီးစဉ်ကို နောက်တစ်ခါ ထပ်လာချင်ပါသေးတယ်။

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် မေ ၂**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်လျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## တန်းဆင်းဇုန်မှ လွတ်မြောက်ရန် ရေကုန်ရေခန်းယှဉ်ပြိုင်ခဲ့သော်လည်း အဲဗာတန်ကို သရေကျခဲ့သည့် လက်စတာ

ပရီမီယာလိဂ် ပွဲစဉ် (၃၄) မှ မေ ၂ ရက် နံနက် ၁ နာရီခွဲက ကင်းပါဝါကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် လက်စတာနှင့် အဲဗာတန်အသင်းတို့ပွဲစဉ်တွင် အပြန်အလှန်သွင်းဂိုးများဖြင့် အကြိတ်အနယ်ရှိခဲ့သော်လည်း ပွဲအပြီးတွင် တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

တန်းဆင်းဇုန်အတွင်းမှ လွတ်မြောက်ရန် ရုန်းကန်နေရသည့်အသင်းနှစ်သင်း တွေ့ဆုံမှုဖြစ်သည့်အတွက် ယခင်ပွဲစဉ်တွေကထက် ပြိုင်ဆိုင်မှု ပြင်းထန်ခဲ့သည်။ ပွဲချိန် ၄၅ မိနစ်တွင် လက်စတာအသင်း ပယ်နယ်တီကန်သွင်းခွင့်ရရှိခဲ့သော်လည်း ဂျိမ်းစ်မက်ဒီဆင်ကန်သွင်းခဲ့ရာ ဂိုးသမား ကာကွယ်နိုင်ခဲ့သဖြင့် သရေကျရန် အကြောင်းဖန်လာခဲ့ခြင်းဖြစ်သည်။

ဦးဆောင်ဂိုးကို အဲဗာတန်ကစတင်ရရှိခဲ့ပြီး ကားဗက်လီဝင်က ပယ်နယ်တီမှတစ်ဆင့် သွင်းယူပေးခဲ့သည်။ ထို့နောက်တွင် လက်စတာအသင်းအတွက် ချေပဂိုးနှင့် ဒုတိယဂိုးကို ဆိုယွန်ကူနှင့် ဗာဒီတို့က သွင်းယူပေးနိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် အဲဗာတန်အသင်းမှ အီယိုဘီက ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် တစ်ဖက်နှစ်ဂိုးစီ သရေဖြစ်သွားခဲ့သည်။

ထို့နောက် လက်စတာအသင်းက ကစားအားကျလာသည့် အင်ဒီဒီ၊ ဘားနက်စ်နှင့် သောမတ်စ်တို့ကို အနားပေးကာ ဒါကာ၊ ဒင်းနစ်ပါရက်နှင့် ဗစ်တာခရစ္စတိန်ဆန်တို့ကို ထည့်သွင်းအသုံးပြုခဲ့သော်လည်း ပွဲချိန်ပြည့်သည်အထိ ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် တစ်ဖက်နှစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့ခြင်းဖြစ်သည်။

ယခုပွဲသရေကျမှုကြောင့် ၃၄ ပွဲကစားပြီး လက်စတာက ရမှတ် ၃၀၊ အဲဗာတန်က ရမှတ် ၂၉ မှတ်ဖြင့် တန်းဆင်းဇုန်အတွင်း ဆက်လက်ရပ်တည်နေပြီး လာမည့်နှစ်ပရီမီယာလိဂ်တွင် တင်ကျန်ရန် နှစ်သင်းစလုံး လက်ကျန်ပွဲစဉ်များကို မဖြစ်မနေ ရလဒ်ကောင်းရရှိရေး ကြိုးပမ်းအားထုတ်ရတော့မည် ဖြစ်သည်။

**အောင်ဇော်**

# တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ၂၀၂၃ ခုနှစ် မိုးရာသီအကြိုနှင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ၃၇၁ ကြိမ်၊ ပျိုးပင် ၂၂၆၀၀၀ ကျော် စိုက်ပျိုးဆောင်ရွက်သွားမည်

**နေပြည်တော် မေ ၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် ရန်အောင်မြင်ကြိုးဝိုင်း အကွက်အမှတ် (၁၄) အတွင်းရှိ ၂၀၂၃ ခုနှစ် မိုးရာသီအကြို လူထုလှုပ်ရှားမှုဖြင့် သစ်ပင်စိုက်ပျိုးပွဲကျင်းပမည့် မြေနေရာ ၆ ဒသမ ၆ ဧက မြေနေရာရှင်းလင်းခြင်း၊ ပန္နက်ရိုက်ခြင်း၊ ကျင်းတူးခြင်း၊ မြေဆွေးထည့်ခြင်းနှင့် ကျင်းဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြ၍ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ယခု မိုးရာသီအကြို သစ်ပင်စိုက်ပွဲတွင် စီးပွားရေးအရ အရေးပါသော ကျွန်း၊ ပျဉ်းကတိုးသစ်မျိုးများ၊ ရာသီအလိုက် ပန်းပွင့်သည့် သစ်မျိုးများ၊ အကြီးမြန်သစ်မျိုးများနှင့် အရိပ်ရ လေကာသစ်မျိုးများ စုစုပေါင်းသစ်မျိုး ၁၃ မျိုး၊ ပျိုးပင်ပေါင်း ၁၉၈၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးသွားမည်ဖြစ်ပြီး တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ၂၀၂၃ ခုနှစ် မိုးရာသီအကြိုနှင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ၃၇၁ ကြိမ်၊ ပျိုးပင် ၂၂၆၀၀၀ ကျော် စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်အောင်မြင်ကြိုးဝိုင်း အကွက်အမှတ် (၁၃) ရှိ မြေနေရာ ၇ ဒသမ ၅၃ ဧကအတွင်း ၂၀၂၂ ခုနှစ် မိုးရာသီအကြို ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် စိုက်ပျိုးခဲ့သော သစ်ပင်များ၏ ရှင်သန်အောင်မြင်မှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်သွားရန် မှာကြားသည်။ ၂၀၂၂ ခုနှစ် မိုးရာသီအကြို ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် သစ်မျိုး ၃၅ မျိုး၊ ပျိုးပင် ၃၃၇၂ ပင် စိုက်ပျိုးခဲ့ပြီး ယခုအခါ ရှင်သန်ပင် ၉၇ ရာခိုင်နှုန်း၊ ပျမ်းမျှအပင်အမြင့် ၇ ပေ ၆ လက်မနှင့် အမြင့်ဆုံးအပင်အမြင့်မှာ ၁၀ ပေ ၆ လက်မရှိကြောင်း သိရသည်။



**သတင်းစဉ်**

## အိမ်မဲမြို့နယ်၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့နှင့် စပ်မျိုးစပါးပေးအပ်ပွဲ ကျင်းပ



**အိမ်မဲ မေ ၂**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် တကောကျေးရွာတွင် မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ပွဲနှင့် တစ်ဧက ၁၀၀ တင်း တိုးထွက်ရှိရေးအတွက် GW-11 စပ်မျိုးစပါးမျိုးစေ့များ ပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ရေးဦးစွာ အိမ်မဲမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသက်ကိုကိုဦးနှင့် တာဝန်ရှိသူများက တောင်သူများအား သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ဧက ၁၅၀ အတွက် တစ်ဧကလျှင် လေးပြည်နှုန်း၊ GW- 11 စပ်မျိုးစပါးနှင့် အခြားအထွက်နှုန်းကောင်း မျိုးစပါး မျိုးစေ့များ ပေးအပ်သည်။

လယ်ယာစိုက်ပျိုးမြေများတွင် သစ်စိမ်းမြေဩဇာ ပိုက်ဆံလျှော် စိုက်ပျိုးခြင်းဖြင့် အချိန်တိုကာလအတွင်း သစ်စိမ်းမြေဩဇာ၊ ဇီဝမြေဩဇာနှင့် သစ်ဆွေးဓာတ်များ ရရှိနိုင်၍ လယ်ယာမြေအတွင်းရှိ ပေါင်းပင်များကို နှိမ်နင်းနိုင်ပြီး အကျိုးပြု အဏုဇီဝပိုးများ၊ မြေဆီလွှာအတွင်းရှိ အကျိုးပြုသက်ရှိများကိုလည်း အသက်ရှင် တိုးပွားစေနိုင်ကြောင်း၊ ပိုက်ဆံလျှော် သီးနှံစိုက်ပျိုးရာတွင် ရာသီဥတုအခြေအနေပေးပါက တစ်ဧကလျှင် သစ်စိမ်းမြေဩဇာ ငါးတန်မှ ခုနစ်တန်အထိ ရရှိနိုင်ပြီး ပုလဲဓာတ်မြေဩဇာ နှစ်အိတ်နှင့် ညီမျှသော နိုက်ထရိုဂျင်ဓာတ်များ ရရှိနိုင်ကြောင်း၊ဓာတ်မြေဩဇာ သုံးစွဲမှုအား လျှော့ချနိုင်ပြီး သဘာဝပတ်ဝန်းကျင်ရှိ မြေဆီလွှာနှင့်ရေတို့ကို ဓာတုအဆိပ်သင့်မှု လျော့နည်းစေကာ မြေဆီလွှာ၏ ချဉ်ငံဓာတ်ကိုလည်း ထိန်းညှိပေးသည့် အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်းနှင့် GW- 11 စပ်မျိုးစပါးမျိုးစေ့များကို တစ်ဧက ၁၀၀ တင်းတိုးထွက်ရှိရေးအတွက် ပြောင်းလဲစိုက်ပျိုးရန် မျိုးစေ့များ ပေးအပ်ရခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဦးက ပြောကြားသည်။

**ချစ်သက်လယ်(အိမ်မဲ)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၅-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၂၀ | ၂၀၇၀ | ၂၀၆၀ | ၂၀၃၀ | ၂၀၆၅ | ၂၀၉၀ | ၂၀၇၅ | ၂၀၅၀ | ၂၁၅၀ | ၂၁၆၅ | ၂၀၆၀ | ၂၀၇၀ | ၂၁၀၅ | ၂၁၀၅ | ၂၁၁၀ | ၂၃၃၅ | ၂၈၁၀ |
| 95 Ron | ၂၀၉၅ | ၂၁၄၅ | ၂၁၄၀ | ၂၁၀၀ | ၂၁၄၀ | ၂၁၆၅ | ၂၁၅၀ | ၂၁၂၅ | ၂၂၂၅ | ၂၂၄၀ | ၂၁၃၅ | ၂၁၅၀ | ၂၁၈၀ | ၂၁၈၀ | ၂၁၈၀ | ၂၄၁၀ | ၂၈၈၅ |
| HSD (500 ppm) | ၁၉၁၅ | ၁၉၆၅ | ၁၉၆၀ | ၁၉၂၅ | ၁၉၆၀ | ၁၉၈၅ | ၁၉၈၀ | ၁၉၅၀ | ၂၀၆၅ | ၂၀၆၀ | ၁၉၅၅ | ၁၉၆၅ | ၂၀၀၀ | ၂၀၀၀ | ၂၀၀၅ | ၂၂၃၀ | ၂၉၀၀ |
| HSD (50 ppm) | ၁၉၉၅ | ၂၀၄၅ | ၂၀၄၀ | ၂၀၀၅ | ၂၀၄၀ | ၂၀၆၅ | ၂၀၆၀ | ၂၀၃၀ | ၂၁၄၅ | ၂၁၄၀ | ၂၀၃၅ | ၂၀၄၅ | ၂၀၈၀ | ၂၀၈၀ | ၂၀၈၅ | ၂၃၁၀ | ၂၉၃၀ |
| HSD (10 ppm) | ၁၉၉၅ | ၂၀၄၅ | ၂၀၄၀ | ၂၀၀၅ | ၂၀၄၀ | ၂၀၆၅ | ၂၀၆၀ | ၂၀၃၀ | ၂၁၄၅ | ၂၁၄၀ | ၂၀၃၅ | ၂၀၄၅ | ၂၀၈၀ | ၂၀၈၀ | ၂၀၈၅ | ၂၃၁၀ | ၂၉၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၁၄ | ၁၉၈၆ |
| 95 Ron | ၁၉၈၆ | ၂၀၆၀ |
| HSD (500 ppm) | ၁၈၁၆ | ၁၈၈၂ |
| HSD (50 ppm) | ၁၈၉၀ | ၁၉၅၇ |
| HSD (10 ppm) | ၁၈၉၀ | ၁၉၅၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# ၂၀၂၃ ခုနှစ် ရေကြောင်းနှင့် လေကြောင်း လူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

**နေပြည်တော် မေ ၂**

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာ ကျွမ်းကျင်သောအနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော် (ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်း(အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်း လူငယ်သင်တန်း (အငယ်တန်းအဆင့်)ဖွင့်ပွဲများကို ဧပြီ ၂၄ ရက်တွင် သက်ဆိုင်ရာမြို့နယ်များရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။



ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၈၅ ဦး၊ တနင်္သာရီတိုင်းဒေသကြီး ဟိန်းဇဲမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၀ ၊ ရန်ကုန်တိုင်းဒေသကြီးရှိ အင်းယားရေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၉၇ ဦးနှင့် ကိုကိုးကျွန်းမြို့ရှိရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၇၁ ဦးတို့ကို သက်ဆိုင်ရာနယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာမြို့နယ်များရှိ တပ်မတော် (ရေ) ရေကြောင်းလူငယ်စခန်း ၁၁ ခု၌ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၇၁၂ ဦးတို့ကိုလေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အလားတူ တပ်မတော်(လေ) က အခြေခံလေကြောင်း လူငယ်သင်တန်း (အကြီးတန်းအဆင့်) နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း (အငယ်တန်းအဆင့်) သင်တန်းများကို ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ရှိ လေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၀၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ လေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၀၊ မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ မကွေးလေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၄၀ နှင့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ လေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၀ တို့ကို သက်ဆိုင်ရာနယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာမြို့နယ်များရှိ တပ်မတော်(လေ) လေကြောင်းလူငယ်စခန်း ၁၇ ခု၌ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၈၀ တို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။



ထိုသို့ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း(အငယ်တန်းအဆင့်)သင်တန်းများ လေ့ကျင့်သင်ကြား ပို့ချနေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သင်တန်းသား သင်တန်းသူများနှင့် သင်တန်းနည်းပြများအတွက် ထောက်ပံ့ငွေများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# သမ္မတ ယွန်ဆက်ယိုးလ်နှင့် တွေ့ဆုံဆွေးနွေးရန် တောင်ကိုရီးယားနိုင်ငံသို့ သွားရန် ဂျပန်ဝန်ကြီးချုပ် စီစဉ်နေ



**တိုကျို မေ ၂**

ဂျပန်ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါသည် သမ္မတ ယွန်ဆက်ယိုးလ်နှင့် တွေ့ဆုံဆွေးနွေးရန် မေ ၇ ရက်မှစတင်ပြီး တောင်ကိုရီးယားနိုင်ငံသို့ နှစ်ရက်ကြာခရီးသွားရန် စီစဉ်ထားကြောင်း ပြောသည်။ မေ ၁ ရက်က ဂါနာနိုင်ငံသို့ရောက်ရှိစဉ် ဂျပန် - တောင်ကိုရီးယား ထိပ်သီးဆွေးနွေးပွဲအတွက် ပြင်ဆင်နေကြောင်း ၎င်းက သတင်းထောက်များအား ပြောကြားခဲ့ခြင်း ဖြစ်သည်။

**လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကို အတည်ပြုသွားဖွယ်ရှိ**

ထို့ကြောင့် အဆိုပါ ခရီးစဉ်သည် ၂၀၁၈ ခုနှစ်က ရှင်ဇိုအာဘေး အလည်အပတ်ရောက်ရှိပြီးနောက် တောင်ကိုရီးယားနိုင်ငံသို့ ဂျပန်ဝန်ကြီးချုပ်တစ်ဦး အနေဖြင့် ပထမဆုံးသွားရောက်သည့် ခရီးစဉ်လည်း ဖြစ်လာမည် ဖြစ်သည်။ ထိုကဲ့သို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံခေါင်းဆောင်များသည် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကို အတည်ပြုသွားဖွယ်ရှိကြောင်း သိရသည်။

ထို့နောက် နှစ်နိုင်ငံခေါင်းဆောင်များသည် နှစ်နိုင်ငံအကြား ပို့ကုန်ထိန်းချုပ်မှုများအပြင် ဆီမီးကွန်ဒတ်တာနှင့် အခြားသောနယ်ပယ်ကဏ္ဍများတွင် စီးပွားရေးဆိုင်ရာ လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုကိုလည်း ဆွေးနွေးသွားဖွယ်ရှိသည်။

ကီရှီဒါနှင့် ယွန်ဆက်ယိုးလ်တို့သည် မတ်လတွင် တိုကျို၌ တွေ့ဆုံစဉ်အတွင်း နှစ်နိုင်ငံဆက်ဆံရေး ပုံမှန်ပြန်လည်တည်ဆောက်ရန်နှင့် ဆယ်စုနှစ်တစ်စုကျော်အတွင်း ပထမဆုံးအကြိမ် နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန်လည်ပတ်မှု ပြန်လည်စတင်ရန် သဘောတူခဲ့ကြသည်။

**မေ ၅ ရက်တွင် ဂျပန်သို့ ပြန်လည်ရောက်ရှိမည်**

ကီရှီဒါသည် လက်ရှိတွင် အာဖရိက လေးနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့သို့ ခရီးထွက်ခွာလျက်ရှိပြီး မေ ၅ ရက်တွင် ဂျပန်နိုင်ငံသို့ ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယားသမ္မတရုံးကလည်း ဂျပန်ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါနှင့် ၎င်း၏ဇနီး ယူကိုတို့ တောင်ကိုရီးယားနိုင်ငံသို့ နှစ်ရက်ကြာလာရောက်မည်ဖြစ်ကြောင်း မေ ၂ ရက်က ထုတ်ပြန်ကြေညာထားသည်။

**အင်န်အိတ်ချ်ကေ**



လာအိုသမ္မတ ထောင်လွန်းဆီဆုလစ် (ရှေ့တန်း) ကို တွေ့ရစဉ်။

# လာအိုနိုင်ငံသမ္မတ ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတော်ခရီးစဉ်သွားရောက်မည်

**ဖနောင်ပင် မေ ၂**

လာအိုသမ္မတ ထောင်လွန်းဆီဆုလစ် သည် ကမ္ဘောဒီးယားနိုင်ငံသို့ မေ ၄ ရက်မှ ၆ ရက်အထိ နိုင်ငံတော်ခရီးစဉ် လာရောက်မည်ဖြစ်ပြီး (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့လည်း တက်ရောက်သွားမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ မေ ၂ ရက် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြလိုက်သည်။

ကမ္ဘောဒီးယားနိုင်ငံ ဘုရင် နိုရိုဒွန်ဆီဟာမိုနီ၏ဖိတ်ကြားချက်အရ ယခုခရီးစဉ်ဖြစ်ပေါ်လာခြင်း ဖြစ်သည်။

လာအိုသမ္မတခရီးစဉ်သည် ရှိရင်းစွဲကောင်းမွန်သောဆက်ဆံရေးကို ပိုမိုခိုင်မာစေမည်ဖြစ်ပြီး အိမ်နီးချင်းကောင်းနှင့် ညီရင်းအစ်ကိုဆက်ဆံရေးဖြစ်ထွန်းစေရန်သာမက နှစ်နိုင်ငံပြည်သူများ အပြန်အလှန်အကျိုးရှိစေရန်အတွက် ဘက်စုံနှင့် ရေရှည်တည်တံ့သော မဟာဗျူဟာမိတ်ဖက်ဆက်ဆံရေးကို တိုးတက်ကောင်းမွန်စေမည်ဖြစ်သည်။

လာအိုသမ္မတနှင့် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်တို့သည် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များနှင့်အတူ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို သီးသန့်ဆွေးနွေးသွားမည်ဖြစ်သည်။

လာအိုသမ္မတသည် မော်ရိုဒေါ်ခ်တက်ခနိုအမျိုးသားအားကစားရုံ၌ မေ ၅ ရက်တွင် ကျင်းပမည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အရှေ့တောင်အာရှအားကစားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မည် ဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံသည် ၆၄ နှစ်အတွင်း ပထမဆုံးအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို မေ ၅ ရက်မှ ၁၇ ရက်အထိ လက်ခံကျင်းပမည်ဖြစ်သည်။

**ဆင်ဟွာ**

# ဆူဒန်၌ နေရပ်စွန့်ခွာသူ ၈၀၀၀၀၀ အထိ ရောက်ရှိလာ

**ခါတွန် မေ ၂**

လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အရန်တပ်ဖွဲ့ဝင်များအကြား ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများကြောင့် ဆူဒန်နိုင်ငံမှ ထွက်ပြေးလာသူပေါင်း ၈၀၀၀၀၀ ကျော် ရှိလာပြီဖြစ်ကြောင်း ကုလသမဂ္ဂဒုက္ခသည်အေဂျင်စီ က သတိပေးပြောကြားခဲ့သည်။

အိမ်နီးချင်းတိုင်းပြည်များသို့ ထွက်ပြေးသူပေါင်းမှာ ၁၀၀၀၀၀ ကျော်ရှိလာပြီဖြစ်ကြောင်း ကုလသမဂ္ဂဒုက္ခသည်ဆိုင်ရာ မဟာမင်းကြီးရုံးက မေ ၂ ရက်က အစောပိုင်းက ပြောကြားခဲ့သည်။

အဆိုပါပဋိပက္ခကို ချက်ချင်းမဖြေရှင်းနိုင်ပါက နေရပ်စွန့်ခွာသူဦးရေမှာ ၈၁၅၀၀၀ အထိ ရောက်ရှိလာနိုင်ကြောင်း ကုလသမဂ္ဂအေဂျင်စီက မေ ၂ ရက် အစောပိုင်းက ပြောကြားခဲ့ကြောင်း သိရသည်။

ပဋိပက္ခကြောင့် ချဒ်နှင့် အီဂျစ်နိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများသို့ ထွက်ပြေးသူဦးရေမှာ ပိုမိုမြင့်တက်လာစေမည်ဖြစ်ကြောင်း အရာရှိတစ်ဦးက သတိပေးပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

# အီရန်သမ္မတ အီဗရာဟင် ရိုင်စီ၏ ဆီးရီးယားခရီးစဉ်အတွင်း စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရေး ဆွေးနွေးဖွယ်ရှိ

**တီဟီရန် မေ ၂**

အီရန်သမ္မတ အီဗရာဟင် ရိုင်စီသည် မေ ၃ ရက်တွင် ဆီးရီးယားနိုင်ငံသို့ နှစ်ပေါင်း ၁၃ နှစ် အတွင်း အီရန်သမ္မတတစ်ဦးအနေဖြင့် ပထမဆုံးအကြိမ်သွားမည်ဖြစ်ကြောင်း မေ ၁ ရက်က အိုင်အာရ်အင်န်အေသတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။



အီရန်သမ္မတ အီဗရာဟင် ရိုင်စီ

နှစ်ရက်ကြာခရီးစဉ်အတွင်း သံတမန် ဆက်ဆံရေးပိုမိုခိုင်မာစေရန်၊ စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန် ရည်ရွယ်ကာ နှစ်နိုင်ငံ အကြီးတန်းအရာရှိများအနေဖြင့် တွေ့ဆုံဆွေးနွေးမှု ပြုလုပ်သွားဖွယ်ရှိကြောင်း သိရသည်။ အိုင်အာရ်အင်န်အေ၏ ထုတ်ပြန်ချက်အရ ရိုင်စီသည် ဆီးရီးယားနိုင်ငံ၌ နေထိုင်လျက်ရှိသော အီရန်နိုင်ငံသားများနှင့် တွေ့ဆုံမှုအပြင် အီရန်နှင့် ဆီးရီးယားကုန်သည်များ ပြုလုပ်သောအစည်းအဝေးကိုလည်း တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

မေ ၁ ရက်က ပြုလုပ်သောအပတ်စဉ် သတင်းစာရှင်းလင်းပွဲတစ်ခု၌ အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ နက်ဆာကန်နာနီက အီရန်နှင့် ဆီးရီးယားနိုင်ငံတို့သည် အထူးသဖြင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးတွင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုရှိခဲ့ကြသည့်အတွက် အနောက်အာရှတွင် အရေးပါပြီး ဩဇာလွှမ်းမိုးမှုရှိသော နိုင်ငံများဖြစ်ကြောင်း ပြောသည်။

ထို့အပြင် အီရန်နိုင်ငံသည် ဆီးရီးယားဘက်မှ ရပ်တည်ရန် အဆင်သင့်ရှိကြောင်း၊ နိုင်ငံတွင်းပြင်းထန်သော စစ်မက်ဖြစ်ပွားပြီးနောက် ဆီးရီးယားနိုင်ငံ ပြန်လည်ထူထောင်ရေးတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သွားမည်ဖြစ်ကြောင်းနှင့် ခက်ခဲသောအချိန်ကာလများတွင် ဆီးရီးယားနိုင်ငံ၏ မိတ်ဖက်ကောင်း နိုင်ငံတစ်နိုင်ငံအဖြစ် အမြဲတမ်းရှိနေမည်ဖြစ်ကြောင်း နက်ဆာကန်နာနီက ပြောသည်။

**ဆင်ဟွာ**

# အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ဘီဟာပြည်နယ်ရှိ ဆင်းရဲသားရပ်ကွက်၌ မီးလောင်မှုဖြစ်၊ လေးဦးသေဆုံး

**နယူးဒေလီ မေ ၂**

အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ဘီဟာပြည်နယ်ရှိ ဆင်းရဲသားရပ်ကွက်တစ်ခုတွင် မီးလောင်မှုဖြစ်ပွားခဲ့ပြီးနောက် လူလေးဦး သေဆုံးခဲ့ပြီး ခုနစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

ဘီဟာမြို့တော် ပဋ္ဋနာမြောက်ဘက် ကီလိုမီတာ ၇၀ အကွာ၊ မူဇာဖာပါးလ်ဒေသ ရမ်ဒါယာလာဘူတာရုံနားတွင် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မီးလောင်မှုကြောင့် လူလေးဦး သေဆုံးခဲ့ပြီး ခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲအရာရှိတစ်ဦးက ပြောခဲ့သည်။

မီးလောင်မှုကို ငြိမ်းသတ်ရန် အချိန်အတော်ကြာခဲ့သည်။ မီးလောင်မှု ဖြစ်ပွားရသည့် အကြောင်းရင်းကို မသိရသေးသော်လည်း တိကျသောအကြောင်းပြချက်ရရှိရန် ရဲတပ်ဖွဲ့ဝင်များက ကြိုးစားဆောင်ရွက်လျက်ရှိသည်။

အိန္ဒိယနိုင်ငံရှိ လူနေအိမ်ခြေများသည် ဘေးကင်းလုံခြုံရေးဆိုင်ရာ သတ်မှတ်ချက်များကို လျစ်လျူရှုလေ့ ရှိသောကြောင့် မီးလောင်မှုဖြစ်ပွားနိုင်ခြေ မြင့်မားလျက်ရှိသည်။

**ဆင်ဟွာ**

# ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်း ဒုတိယပိုင်းသွင်းဂိုးဖြင့် အနိုင်ရ

**ရန်ကုန် မေ ၂**

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၃၂) ကြိမ်မြောက် ဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု (က) ဒုတိယနေ့ကို မေ ၂ ရက်က အိုလံပစ်ဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ မြန်မာအသင်း နိုင်ပွဲရရှိခဲ့သည်။

**အဆုံးသတ်မသေချာ**

မြန်မာအသင်းသည် အုပ်စုပထမပွဲအဖြစ် တီမောအသင်းနှင့် ယှဉ်ပြိုင်ကစားရာ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် အနိုင်သုံးမှတ်ရယူနိုင်ခဲ့သော်လည်း ကျဉ်းမြောင်းသည့်ရလဒ်ဖြင့်သာ အနိုင်ရခဲ့သည်။ မြန်မာအသင်းအနေဖြင့် အဆုံးသတ်မသေချာခြင်း၊ ပထမပွဲတွင် အရေးနိမ့်ထားသည့် တီမောအသင်း၏ ရုန်းကန်မှုများကြောင့် ဒုတိယပိုင်းတွင်သွင်းယူသည့် တစ်ဂိုးတည်းဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

**အနိုင်ရရန် တိုက်စစ်မြှင့်**

မြန်မာအသင်း၏ ပွဲထွက်လူစာရင်းတွင် မလေးရှားကလပ် ဆီလန်ဂေါ်အသင်း၌ ကစားနေသည့် ဟိန်းထက်အောင်အပါအဝင် ပြည့်ဖြိုးသူ (ဂိုး)၊ ညဏ်လင်းထက်၊ သက်ဟိန်းစိုး၊ လတ်ဝေဘုန်း၊ ကောင်းထက်ပိုင်၊ ရန်ကျော်စိုး၊ ဇော်ဝင်းသိန်း၊ ခွန်ကျော်ဇင်ဟိန်း၊ စွမ်းထက်၊ ဥက္ကာနိုင်တို့ဖြင့် လူစုံခဲ့သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် ဂိုးရနိုင်သည့် အခွင့်အရေးသုံးကြိမ်ထက်မနည်း ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ ဟိန်းထက်အောင်နှင့် ခွန်ကျော်ဇင်ဟိန်းတို့ အပိုင်အခွင့်အရေးများ အသုံးမချနိုင်ခဲ့သလို ၂၄ မိနစ်တွင် တီမောအသင်း ပယ်နယ်တီဧရိယာအတွင်း ပြစ်ဒဏ်ဘောကန်ခွင့်ရရှိရာ ဟိန်းထက်အောင် ကန်သွင်းသော်လည်း တိုင်ထိထွက်သွားခဲ့သည်။

ဒုတိယပိုင်းတွင် မြန်မာ အသင်း အနိုင်ဂိုးရရန် ကစားသမားများပြောင်းလဲကာ တိုက်စစ်မြှင့်လာခဲ့သည်။ ၇၃ မိနစ်တွင် မြန်မာအသင်း အနိုင်ဂိုးရရှိခဲ့ပြီး ထောင့်ကန်ဘောမှတစ်ဆင့် ပြန်လျှံ ထွက်လာသောဘောလုံးကို နောက်ခံလူ သက်ဟိန်းစိုးက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။

**ဒုတိယပွဲ အင်ဒိုနီးရှားနှင့်ကစားရမည်**

ဒုတိယပွဲတွင် အိမ်ရှင် ကမ္ဘောဒီးယားအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ ကမ္ဘောဒီးယားအသင်းက နှစ်ပွဲကစား လေးမှတ် မြန်မာနှင့် အင်ဒိုနီးရှားအသင်းက တစ်ပွဲကစား တစ်ပွဲနိုင် သုံးမှတ်၊ ဖိလစ်ပိုင်အသင်းက တစ်မှတ်ရထားကာ တီမောအသင်းမှာမူ နှစ်ပွဲစလုံး အရေးနိမ့်ထား သည်။ မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် မေ ၄ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် ကစားရမည်ဖြစ်သည်။



မြန်မာအသင်း ဂိုးသွင်းရန် ကြိုးပမ်းမှုကို တီမောဂိုးသမားကာကွယ်နေစဉ်။

**သတင်း - ရဲရင့်လွင်**
**ဓာတ်ပုံ - seagames 2023**

---

# ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲ ပထမနေ့အဖြစ် မြန်မာနှင့် ဖိလစ်ပိုင် ယနေ့ကစားမည်

**ရန်ကုန် မေ ၂**

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် (၃၂) ကြိမ်မြောက် ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲကို မေ ၃ ရက် **(ယနေ့)** စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဖိလစ်ပိုင်အသင်းနှင့် ပွဲကျပ်ကစားရမည်ဖြစ်သည်။

**ပြိုင်ဆိုင်မှုပြင်းထန်မယ့် အုပ်စုမှာ ကျရောက်**

အမျိုးသမီး ဘောလုံးပြိုင်ပွဲ အုပ်စု(က)အတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို မေ ၂ ရက်က ဖနောင်ပင်ဟိုတယ်၌ ကျင်းပရာ ဖိလစ်ပိုင်၊ မြန်မာ၊ ဗီယက်နမ်၊ မလေးရှားအသင်းတို့မှ နည်းပြချုပ်များ တက်ရောက်ခဲ့သည်။ မြန်မာနည်းပြချုပ် ယုကီက "မြန်မာအသင်းကို နည်းပြချုပ်အသစ်အနေနဲ့ ကိုင်တွယ်ချိန်က




နည်းပါးခဲ့ပါတယ်။ ဒီကာလထဲမှာ ကစားသမားတွေ၊ အုပ်ချုပ်မှုအဖွဲ့တွေအနေနဲ့ အကောင်းဆုံး ပူးပေါင်းကြိုးစားခဲ့ကြပါတယ်။ တကယ်ကို ပြိုင်ဆိုင်မှုပြင်းထန်မယ့်အုပ်စုမှာ ကျရောက်နေတာဖြစ်လို့ ကျွန်တော်တို့အနေနဲ့ တတ်စွမ်းသလောက် အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်သွားပါမယ်။ ကျွန်တော့်အနေနဲ့ အသင်းကို အချက် နှစ်ချက်ပြင်ဆင်ခဲ့ပါတယ်။ အသင်းသားတွေ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ပြန်ရလာဖို့နဲ့ ကျွန်တော်တို့အသင်းရဲ့ အားသာချက်တွေကိုကောင်းကောင်းအသုံးချနိုင်ဖို့ပါ။ အကောင်းဆုံး ယှဉ်ပြိုင်ကြိုးစားသွားပါမယ်" ဟု ပြောကြားသည်။

**မြန်မာနှင့် ဖိလစ်ပိုင် ယှဉ်ပြိုင်ကစားမည်**

အုပ်စုပွဲများကို တစ်ရက်တည်း လေးပွဲကျင်းပမည်ဖြစ်ပြီး မေ ၃ ရက် **(ယနေ့)** မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ဗီယက်နမ်နှင့် မလေးရှား၊ ထိုင်းနှင့် စင်ကာပူ၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် မြန်မာနှင့် ဖိလစ်ပိုင်၊ ကမ္ဘောဒီးယားနှင့် လာအိုအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုကျပ်အတွင်း ကျရောက်နေသလို အဖွင့်ပွဲကိုလည်း ဖိလစ်ပိုင်အသင်းနှင့် စတင်ကစားရခြင်း ဖြစ်သည်။

**အဖွင့်ပွဲ ခက်ခက်ခဲခဲ ကစားရဖွယ်ရှိနေ**

ဖိလစ်ပိုင်အသင်းသည် ယခုနောက်ပိုင်းနှစ်များတွင် သိသိသာသာ တိုးတက်လာသည့် အသင်းဖြစ်ပြီး အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ ဝင်ခွင့်ရခဲ့သည့် အသင်းဖြစ်သလို ၂၀၂၂ အာဆီယံ အမျိုးသမီးချန်ပီယံ ရှစ်ပြိုင်ပွဲတွင်လည်း ချန်ပီယံဆု ရယူနိုင်ခဲ့သည်။ ထို့ကြောင့် မြန်မာအသင်းအနေဖြင့် အဖွင့်ပွဲတွင် အမှတ်ပြည့်ရယူနိုင်ရန် ခက်ခက်ခဲခဲ ကစားရဖွယ်ရှိနေသည်။ ပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု (က) တွင် လက်ရှိချန်ပီယံ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ မြန်မာ၊ မလေးရှား၊ အုပ်စု (ခ) အိမ်ရှင် ကမ္ဘောဒီးယား၊ ထိုင်း၊ စင်ကာပူနှင့် လာအိုအသင်းတို့ ပါဝင်နေသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

---



ငွေကြယ်ပွင့်အသင်းနှင့် Golden Grit အသင်း ယှဉ်ပြိုင်နေစဉ်။

## MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂) ဆက်လက်ကျင်းပ

**ရန်ကုန် မေ ၂**

၂၀၂၃ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂) ကို ဧပြီ ၃၀ ရက်မှ မေ ၂ ရက်အထိ ကျင်းပခဲ့ပြီး Port အသင်းနှင့် ငွေကြယ်ပွင့်အသင်း နိုင်ပွဲဆက်ခဲ့သည်။

ပွဲစဉ် (၂) တွင် Port အသင်းက ရွှေပြည်သာအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ငွေကြယ်ပွင့်အသင်းက Golden Grit အသင်းကို သုံးဂိုး-ဂိုးမရှိ၊ သစ္စာအားမာန်အသင်းက လက်ရှိချန်ပီယံ တက္ကသိုလ်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ မောရဝတီအသင်းက Glory Goal အသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရပြီး Junior Lions အသင်းနှင့် ရက္ခပူရယူနိုက်တက်အသင်း ဂိုးမရှိသရေကျခဲ့သည်။ ပွဲစဉ် (၁) တွင် အနိုင်ရခဲ့သည့်အသင်းများအနက် Port အသင်းနှင့် ငွေကြယ်ပွင့်အသင်းတို့သာ နိုင်ပွဲဆက်ခဲ့ပြီး Glory Goal အသင်း၊ တက္ကသိုလ်အသင်းနှင့် Junior Lions အသင်းတို့ နိုင်ပွဲပျောက်ဆုံးခဲ့သည်။ ပွဲစဉ် (၁) တွင် ရှုံးပွဲကြုံတွေ့ခဲ့သည့် အသင်းများအနက် ရွှေပြည်သာအသင်းနှင့် Golden Grit အသင်းသာ ရှုံးပွဲဆက်ခဲ့ပြီး ကျန်အသင်းများမှာ အမှတ်စတင်ရယူနိုင်ခဲ့သည်။

ပွဲစဉ် (၂) အပြီးတွင် ငွေကြယ်ပွင့်အသင်းနှင့် Port အသင်းက နှစ်ပွဲနိုင် ခြောက်မှတ်စီ၊ Junior Lions အသင်းက လေးမှတ်၊ Glory Goal အသင်း၊ တက္ကသိုလ်အသင်း၊ သစ္စာအားမာန်အသင်းနှင့် မောရဝတီအသင်းတို့က သုံးမှတ်စီ၊ ရက္ခပူရယူနိုက်တက် အသင်းက တစ်မှတ်ရရှိထားကာ ရွှေပြည်သာအသင်းနှင့် Golden Grit အသင်းတို့မှာ နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**

❒ *ကျောဖုံးမှ*

အဆိုပါ အမျိုးသားဘောလုံး အားကစားပြိုင်ပွဲ၏ အုပ်စု(က)မှ မြန်မာအမျိုးသား ဘောလုံးအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့သည် မေ ၄ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ယှဉ်ပြိုင်ကြမည်ဖြစ်ရာ အဆိုပါ ပွဲစဉ်ကို MRTV -HD Channel ၊ MRTV Sports Channel၊ MRTV Parliament Channel၊ MRTV Farmers' Channelနှင့် မြန်မာ့အသံ ရေဒီယိုတို့က တိုက်ရိုက် Live ထုတ်လွှင့် သွားမည်ဖြစ်သည်။ **သတင်းစဉ်**

# SARS-CoV-2 Variant Omicron (အိုမီခရွန်) မျိုးရိုးဗီဇပြောင်းရောဂါပိုး ထပ်မံတွေ့ရှိရမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် **“ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်း ရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း”** များကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ပြည်ပနိုင်ငံများမှ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသူများနှင့် ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသော ဓာတ်ခွဲအတည်ပြုလူနာများထံမှ ဓာတ်ခွဲနမူနာများရယူ၍ ဓာတ်ခွဲစစ်ဆေးလျက်ရှိပြီး Omicron (အိုမီခရွန်) အပါအဝင် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်း ရောဂါပိုး တွေ့ရှိမှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူများ၏ ဓာတ်ခွဲနမူနာများအနက် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်းရောဂါပိုး တွေ့ရှိနိုင်သည့် သံသယဖြစ်ဖွယ် ဓာတ်ခွဲနမူနာ (၂၂) ခုအား ဆေးသုတေသနဦးစီးဌာနတွင် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇစစ်ဆေးခြင်းကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာ (၂၉-၄-၂၀၂၃)ရက်နေ့တွင် SARS-CoV-2 Variant Omicron (အိုမီခရွန်) မျိုးရိုးဗီဇပြောင်းရောဂါပိုး XBB.1.9.1 ကို ဓာတ်ခွဲနမူနာ (၈) ခုတွင်လည်းကောင်း၊ XBB.1.16 ကို ဓာတ်ခွဲနမူနာ (၈) ခုတွင်လည်းကောင်း၊ XBB.2.3 ကို ဓာတ်ခွဲနမူနာ (၂)ခုတွင်လည်းကောင်း၊ XBB.1.9.2 ကို ဓာတ်ခွဲနမူနာ (၁)ခု တွင်လည်းကောင်း၊ XBB.1.5 ကို ဓာတ်ခွဲနမူနာ (၁)ခုတွင်လည်းကောင်း၊ XBB.1 ကို ဓာတ်ခွဲနမူနာ (၁) ခုတွင်လည်းကောင်း၊ BA.2.75 ကို ဓာတ်ခွဲနမူနာ (၁) ခုတွင်လည်းကောင်း အသီးသီးတွေ့ရှိရပါသည်။ အဆိုပါလူနာများအား ကိုဗစ်-၁၉ ရောဂါပိုး ဓာတ်ခွဲအတည်ပြုခဲ့စဉ်ကပင် သတ်မှတ်ရက်အတိုင်း စနစ်တကျ သီးခြားထားရှိကုသမှုပေးခဲ့ပြီး ကျန်းမာရေးအခြေအနေများမှာ ကောင်းမွန်လျက်ရှိပါသည်။

၃။ Omicron (အိုမီခရွန်) မျိုးရိုးဗီဇပြောင်း XBB.1.16 (Arcturus) ရောဂါပိုး ကူးစက်ဖြစ်ပွားမှုကို (၂၀၂၃)ခုနှစ်၊ ဇန်နဝါရီလတွင် အိန္ဒိယနိုင်ငံ၌ စတင်၍တွေ့ရှိခဲ့ရပြီး မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သော ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၃၇ နိုင်ငံတွင် ကူးစက်မှုများရှိကြောင်း သိရှိရပါသည်။ ယခုမြန်မာနိုင်ငံတွင် တွေ့ရှိရသော XBB.1.16 (၈)ဦးအနက် (၁)ဦးမှာ ပြည်ပမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသူဖြစ်ပြီး ကျန် (၇)ဦးမှာ ပြည်တွင်းကူးစက်မှုများမှ တွေ့ရှိရခြင်းဖြစ်ပါသည်။ ယခုတွေ့ရှိရသည့် မျိုးရိုးဗီဇပြောင်းရောဂါပိုးများဖြစ်သည့် XBB.1၊ XBB.1.5၊ XBB.1.9.1၊ XBB.1.9.2၊ XBB.2.3၊ BA.2.75 တို့မှာလည်း ကမ္ဘာ့နိုင်ငံများတွင် ယခင်ကပင် ကူးစက်ပြန့်ပွားလျက်ရှိသော မျိုးရိုးဗီဇပြောင်းရောဂါပိုးများဖြစ်ကြောင်း သိရှိရပါသည်။

၄။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်း ရောဂါပိုးစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းစဉ်များနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများအား ပိုမိုအရှိန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

(၂-၅-၂၀၂၃)

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁၉ ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၂) ရာခိုင်နှုန်းရှိ

**(၂-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၉၂၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၁၁၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၂) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၃၈၄,၀၈၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၅,၁၀၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄၉) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၉၁၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၂) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုပ်ပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုပ်ပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့်တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင်ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့ အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည် -

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန်လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းသွားပါ၊ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏ ပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၇) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၈) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၉) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များသောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြား နှစ်ဖက်နှင့် ပေါင်ခြံနှစ်ဖက်တို့အား ရေအေးဖတ်တိုက်ပေးခြင်း စသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာ ဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

# လမြတ်ကဆုန်နွေ သွန်းလောင်းညောင်ရေ

ပန်းခရေ

ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြသူများအတွက် ကဆုန်လပြည့်နေ့သည် တကယ့်နေ့ထူး နေ့မြတ်ပင်ဖြစ်သည်။ ကဆုန်လပြည့်၏ ထူးခြားချက်ငါးရပ်ရှိသည်။

၎င်းတို့မှာ (၁) ဗျာဒိတ်ခံယူသည့်နေ့၊ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းအစ ကဆုန်လပြည့်နေ့၊ (၂) ဖွားမြင်သည့်နေ့ မဟာသက္ကရာဇ် ၆၈ ခု ကဆုန်လပြည့်(သောကြာနေ့)၊ (၃) ဘုရားဖြစ်တော်မူသည့်နေ့ မဟာသက္ကရာဇ် ၁၀၃ ခု ကဆုန်လပြည့် (ဗုဒ္ဓဟူးနေ့)၊ (၄) ဗုဒ္ဓဝင်အကျဉ်းပြောသည့်နေ့ မဟာသက္ကရာဇ် ၁၀၄ ခု ကဆုန်လပြည့်နေ့၊ (၅) ပရိနိဗ္ဗာန်စံသည့်နေ့ မဟာသက္ကရာဇ် ၁၄၈ ခု ကဆုန်လပြည့် (အင်္ဂါနေ့) စသည်တို့ဖြစ်သည်။

**မာရ်ငါးပါးကို အောင်မြင်တော်မူသောနေ့**

ထို့ကြောင့် ကဆုန်လပြည့်နေ့ကို ဗျာဒိတ်တော်ခံ၊ ဖွား၊ ပွင့်၊ စံ ဟု အကျဉ်းချုပ်မှတ်သားကြသည်။ ထို့ပြင် ကဆုန်လပြည့်နေ့တွင် မာရ်ငါးပါးကို အောင်မြင်တော်မူခြင်းကြောင့် မာရ်အောင်မြင်သောနေ့လည်းဖြစ်သည်။

မြန်မာတို့၏ ၁၂ လရာသီတွင် ကဆုန်လသည် အပူဆုံးလတစ်လဖြစ်သည်။ တန်ခူး-ကဆုန် ဆွေ့ဆွေ့ခုန်ဟု ကဆုန်လ၏ ပူပြင်းမှုကို မြန်မာတို့ တင်စားကြသည်။ အပူဆုံးလတွင် မြတ်ဗုဒ္ဓဂုဏ်တော်ကို နှလုံးသွင်း၍ ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် မြတ်ဗုဒ္ဓ၏ကိုယ်ပွား ပရိဘောဂစေတီထိုက်သော ဗောဓိပင်တွင် ရေစင်ရေအေးသွန်းလောင်းပေး၍ နှလုံးစိတ်ဝမ်းအေးချမ်းသာယာအောင်ဆောင်ကြဉ်းရမည်ဖြစ်သည်။

မြတ်ဗုဒ္ဓ၏ အစ၊ အလယ်၊ အဆုံး ပါဝင်နေသည့် ကဆုန်လပြည့်နေ့သည် အထူးမြတ်ဆုံးနေ့တစ်နေ့ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့အနေဖြင့် ကဆုန်လပြည့်နေ့ကို "ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း"ဟူ၍ အမှတ်အသားပြုကြသည်။ ကဆုန်လသည် နွေလဖြစ်သည့်အလျောက် ဆည်မြောင်း၊ ကန်ချောင်း၊ ရေတွင်း၊ ရေအိုင်တို့ ရေခန်း၊ ရေပြတ်သည့်လဖြစ်သည်။ မြန်မာလများအနက် ဒုတိယမြောက်လ၊ ပြိဿရာသီ၊ ဝိသာခါနက္ခတ်နှင့် စန်းယှဉ်သောလဖြစ်သည်။ ထို့ကြောင့် ပါဠိ၊ သက္ကတ၊ ဟိန္ဒီဘာသာတို့တွင် ကဆုန်လကို 'ဝိသာခါ'(Vesaka) ဟုခေါ်ကြသည်။ ယင်းမှဆင်းသက်ကာ ကဆုန်လပြည့်နေ့ကို Vesak Day ဟု ခေါ်ဝေါ်ကြသည်။ ခရစ်နှစ် ၁၉၉၉ ခုနှစ်မှစ၍ ကဆုန်လပြည့်နေ့ (Vesak Day)သည် အပြည်ပြည်ဆိုင်ရာရုံးပိတ်ရက် "Vesak Universal Holiday" ဖြစ်လာခဲ့သည်။

အပူဆုံးကာလ ကဆုန်လတွင် သစ်ပင်ပန်းမန်တို့ အပူရှိန်ကြောင့် ခြောက်သွေ့ကြရာ ဗောဓိညောင်ပင်ကို ရေစင်သွန်းလောင်း၍ ပြန်လည်လန်းဆန်းလာသကဲ့သို့ မြတ်ဗုဒ္ဓ၏ နေ့ထူးရက်မြတ်များ၌ အစဉ်အလာအားဖြင့် ပြုလုပ်လေ့ရှိသည့် ထုံးတမ်းဓလေ့များကို စုပေါင်းညီညွတ်စွာဖြင့် ပြုလုပ်ခြင်းသည် ကောင်းမှုကုသိုလ်များ ဝေဆာလာပြီး အေးချမ်းသာယာဝပြောလာမည်ဖြစ်သည်။




**သာသနာတော်ကို စောင့်ရှောက်၊ အမျိုးကောင်းသားသမီးများ အစဉ်ပေါ်ထွန်း**

ထေရဝါဒသာသနာကိုကိုယ်စားပြုသည့် ဗောဓိရွှေညောင်ပင်ကြီး အညွန့်တလူလူဝေပြီး စိမ်းစိုလန်းဆန်းနေစေရေးအတွက် ကဆုန်လပြည့်နေ့တွင် စုပေါင်းညီညာရေစင်သွန်းလောင်းသကဲ့သို့ ဘာသာသာသနာ အသွေးအသား မခန်းခြောက်အောင် ဗုဒ္ဓဘာသာဝင်အပေါင်းတို့က စုပေါင်းဆောင်ကြဉ်းကြရမည်ဖြစ်သည်။ ဗုဒ္ဓဘာသာကို ကိုယ်စားပြုသည့် ဗောဓိညောင်ပင် အညွန့်တလူလူနေစေရန် ယနေ့မှစ၍ အနာဂတ်ကာလတွင် သာသနာတော်ကို စောင့်ရှောက်ကြရမည့် အမျိုးကောင်းသားသမီးများ အစဉ်အဆက်ပေါ်ထွန်းနေစေရန် ကြိုးပမ်းကြရမည်ဖြစ်သည်။

မြန်မာတို့အဖို့ ကဆုန်လပြည့်ဗုဒ္ဓနေ့တွင် ဘုရားရှင် သဗ္ဗညုတဉာဏ်တော် ရရှိခဲ့သည့်နေရာ မဟာဗောဓိညောင်ပင်ကို ရေသွန်းလောင်းကာ ကုသိုလ်ယူရင်း ဤနေ့သည် ဘုရားလောင်းဖွားမြင်တော်မူသောနေ့၊ ဤနေ့သည်ဘုရားပွင့်တော်မူသောနေ့၊ ဤနေ့သည် ဘုရားပရိနိဗ္ဗာန်စံသောနေ့အဖြစ် အောက်မေ့သတိရကာ ဓမ္မသံဝေဂတို့ရယူကြသည်။ ဤနေ့မှာပင် ဗုဒ္ဓသည် သင်္ခါရတရားတို့၏ ပျက်စီးခြင်းသဘောကို မမေ့မလျော့မပေါ့သောသတိဖြင့် ရှုမြင်ကြရန် မှာကြားကာ ပစ္ဆိမဗုဒ္ဓဝစန နောက်ဆုံးစကား မြွက်ကြားတော်မူခဲ့သည်ကို အမှတ်ရကာ မိမိတို့၏ ဘဝတစ်သက်တာကို မကောင်းမှုမှန်သမျှ ရှောင်ရှားခြင်း၊ ကောင်းမှုမှန်သမျှ ဆောင်ရွက်ခြင်း၊ စိတ်နှလုံးဖြူစင်အောင် ကျင့်ကြံခြင်းဖြင့် တန်ဖိုးမြှင့်နိုင်ကြဖို့လိုသည်။

မြန်မာနိုင်ငံ၌ ရှေးဘုရင်များရှိခဲ့စဉ်က ကဆုန်လတွင် ကျင်းပသော ညောင်ရေသွန်းပွဲတော်သည် ဘုရင်မင်းမြတ်ကိုယ်တော်တိုင် ကြီးမှူးကျင်းပ၍ အလွန်ကြီးကျယ် ခမ်းနားစည်ကားလှသည်။ ကုန်းဘောင်ခေတ် ဆင်ဖြူရှင်မင်းတရားလက်ထက်တွင် မဲဇာသို့ အပို့ခံရသော လက်ဝဲသုန္ဒရအမတ်ကြီး ဦးမြတ်စံသည် ကဆုန်လပြည့်နေ့တွင် မဲဇာရပ်သူတို့ ကျင်းပသွန်းလောင်းကြသော ညောင်ရေပွဲသဘင်ကို တွေ့မြင်လိုက်ရသည့်အခါ ရတနာပူရရွှေမြို့တော်ကြီး၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ညောင်ရေသွန်းပွဲတော်ကြီးကို မြင်ယောင်လာပြီး "ပွဲခါညောင်ရေ၊ သွန်းမြဲပေတည့်၊ ရှိသေသဒ္ဓါ၊ ထုံးစဉ်လာဖြင့်၊ မဲဇာရပ်သူ၊ တောင်းဆုယူသည်" ဟူ၍ သူရောက်နေသော မဲဇာအရပ်မှ ညောင်ရေသွန်းပွဲကို မှတ်မှတ်ရရစာဖွဲ့ခဲ့သည်။

**မိုးခေါင်သောအရပ်များတွင် မိုးရွာစေရန် ညောင်ရေသွန်းလောင်းသောဓလေ့ရှိခဲ့**

ကဆုန်လ ညောင်ရေသွန်းလောင်းခြင်းနှင့် ပတ်သက်၍ လောကဗျူဟာအင်ရုံစာတမ်းတွင် ထူးခြားသောမှတ်ချက်တစ်ခုရှိသည်။ "ကဆုန်နယုန် ဆွေ့ဆွေ့ခုန်" ဆိုရိုးစကားအတိုင်း နွေကာလ၏ အပူဆုံးလများဖြစ်၍ ရေခန်းခြောက်သည်။ ရမည်းသင်း မင်းတရားကြီးလက်ထက်တွင် ကဆုန်လ မိုးမရွာ၍ အိပ်မက်မြင်မက်ရာ၊ ထိုအိပ်မက်ထဲက အတိုင်း ပတ္တမြားစေတီဘုရား၌ ညောင်ရေသွန်းလောင်းခြင်းကိစ္စကို စီရင်ခဲ့ရာ မိုးသည်းထန်စွာရွာချခဲ့ကြောင်းနှင့် မိုးခေါင်ရေရှားသော အရပ်များတွင် မိုးကြီးရွာချစေရန် ညောင်ရေသွန်းလောင်းသောဓလေ့ရှိခဲ့ကြောင်း လေ့လာသိရှိခဲ့ရသည်။

ထူးမြတ်သောကဆုန်လသည် "ဖွင့်ပွင့်ပန်းစုံ၊ ရနံ့ထုံသည့် ကဆုန်လ"ဟူသော ဆိုရိုးစကားအတိုင်း နှင်းဆီပန်းရောင်စုံ၊ ရွှေပန်းနှင့်ငွေပန်း၊ ကံ့ကော်ပန်း၊ စံပယ်ပန်း၊ ဂန္ဓမာပန်း၊ တောနေကြာပန်းများ သာမက တစ်နှစ်မှတစ်ခါသာပွင့်သည့် ပိတောက်ပန်းတို့၏ အလယ်တွင် ကဆုန်လမြတ်၏ပန်းဖြစ်သော "စံကားပန်း"မှာ ထုံသင်းပျံ့သောရနံ့ဖြင့် အဝါ၊ အစိမ်းရောင်ခြယ်ကာ ပန်းတို့ချင်းအလှပြိုင်အနိုင်ရသည့် လလည်းဖြစ်သည်။ ဝိသာခါနက္ခတ်နှင့် စန်းယှဉ်၍ မွှေးပျံ့သောစံကားပန်းလေးများသည် အဖြူရောင်၊ အဝါရောင်အမျိုးမျိုးရှိကြသည်။

ကဆုန်လကို ပုဂံခေတ်ကျောက်စာများတွင် ကဆုန်၊ ကုဆုန် ဟူ၍နှစ်မျိုးရေးသားကြသည်။ က၊ ကုတို့သည် ရေဟုအဓိပ္ပာယ်ရ၍ ဆုန်သည် သွန်းလောင်းသည်ဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် ကဆုန်လဆိုသည်မှာ ရေသွန်းလဟုဆိုလိုသည်။ ကဆုန်လပြည့်နေ့အခါသမယတွင် မြန်မာတို့သည် မိမိတို့အရပ်ဒေသအသီးသီးရှိ စေတီပုထိုးများ၊ ညောင်ပင်များ၌ ညောင်ရေသွန်းလောင်းပွဲကို ကျင်းပကြသည်။ အပူဓာတ်လွန်ကဲသောကာလဖြစ်သည့်အတွက် အင်းအိုင်များ ရေခန်းခြောက်ချိန်ဖြစ်သည်။ လွန်စွာပူအိုက်နေသောအချိန်တွင် ရေစင်သွန်းလောင်းခြင်းသည် အေးမြခြင်း၊ ကြည်နူးခြင်း၊ ချမ်းမြေ့ခြင်း ပီတိစိတ်ကိုဖြစ်စေသည်။ ထို့ကြောင့် ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းလောင်းပူဇော်ရသောကုသိုလ်ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်တောင်းလိုက်ရပါသည်။

**ဘာသာရေးကို အခြေခံသည့် လူငယ်လူရွယ်များ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လုပ်ဆောင်လာ**

အနာဂတ်ကာလတွင် အရာရာကို ပခုံးပြောင်းတာဝန်ယူကြမည့် လူငယ်လူရွယ်များ၏ အခြေခံစိတ်ရင်းများတွင် မြတ်ဗုဒ္ဓ၏ အဆုံးအမများနှင့် ထုံမွမ်းနေသည့် ကောင်းသောအစဉ်အလာများကို လက်ဆင့်ကမ်းသယ်ဆောင်သွားနိုင်ရန် လိုအပ်သည်။ ကဆုန်လပြည့် ညောင်ရေသွန်းပွဲတော်ကဲ့သို့ ဘာသာရေးကို အခြေခံသည့် ကောင်းသောအစဉ်အလာများကို လူငယ်လူရွယ်များက ကျယ်ကျယ်ပြန့်ပြန့်ပါဝင်လုပ်ဆောင်လာအောင် စီမံဆောင်ရွက်နိုင်လျှင် လောကပတ်ဝန်းကျင်နှင့် နိုင်ငံတစ်ဝန်းလုံး အေးချမ်းသာယာဝပြောလာမည်ဖြစ်သည်။ ဘာသာရေးကို အခြေခံသည့်ပွဲတော်များမှတစ်ဆင့် ကောင်းမှုကုသိုလ်များ၊ ဗုဒ္ဓအဆုံးအမများ လွှမ်းခြုံမြှင့်တင်ပေးမှသာလျှင် မျိုးဆက်သစ်လူငယ်များ အချင်းချင်း ရင်းနှီးချစ်ကြည် လက်တွဲပူးပေါင်းကာ ကောင်းသောခရီးလမ်းများကို ဆက်ကြရမည်ဖြစ်သည်။ မိမိတို့မိသားစု၊ မိမိတို့ပတ်ဝန်းကျင်နှင့် မိမိတို့နိုင်ငံတော်ကို အကျိုးပြုမည့် အမျိုးကောင်းသားများ စဉ်ဆက်မပြတ် ပေါ်ထွန်းလာမည်ဖြစ်သည်။

သို့ဖြစ်ရာ ကဆုန်လပြည့် ဗုဒ္ဓနေ့ ကဆုန်ညောင်ရေသွန်းပွဲတော်ကဲ့သို့ မြတ်ဗုဒ္ဓနှင့် သက်ဆိုင်ရာ ပွဲတော်များတွင် နိုင်ငံတစ်ဝန်းလုံးလွှမ်းခြုံကာ လူကြီးသူမများသာမက မျိုးဆက်သစ်လူငယ်လူရွယ်များပါ ပူးပေါင်းဆောင်ရွက်လာခြင်းဖြင့် ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံသောနိုင်ငံတော်ကြီးဖြစ်ပေါ်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**✪ ကဆုန်လကို ပုဂံခေတ်ကျောက်စာများတွင် ကဆုန်၊ ကုဆုန် ဟူ၍ နှစ်မျိုးရေးသားကြသည်။ က၊ ကုတို့သည် ရေဟုအဓိပ္ပာယ်ရ၍ ဆုန်သည် သွန်းလောင်းသည်ဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် ကဆုန်လဆိုသည်မှာ ရေသွန်းလဟုဆိုလိုသည်။ ကဆုန်လပြည့်နေ့အခါသမယတွင် မြန်မာတို့သည် မိမိတို့အရပ်ဒေသအသီးသီးရှိ စေတီပုထိုးများ၊ ညောင်ပင်များ၌ ညောင်ရေသွန်းလောင်းပွဲကို ကျင်းပကြသည်။ အပူဓာတ် လွန်ကဲသောကာလဖြစ်သည့်အတွက် အင်းအိုင်များ ရေခန်းခြောက်ချိန် ဖြစ်သည်။ လွန်စွာပူအိုက်နေသောအချိန်တွင် ရေစင်သွန်းလောင်းခြင်းသည် အေးမြခြင်း၊ ကြည်နူးခြင်း၊ ချမ်းမြေ့ခြင်း ပီတိစိတ်ကို ဖြစ်စေ**

# အသေးစား၊ အငယ်စားနှင့် အလတ်စား မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများအတွက် ခိုင်မာသောဈေးကွက်ဖော်ဆောင်ပေးရန် လိုအပ်

**နေပြည်တော် မေ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် မေ ၁ ရက်က ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့ ဆားမလောက်ကျေးရွာနှင့် ပန်းတနော်မြို့နယ် ကျုံတုံးကြီး ကျေးရွာများတွင် ကျင်းပသည့် ပိုက်ဆံလျှော်မျိုးစေ့ပေးအပ်ပွဲသို့ တက်ရောက်အားပေးသည်။



**ပိုက်ဆံလျှော်မျိုးစေ့ထောက်ပံ့**

လယ်ယာမြေများ၏ မြေဆီလွှာဖွံ့ဖြိုးရေးအတွက် ရာသီသီးနှံများ မစိုက်ပျိုးမီ ကြားကာလ၌ ပိုက်ဆံလျှော်စိုက်ပျိုးပြီး သစ်စိမ်းမြေဩဇာအဖြစ် အသုံးပြုခြင်းကို တောင်သူလယ်သမား ဦးကြီးများက တွင်ကျယ်စွာအသုံးပြုလာလျက်ရှိရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပိုက်ဆံလျှော် မျိုးစေ့များ ထောက်ပံ့ပေးအပ်ခြင်း၊ မြေဆီလွှာဖွံ့ဖြိုးရေးနှင့် သီးနှံအလိုက် အပင်အာဟာရလိုအပ်ချက်များ အကျိုးရှိစွာအသုံးပြုနိုင်ရေး နည်းပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

**ဈေးကွက်ဖော်ဆောင်နိုင်ရေး**

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပန်းတနော်မြို့နယ် Global Earth Agro & Aqua Industry Public Co., Ltd ၏ ပြည်ပပို့ကုန်များ ထုတ်လုပ်နေမှု၊ တရုတ်နိုင်ငံ GACC စစ်ဆေးရေးအဖွဲ့မှ ငါးမွေးမြူရေးလုပ်ငန်းများကို Video Inpection စနစ်ဖြင့် အစစ်ဆေးခံခဲ့မှုနှင့် အကြံပြုချက်အပေါ် လိုက်နာဆောင်ရွက်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက အသေးစား၊ အငယ်စားနှင့် အလတ်စား မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများ ခိုင်မာသော ဈေးကွက်ဖော်ဆောင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ အရည်အသွေးပြည့် ထုတ်ကုန်များ ပိုမိုတိုးတက် ထုတ်လုပ်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် ဝါဝါဝင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း၏ တိရစ္ဆာန်အစားအစာ ထုတ်လုပ်နေမှုများကို လည်းကောင်း၊ နို့စားနွားမွေးမြူထားရှိမှု အခြေအနေများကို လည်းကောင်း (ဝဲပုံ) လိုက်လံကြည့်ရှုစစ်ဆေး အားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ASEAN-BAC Chairman Mr. Arsjad Rasjid P.M ဦးဆောင်သောအဖွဲ့နှင့် ASEAN-BAC အဖွဲ့ဝင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့ပူးပေါင်း၍ စီးပွားရေးဖိုရမ်ကျင်းပ

ရန်ကုန် မေ ၂

**ASEAN–BAC Chairman Mr. Arsjad Rasjid P.M ဦးဆောင်သောအဖွဲ့နှင့် ASEAN–BAC အဖွဲ့ဝင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့ပူးပေါင်း၍ မြန်မာနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် “The Role of ASEAN–BAC in Developing ASEAN Private Sector: Myanmar, A Potential Key Player” ခေါင်းစဉ်ဖြင့် စီးပွားရေးဖိုရမ်ကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပသည်။**(ယာပုံ)



အဆိုပါ ဖိုရမ်တွင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးအေးဝင်းက ASEAN–BAC ၏ ပံ့ပိုးပူးပေါင်းပါဝင်မှုသည် မြန်မာနိုင်ငံစီးပွားရေးကဏ္ဍ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် အားလုံးအတွက် အကျိုးဖြစ်စေမည့် အလုပ်အကိုင်အခွင့်လမ်းများ ပိုမိုဖန်တီးပေးနိုင်မည် ဖြစ်ကြောင်း။ ထို့အပြင် ရေရှည်ဖွံ့ဖြိုးတိုးတက်ပြီး တစ်ဦးတစ်ယောက်ချင်းစီ၏ အကျိုးစီးပွားနှင့် အာဆီယံနိုင်ငံအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုကိုပါ ရရှိစေနိုင်မည်ဟုယုံကြည်ပါကြောင်း။ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် အာဆီယံဒေသ တစ်ခုလုံးအပေါ်တွင် အပြုသဘောဆောင်သည့် အကျိုးသက်ရောက်မှုများရရှိလာနိုင်မည်ဖြစ်ပြီး မိမိတို့နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် အာဆီယံအဝန်းအဝိုင်းကိုလည်း အထောက်အကူဖြစ်မည်ဖြစ်ကြောင်း ပြောကြားသည်။

Mr. Arsjad Rasjid P.M က မိမိတို့ ASEAN Roadshow ခရီးစဉ်က စီးပွားရေးပေါင်းစည်းချိတ်ဆက်မှုနှင့် လက်တွဲပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ပြီး အာဆီယံဗဟိုပြုမှုကို တိုးတက်စေရန်နှင့် အရှေ့တောင်အာရှဒေသက တိုးတက်ကြီးပွားခြင်း၏ အချက်အချာကျသည့် ဗဟိုဆုံချက်တစ်ခုဖြစ်ပေါ်လာစေရန် ရည်ရွယ်ပါကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံအတွက် အရေးပါသည့် အဖွဲ့ဝင်ဖြစ်ပြီး အာဆီယံနှင့် မြန်မာနိုင်ငံတို့အကြား နက်နဲသည့် ပေါင်းစည်းချိတ်ဆက်မှုများကို လုပ်ဆောင်လိုကြောင်းကိုလည်း မိမိတို့ ခရီးစဉ်မှတစ်ဆင့်ပြသလိုကြောင်း၊ မြန်မာနှင့်အာဆီယံတို့၏ ပူးပေါင်းဆောင်ရွက်မှုများသည် ပိုမိုအားကောင်းသည့် ဒေသတွင်း ပေါင်းစည်းချိတ်ဆက်မှုကိုရရှိပြီး ယင်းမှတစ်ဆင့် ဒေသတွင်းတည်ငြိမ်မှုနှင့် တိုးတက်ကြီးပွားမှုတို့ကို ပိုမိုထောက်ပံ့စေမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဖိုရမ်၏စကားဝိုင်းဆွေးနွေးပွဲတွင် ဒေါ်ခိုင်ခိုင်နွယ် (အထွေထွေအတွင်းရေးမှူးချုပ်၊ UMFCCI) က Moderator အဖြစ်ဆောင်ရွက်ပြီး ထင်ရှားသည့် Panelist များဖြစ်သော Mr. Arsjad Rasjid P.M (Chair, ASEAN–BAC)၊ Mr. Gil L. Gonzales (Executive Director, ASEAN–BAC)၊ ဦးမိုးကျော် (Council Member, ASEAN–BAC Myanmar) နှင့် ဒေါက်တာထွန်းသူရသက် (ဗဟိုအလုပ်အမှုဆောင်၊ UMFCCI)တို့က အဓိကအကြောင်းအရာများဖြစ်သည့် အာဆီယံပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုတွင် ASEAN–BAC ၏ အခန်းကဏ္ဍ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် အကောင်အထည်ဖော်ရန်ရှိသည့် စီမံကိန်းများနှင့် လက်တွေ့အခြေအနေများ၊ ဒေသတွင်း နိုင်ငံများ၏ စီးပွားရေး ဖွံ့ဖြိုးတိုး တက်မှုဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ အဓိကပါဝင်နိုင်မှု၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးတွင် လိုအပ်ချက်နှင့် မြန်မာနိုင်ငံအတွက် ရရှိနိုင်မည့်အခွင့်အလမ်းများ၊ အာဆီယံနှင့် ပေါင်းစည်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ အလားအလာများကို ဆွေးနွေးကြသည်။

> ◆ **မြန်မာနှင့်အာဆီယံတို့၏ ပူးပေါင်းဆောင်ရွက်မှုများသည် ပိုမိုအားကောင်းသည့် ဒေသတွင်း ပေါင်းစည်းချိတ်ဆက်မှုကိုရရှိပြီး ယင်းမှတစ်ဆင့် ဒေသတွင်းတည်ငြိမ်မှုနှင့် တိုးတက်ကြီးပွားမှုတို့ကို ပိုမိုထောက်ပံ့စေမည်ဟု ယုံကြည်**

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်အနေဖြင့် မြန်မာ့စီးပွားရေးတိုးတက်လာစေရန်အတွက် ASEAN Business Advisory Council (ASEAN–BAC) နှင့် အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး အာဆီယံအပါအဝင် နိုင်ငံတကာစီးပွားရေး အခင်းအကျင်းတွင်လည်း အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ကျင်းပခဲ့သည့် (၉၅) ကြိမ်မြောက် ASEAN Business Advisory Council (ASEAN–BAC) အစည်းအဝေးတွင် Chairman အဖြစ် တာဝန်လွှဲပြောင်းယူခဲ့သည့် Mr. Arsjad Rasjid P.M (ASEAN–BAC Indonesia)သည် ၂၀၂၃ ခုနှစ် မေ ၁ ရက်မှ ၃ ရက်အတွင်း မြန်မာနိုင်ငံသို့ ASEAN–BAC Roadshow ၏ အစီအစဉ်တစ်ရပ်အဖြစ်ရောက်ရှိခဲ့ပြီး ASEAN–BAC Roadshow ခရီးစဉ်တွင် စင်ကာပူ၊ ဗီယက်နမ်၊ မလေးရှား၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ ဘရူနိုင်း အစရှိသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံ ခြောက်နိုင်ငံသို့ သွားရောက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ခရီးစဉ်၏ အဓိကရည်ရွယ်ချက်မှာ ယခုနှစ်အတွက် အဓိကဦးစားပေးကဏ္ဍ ငါးခု ဖြစ်သည့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေး၊ ကျန်းမာရေးဒဏ်ခံနိုင်စွမ်းကို မြှင့်တင်မှု၊ စားနပ်ရိက္ခာဖူလုံရေးတို့ကိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဒေသတွင်းနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုကို ရရှိရန်နှင့် အထောက်အပံ့ပြုနိုင်မည့် ကဏ္ဍများတွင် ပံ့ပိုးကူညီရန်တို့ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံခရီးစဉ်အတွင်း ASEAN–BAC Indonesia Chairman က အာဆီယံနိုင်ငံများနှင့် ဦးစားပေးဆောင်ရွက်သွားမည့် စီးပွားရေးကဏ္ဍများ၊ အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ အာဆီယံ – မြန်မာအကြား စီးပွားရေးပေါင်းစည်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် ပံ့ပိုးကူညီပေးနိုင်မည့် အစီအစဉ်များကို Panel Discussion တွင် ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပုဂ္ဂိုလ်များနှင့် ဆွေးနွေးခဲ့ကြသည်။

Business Forum အပြီးတွင် သတင်းစာရှင်းလင်းပွဲကိုကျင်းပရာ သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းကြပြီး ASEAN–BAC Chairman နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**သတင်းစဉ်**

## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန နေပြည်တော်ရှိ ဝန်ထမ်းသားသမီးများ၏ နွေရာသီကွန်ပျူတာအခြေခံသင်တန်းဖွင့်လှစ်

**နေပြည်တော်  မေ ၂**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန နေပြည်တော်ရှိ ဝန်ထမ်းများ၏ သားသမီးများ နွေရာသီ ကွန်ပျူတာအခြေခံ သင်တန်းဖွင့်ပွဲကို ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန နေပြည်တော်ရုံး၌ ယနေ့နံနက် ၈ နာရီခွဲက ကျင်းပရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းဦး တက်ရောက်အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားရာတွင် ဝန်ထမ်းသားသမီးများ၏ နွေရာသီ ကျောင်းပိတ်ရက် အားလပ်ချိန်များကို ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရန်၊ ICT ခေတ်တွင် မဖြစ်မနေ တတ်မြောက်ရမည့် ကွန်ပျူတာဘာသာရပ်ကို ငယ်စဉ်ကပင် ရင်းနှီးကျွမ်းကျင်တတ်မြောက်စေရန်နှင့် ဝန်ထမ်းသားသမီးများ၏ အနာဂတ်ပညာသင်ယူမှုတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ဤသင်တန်းကို ဖွင့်လှစ်သင်ကြား လေ့ကျင့်ပေးခြင်းဖြစ်ကြောင်း၊ သားသမီးများအနေဖြင့် တတ်မြောက်ကျွမ်းကျင်အောင် ကြိုးစားသင်ယူလေ့ကျင့်ကြစေလိုပါကြောင်း၊ "ယနေ့လူငယ် နောင်ဝယ်လူကြီး" ဆိုထုံးနှင့်အညီ အနာဂတ်ကို ပခုံးပြောင်းတာဝန်ယူကြမည့် လူငယ်များအနေဖြင့် အသိပညာ၊ အတတ်ပညာ ပြည့်ဝထူးချွန်ထက်မြက်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံနှင့်ပြည်သူက အားကိုးအားထားပြုရသည့် လူရည်ချွန် လူရည်မွန်များ ဖြစ်စေလိုပါကြောင်း မှာကြားသည်။



အဆိုပါ နွေရာသီကွန်ပျူတာ အခြေခံသင်တန်းသို့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန နေပြည်တော်ရှိ ဝန်ထမ်းများ၏ သားသမီး ၄၂ ဦး တက်ရောက်ကြပြီး သင်တန်းကို နေပြည်တော်ရုံး ကွန်ပျူတာသင်တန်းခန်းမ၌ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်သည်။ သင်တန်း၌ Typing Tutor, Microsoft Paint, Microsoft Word, Microsoft Excel & Microsoft Power Point ဘာသာရပ်များကို နံနက် ၉ နာရီမှ ၁၂ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁၂ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ တစ်ကြိမ်၊ အချိန် နှစ်ချိန်ခွဲ၍ သင်တန်းကာလ ရက်သတ္တပတ်သုံးပတ် သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## (၇၇)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဆိုင်းဘုတ်တင်ပွဲနှင့် သက်ကြီးပူဇော်ပွဲကျင်းပ

**မန္တလေး  မေ ၂**

မေ ၅ ရက်တွင် ကျရောက်မည့် (၇၇) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို မေ ၁ ရက်က မန္တလေး ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေး တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး (ဗဟိုမီးသတ်)စခန်းရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယတိုင်းဦးစီးမှူး ဦးဌေးဝင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကိုကို၊ အရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ရင်းမှူးများဖြစ်ကြသော ဦးအေးကိုနှင့် ဦးဝင်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ဘင်ခရာတပ်ဖွဲ့နှင့် ပန်းပွားအဖွဲ့တို့က ညှော်ခံဖျော်ဖြေသည်။

ထို့နောက် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ရုံးအစည်းအဝေးခန်းမ၌ သက်ကြီးပူဇော်ပွဲကို ကျင်းပရာ သန္ဓေ(အငြိမ်းစား) မီးသတ်ဝန်ထမ်းဟောင်းရှစ်ဦးနှင့် အသက် ၇၀ အထက်ရှိသော လက်ရှိ တာဝန်ထမ်းဆောင်နေသူ အရန်မီးသတ်တပ်ဖွဲ့ဝင်ကိုးဦး စုစုပေါင်း ၁၇ ဦးတို့ကို ဂါရဝပြု ပူဇော်ကန်တော့ခဲ့ကြသည်။

ထို့နောက် မန္တလေးပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက် ၇၈ လမ်း၊ အောင်မင်္ဂလာလမ်းရှိ မဏိရတနာကျောင်း (YEC) ရတနာပန်းခင်း တိုင်းရင်းသား တိုင်းရင်းသူများနှင့် မိဘမဲ့ကလေးများ စောင့်ရှောက်ရေးကျောင်းရှိ ကလေးသူငယ် ၄၅၀ တို့အား နေ့လယ်စာ အာဟာရဒါနအလှူ ကျွေးမွေးသည်။ **ဇာနည်ကိုကို (ပုသိမ်ကြီး)**

## မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြု၊ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော်  မေ ၂**

(၇၇)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနက ကြီးမှူး၍ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့်စုပေါင်းသွေးလှူဒါန်းပွဲကို မေ ၂ ရက် နံနက်ပိုင်းက မန္တလေးမြို့၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးများဦးဆောင်သော တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀၀ တို့က မန္တလေး အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေရှိ မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရား ရင်ပြင်တော်သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ အာရုံခံတန်ဆောင်းအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား ရေသပ္ပာယ်ခြင်း၊ ရောင်တော်ဖွင့်ခြင်းများကို ကုသိုလ်ပြုဆောင်ရွက်ကြပြီး တပ်ဖွဲ့ဝင်များ စုပေါင်း၍ နဝကမ္မအလှူငွေများ လှူဒါန်းသည်။

ထို့နောက် စုပေါင်းသွေးလှူဒါန်းပွဲအဖြစ် မန္တလေးပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်တွင် တပ်ဖွဲ့ဝင် ၁၀၀ က ဇီဝိတဒါနအဖြစ် သွေးလှူဒါန်းကြရာ သွေးလှူဒါန်းနေမှုများကို တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းထွန်းနှင့်တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြကာ ကြက်ဥ၊ အချိုရည်၊ နို့အေး၊ မုန့်၊ ဓာတ်ဆားထုပ်နှင့် အားဆေးများ ပေးဝေကြသည်။ **ဇော်ဘီ**

## (၇၇) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆို သွေးလှူဒါန်း

**သီပေါ  မေ ၂**

(၇၇) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မီးသတ်ဦးစီးဌာနမှူး ဦးမြင့်ဦး ဦးဆောင်၍ ယနေ့နံနက်ပိုင်းက ခရိုင်ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းသည်။

သွေးလှူဒါန်းရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင့်ဦးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးပြီး သွေးလှူဒါန်းသည့် မီးသတ်တပ်ဖွဲ့ဝင်များကို အားပေးစကားပြောကြားကာ အာဟာရဖြည့်အစားအစာများ ပေးအပ်သည်။ **(ယာပုံ)**



ဆက်လက်၍ ခရိုင်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းအပြင်တို့ကို မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးနှင့် ကျန်းမာရေးဌာနများမှ အင်အား ၁၀၀ ကျော်တို့က ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော်  မေ ၂**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ကမ်းပျိုကျေးရွာနေ မင်းမင်းထိုက်(ခ) မင်းထိုက်သည် ၎င်းအသုံးပြုသည့် " Hein Hein Thu" TikTop အကောင့်၊ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျီးစုကျေးရွာနေ ပန်းအိဖြူသည် ၎င်းအသုံးပြုသည့် "Pen Ei Phyu" Facebook အကောင့်၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် တောင်သူစုရပ်ကွက်နေ ထက်ထက်ဝင်းသည် ၎င်းအသုံးပြုသည့် "Htet Htet Win" Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ အောင်ချမ်းသာ (ခ) အောင်ကောင်းစံသည် ၎င်းအသုံးပြုသည့် "Aung Kaung San" Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများဖြစ်သည့် "ဆီမီးတိုင်များကိုင်ဆောင်လှည့်လည်ပူဇော်ပွဲ" နှင့် "ဓမ္မပူဇာသဘင်ဆင်ယင်ကျင်းပပွဲ" များ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မေ ၂**

ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများကို ၂၀၂၃ ခုနှစ် မေ ၃ ရက် ညနေပိုင်းနှင့် ညပိုင်းတို့တွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်း၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ခမ်းနားထည်ဝါစွာ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းတွင် ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများကို စီစဉ်ကျင်းပသွားမည်ဖြစ်ရာ ညနေ ၆ နာရီ ၄၅ မိနစ်မှ စတင်၍ ဆီမီးတိုင်များကိုင်ဆောင်လှည့်လည် ပူဇော်ပွဲနှင့် ည ၈ နာရီအချိန်တွင် ကျင်းပမည့် ဓမ္မပူဇာသဘင်ဆင်ယင်ကျင်းပပွဲတို့ကို MRTV Farmers' Channel ၊ MRTV Parliament Channel ၊ MRTV Sports Channel၊ MWD EDUCATION , KNOWLEDGE & SPORTS Channel ၊ TVM Channel ၊ Channel LIGHT Channel နှင့် WAF Channel တို့မှ တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်ပြီး MRTV – HD Channel မှ ဆီမီးတိုင်များ ကိုင်ဆောင်လှည့်လည်ပူဇော်ပွဲ စတင်ချိန်မှ ည ၈ နာရီ သတင်းမတိုင်မီအထိ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ဓမ္မပူဇာသဘင်ဆင်ယင်ကျင်းပပွဲကို ည ၈ နာရီ သတင်းများအပြီး ည ၉ နာရီခန့်မှစ၍ ထုတ်လွှင့်သွားမည်ဖြစ်သည်။

ဓမ္မပူဇာသဘင်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ သန်လျင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသက ငါးပါးသီလ ချီးမြှင့်ပေးမည်ဖြစ်ပြီး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ၊ ရွှေကျင်သာသနာပိုင်ဖြစ်တော်မူသော အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက သီတဂူဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တညာဏိဿရက တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးသွားမည်ဖြစ်သည်။ **သတင်းစဉ်**

## ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့နယ်အတွင်းရှိ IDPs စခန်းများမှ မူလနေရပ်ကျေးရွာများသို့ ပြန်လည်ရွှေ့ပြောင်းနေထိုင်ကြမည့် အိမ်ထောင်စုများအား တွေ့ဆုံအားပေးထောက်ပံ့

**မြစ်ကြီးနား မေ ၂**

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းရှိ ယာယီတိုက်ပွဲရှောင်ပြည်သူများ မူလနေရပ်ကျေးရွာများသို့ ပြန်လည်ပြောင်းရွှေ့နေထိုင်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မေ ၂ ရက် နံနက် ၈ နာရီက ပြည်နယ်ဝန်ကြီးချုပ်သည် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်ရှိ ဆွတ်ငိုင်တောင် IDP စခန်းနှင့် ရွှေစက်နှစ်ခြင်း IDP စခန်းများမှ မူလနေရပ်ကွက်ကျေးရွာများသို့ပြန်လည်ပြောင်းရွှေ့နေထိုင်ကြမည့် အိမ်ထောင်စုများအား သွားရောက်တွေ့ဆုံအားပေးသည်။**(အောက်ယာပုံ)**

ထိုသို့ မူလနေရပ်ကျေးရွာများသို့ ပြောင်းရွှေ့နေထိုင်ကြမည့် အိမ်ထောင်စုများအား ဆွတ်ငိုင်တောင်စခန်း၌ တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ်က မိမိတို့၏ သွေးချင်းညီနောင်များ ယာယီခိုလှုံရာစခန်းများတွင် နေထိုင်ခဲ့သည်မှာ (၁၀) စုနှစ်ကျော်ကြာမြင့်ပြီဖြစ်သောကြောင့် ယနေ့မိသားစုများအနေဖြင့် မိမိတို့နေရပ်များသို့ ပြန်လည်ရွှေ့ပြောင်းနေထိုင်ကြမည်ဖြစ်သည့်အတွက် လတ်တလောနေထိုင်စားသောက်မှု အဆင်ပြေစေရေး ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်းနှင့် ဆက်လက်၍လည်း နေထိုင်ရာကျေးရွာများတွင် အဆင်ပြေစွာနေထိုင်နိုင်ရေး မိမိတို့အနေဖြင့် ဆက်လက်ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အားပေးပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက IDPs စခန်းနှစ်ခုမှ ၎င်းတို့၏ မူလနေရပ် မြစ်ကြီးနားမြို့နယ် အကြဲကျေးရွာအုပ်စု မလိဆွတ်ယန်ကျေးရွာ၊ ဝိုင်းမော်မြို့နယ် ဂါးရာယန်ကျေးရွာ၊ ကဇူးကျေးရွာ၊ ဒဘတ်ယန်ကျေးရွာတို့နှင့် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် တိန်းဆင်းကျေးရွာများသို့ ပြန်လည်ရွှေ့ပြောင်းနေထိုင်ကြမည့် အိမ်ထောင်စု ၃၅ စု၊ လူဦးရေ ၁၉၈ ဦးတို့အတွက် ပြည်နယ်အစိုးရအဖွဲ့မှ ပြောင်းရွှေ့စရိတ်ထောက်ပံ့ငွေ တစ်အိမ်ထောင်လျှင် ကျပ်တစ်သိန်းနှုန်းစီနှင့် ဆန် တစ်အိတ်၊ ဆီတစ်ပိဿာစီတို့ဖြင့် စုစုပေါင်း ငွေသားနှင့် ပစ္စည်းတန်ဖိုးငွေကျပ် ၆၄၀၅၀၀၀ နှင့် ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက အိမ်ထောင်စုများအတွက် ဆန်ရိက္ခာ တစ်လစာ၊ ပြောင်းရွှေ့စရိတ် တစ်သိန်းစီနှင့် ကယ်ဆယ်ရေးပစ္စည်းများဖြင့် စုစုပေါင်းပစ္စည်းနှင့် ငွေသားတန်ဖိုးငွေကျပ် ၇၃၇၆၇၈၅ကို အသီးသီး ထောက်ပံ့ပေးအပ်ရာ ရွှေ့ပြောင်းပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ထို့မှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ကြီးနားပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ဒေါက်တာတင့်နိုင်၊ ဆေးရုံအုပ်ကြီးဒေါက်တာဝင်းမော်နှင့် တာဝန်ရှိသူများက ဆေးရုံ၌ ကိုဗစ်–၁၉ ရောဂါကြိုတင်ကာကွယ်တားဆီးရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုများနှင့် စပ်လျဉ်း၍ အရေးပေါ်လူနာဌာနတွင် ကိုဗစ်–၁၉ သံသယလူနာများအား စစ်ဆေးနိုင်ရေး ကိုဗစ်စစ်ဆေးခန်း ဆောင်ရွက်ထားရှိမှု၊ ဆေးရုံပင်မလူနာဆောင်နှင့် သုံးထပ်လူနာဆောင်တို့အတွင်း အောက်ဆီဂျင်ပိုက်လိုင်းများဖြင့် ကိုဗစ်–၁၉ လူနာ ၂၀၀ ကျော်အတွက် သီးခြားစောင့်ကြည့်ကုသပေးနိုင်ရေး အောက်ဆီဂျင်အိုးများစုဆောင်းထားရှိမှုနှင့် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လိုက်လံရှင်းလင်းပြသမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဆေးရုံသွေးလှူဘဏ်၌ ပြည်နယ်မီးသတ်ဦးစီးဌာနက (၇၇) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ကြိုဆိုဂုဏ်ပြုသောအားဖြင့် တပ်ဖွဲ့ဝင်များ၏ စုပေါင်းသွေး လှူဒါန်းပွဲသို့ တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မီးသတ်တပ်ဖွဲ့ဝင်များ သွေးလှူဒါန်းမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ပြည်နယ်မီးသတ်တပ်ဖွဲ့ ပြည်နယ်ဦးစီးမှူးထံ ထောက်ပံ့ငွေကျပ် ငါးသိန်း၊ သွေးလှူဘဏ်ဝန်ထမ်းများအတွက် ထောက်ပံ့ငွေကျပ် နှစ်သိန်းကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**




မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | – | အောင်နိုင်ဦး |
| **ခေတ္တစာတည်းမှူး** | – | မြင့်စိုး |
| **သတင်းထောက်မှူး** | – | ခင်ရတနာ |
| **စာတည်းများ** | – | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| **ဘာသာပြန် စာတည်း** | – | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| **အကြီးတန်း သတင်းထောက်များ** | – | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **အငယ်တန်း သတင်းထောက်များ** | – | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| **ဓာတ်ပုံ သတင်းထောက်** | – | တင်စိုး |
| **သုတေသန** | – | အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | – | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | – | သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | – | သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | – | (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | – | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်–စာတည်းမှူး** ၀၆၇–၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချီရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။



MYANMAR Digital News Presented by NPE www.mdn.gov.mm


## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂–၅–၂၀၂၃

**ရွှေ**

| | | | |
|---|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား | ကျပ် | ၂၃၃၅၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား | ကျပ် | ၂၃၃၂၇၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ | အမေရိကန်ဒေါ်လာ | ၁၉၈၂ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ | အမေရိကန်ဒေါ်လာ | ၁၉၈၀ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၉၀၀ ကျပ် | ၁၉၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၉၈၀ ကျပ် | ၂၀၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၉၅ ကျပ် | ၂၀၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၇၅ ကျပ် | ၂၁၂၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၉၉ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၇၁ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၁ . ၃၇၇ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၂၈ . ၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၀ . ၄၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၃ . ၈၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၆၄၆ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၁၀၀ | ၇၉၀၀ | ၄၀ | ၃၂၂၀၀၀ |
| MTSH | ၂၉၀၀ | ၂၈၀၀ | ၄၁၀၅ | ၁၁၇၅၂၀၅၀ |
| MCB | ၇၀၀၀ | ၇၀၀၀ | ၇၆၇ | ၅၃၆၉၀၀၀ |
| FPB | ၁၄၅၀ | ၁၄၅၀ | ၂၀၀၄ | ၂၉၀၅၈၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၅၅၀ | ၂၅၅၀ | ၂၇ | ၆၈၈၅၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ – စုစည်းသည်

(၇၇)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုဆောင်းပါး

# ရေကြည်ကိုရှာ နွေအခါ သတိထားစရာများ

သိန်းထွန်းဦး
(စက်မှုတက္ကသိုလ်)

**ကျွန်ုပ်တို့ သက်ရှိလောကကြီးတွင် "ရေ"သည် မရှိမဖြစ်ပင် အရေးကြီးကြောင်း စာဖွဲ့ရန်ပင် လိုမည်မထင် အားလုံးအသိပင်ဖြစ်၏။ အနီးရေတစ်ပေါက်အတွက် အသက်ပေါင်းများစွာ သေကျေပျက်စီးခဲ့ကြသလို အသက်ပေါင်းမြောက်မြားစွာကို ရှင်သန်ခဲ့ကြရသည့် သာဓကများလည်း အများအပြားပင် ရှိနေတော့သည်။ ထို့အတွက်ကြောင့် လူတိုင်း ရေကို လုံလုံလောက်လောက် ရရှိလိုကြသည်။ ဤတွင် "ရေကြည်ရာ မြက်နုရာ" ဆိုရိုးအတိုင်း ရေအရင်းအမြစ်ရှိရာ မြစ်ချောင်းများကို တည်မှီလျက် မြို့ပြများ တည်ဆောက်နေထိုင်ခဲ့ကြသည် မဟုတ်ပါလော။**

ကျွန်ုပ်တို့ မွေးဖွားရှင်သန် နေထိုင်လျက်ရှိသော နိုင်ငံသည် နွေရာသီရောက်တိုင်း ရာသီဥတု၏ အပူဒဏ်ကြောင့် မြို့နယ်များရှိ ရပ်ကွက်များသာမက မြို့ပြနှင့်ဝေးသော အရပ်ဒေသအများစုတွင် သောက်သုံးရေရှားပါးမှု ပြဿနာကို နှစ်စဉ်ရင်ဆိုင်ကြုံတွေ့နေရသည်မှာ အားလုံးအသိပင် ဖြစ်ပေမည်။ မည်မျှပင် မြစ်နား၊ ချောင်းနားတွင် မြို့ရွာတည်စေဦးတော့ နွေရာသီ၏ ရေခန်းချိန်တွင် **"ကမ်းနီး ရေဝေး"** ဆိုသည့် စကားအတိုင်း သောက်သုံးရေရှားပါးမှု ပြဿနာမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုကြီးထွားလာသကဲ့သို့ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များ၏ အကျိုးဆက်အဖြစ် အပူချိန် ပိုမိုမြင့်တက်လာခြင်းကြောင့်လည်း ရေရှားပါးမှုဒဏ်ကို ထိခိုက်ခံစားရသော ကျေးရွာ/ရပ်ကွက် အရေအတွက်လည်း တိုးပွားလာခဲ့သည်။

အထူးသဖြင့် ကျေးလက်နေပြည်သူလူထုအတွင်း စက်ရေတွင်းများကို တူးဖော်ဆောင်ရွက်ပေးနေသည့်ကြားမှ ကျေးလက်နေ ပြည်သူများအနေဖြင့် ရှေးရိုးအစဉ်အလာမပျက် လက်ရေတွင်းများဖြင့် ရပ်ရွာ၏ ရေလိုအပ်ချက်ကို ဖြည့်တင်းအသုံးပြုနေကြခြင်း၊ ရေတွင်း ရေကန်ဆိုလျှင် မြန်မာ့ဓလေ့အရ ဖျက်ဆီးမှုများ မပြုလုပ်ကြသဖြင့် ရေတွင်းဟောင်းများမှာ ယနေ့ထက်တိုင် ရှိနေကြခြင်းဖြစ်ပေသည်။ အချို့သော ရပ်ရွာများ၌ ရေအောင်သော၊ ရေထွက်အားကောင်းသော ရေတွင်းတစ်တွင်းတည်းကို အားကိုးအားထားပြု၍ မိသားစုအများက အလှည့်ကျစနစ်ဖြင့် ရေခပ်လျက် ဝါးမောင်းတံ၊ ရေငင်ကြိုးများဖြင့် ရေပုံးတပ်ဆင် ခပ်ယူအသုံးပြုနေကြဆဲဖြစ်သည်။

## ထုံးတမ်းသဖွယ်

ကျွန်တော်တို့နိုင်ငံတွင် နှစ်စဉ်တပေါင်း၊ တန်ခူး၊ ကဆုန်လ (မတ်၊ ဧပြီ၊ မေလ)တို့ ရောက်လေတိုင်း ကျေးရွာ/ရပ်ကွက်များအတွင်း စုပေါင်းအသုံးပြုသော လက်ရေတွင်းများမှာ ရေထွက်အားနှင့် ရေခပ်အား မမျှမတဖြစ်ကြရသည်။ ထို့ကြောင့်ပင် တပေါင်း၊ တန်ခူးလသည် တစ်နှစ်တာကာလ၏ ရေအဆုတ်ဆုံးအချိန်(ရေခန်းချိန်) ရောက်ပြီဖြစ်၍ အတောင် ၂၀၊ ၃၀ အနက်ရှိ ရေတွင်းများကို လူငယ်လူရွယ်အများစုက ရေပိုမိုထွက်ရှိစေရန်အတွက် ရေတွင်းဆယ်ခြင်းနှင့် အမှိုက်သရိုက်၊ ရေညှိ/ရေမှော်၊ သစ်ရွက်ဆွေးများ သန့်ရှင်းစေရေး (တွင်းချေးဆယ်ခြင်း) လုပ်ငန်းကို စုပေါင်းဆောင်ရွက်ကြသည်မှာ မြန်မာ့ကျေးလက်များ၏ ထုံးတမ်းသဖွယ် ကာလအတန်ကြာကပင် ဖြစ်တည်လာခဲ့ရသည်ဖြစ်ပေရာ လူမှုအဖွဲ့အစည်းအတွင်း ယဉ်ကျေးမှုဓလေ့စရိုက်တစ်ခုအဖြစ် ဖြစ်တည်လာခဲ့ရသည်။



ရေတွင်းရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်စဉ် အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ပုံ။

သို့ကြောင့်ပင် ကျေးလက်ဒေသ၌ **"ယောက်ဖတို့ရေ ရွာလယ်က ရေတွင်းကြီး ဖော်လိုက်ရအောင် ... ဟော့၊ ပြီးရင်တော့ ကြက်ဘူး (ကြက်သားနှင့် ဘူးသီး) ကာလသားချက်လေးနဲ့ ပင်ကျရည်ချိုလေးတွဲပြီး အောင်ပွဲခံကြစို့"** ဆိုသည့် ဆော်ဩသံနှင့်အတူ ကျေးရွာအုပ်စု/ရပ်ကွက်အတွင်းရှိ ရေတွင်းဟောင်းကြီးများကို လူကြီး၊ လူငယ်များ စုပေါင်းဆယ်ယူကြသည့် ချစ်စဖွယ်ဓလေ့ထုံးစံများ၏ နောက်ကွယ်၌ ကြေကွဲဖွယ်ရာဇာတ်လမ်းအများအပြား ဖြစ်ပေါ်ခဲ့သည်ကို သတိချပ်မိနိုင်စေရန် ဤဆောင်းပါးကို ရေးသားရခြင်းလည်း ဖြစ်သည်။

အမှန်စင်စစ် မြန်မာနိုင်ငံတွင် နေအပူချိန် မြင့်တက်ခြင်းနှင့် ရေခန်းခြောက်မှုတို့ကြောင့် ရေတွင်းဆယ်ရာမှ နောက်ဆက်တွဲပြဿနာအဖြစ် ကျေးရွာ၊ ရပ်ကွက်နေပြည်သူအချို့ နှစ်စဉ် တန်ဖိုးရှိလှသော အသက်များစွာ ဆုံးရှုံးနေရ၏။ မိုးခေါင်ရေရှား အညာဒေသများ၌ **"ရွှေကို မလို ရေကိုလိုသည်"**ဆိုသည့် စကားသည် အသက်ရှင်ရေးအတွက် ရေသည် မည်မျှလိုအပ်ကြောင်း ရှင်းပြစရာပင် မလိုအောင်ပြည့်စုံထိမိပြီး ရင်တွင်းမှလာသော စကားရပ်လေးပင်ဖြစ်မည်။

**❖ ရေတွင်းဆယ်ခြင်းကြောင့် အဖိုးတန်လူ့အသက်ပေါင်းများစွာ သေဆုံးရသည့်ဖြစ်စဉ်များကို လေ့လာကြည့်မည်ဆိုပါက တိုင်းဒေသကြီး / ပြည်နယ်များတွင် ၂၀၁၇ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ အကြိမ် ၁၃၉ ကြိမ်တွင် ကယ်ဆယ်ရသည့်ဦးရေ ၁၅၀ တွင် ၄၉ ဦးအား အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ပြီး ၁၀၁ ဦး သေဆုံးခဲ့သဖြင့် နှစ်စဉ်ပျမ်းမျှ၁၇ ဦးခန့် သေဆုံးခဲ့**

## နှစ်စဉ်ပျမ်းမျှ အကြိမ် ၂၀ ကျော်ရှိ

သို့ဖြစ်ရာ ရေရရှိရေးအတွက် ရေတွင်းဆယ်ခြင်းမှာ မဆန်းပါလေ။ သို့သော် ထိုသို့ရေတွင်းဆယ်ခြင်းကြောင့် အသက်ဆုံးရှုံးရသည့်ဖြစ်စဉ်များကတော့ တစ်နိုင်ငံလုံးရှိ အများပြည်သူအကြားတွင် အမှုမဲ့အမှတ်မဲ့ပင်ဖြစ်၏။ သတိထားမိမှသာ သိရှိနိုင်၏။ နိုင်ငံတစ်ဝန်း၌ နွေရာသီ သောက်သုံးရေရှားပါးချိန်ရောက်ပြီဆိုလျှင် မီးသတ်တပ်ဖွဲ့ဝင်များမှ ရေတွင်းရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို နှစ်စဉ်ဆောင်ရွက်ခဲ့ရသည်။ မီးသတ်ဦးစီးဌာန၏ ရှာဖွေကယ်ဆယ်ရေးမှတ်တမ်းများအရ ၂၀၁၇ ခုနှစ်တွင် ၁၅ ကြိမ်၊ ၂၀၁၈ ခုနှစ်တွင် ၁၇ ကြိမ်၊ ၂၀၁၉ ခုနှစ်တွင် အကြိမ် ၂၀ နှင့် ၂၀၂၀ ပြည့်နှစ်တွင် ၄၂ ကြိမ်၊ ၂၀၂၁ ခုနှစ်တွင် ၂၃ ကြိမ်နှင့် ၂၀၂၂ ခုနှစ်တွင် ၂၂ ကြိမ် ဖြစ်ပွားခဲ့ရာ နှစ်စဉ်ပျမ်းမျှ အကြိမ် ၂၀ ကျော် ရှိသည်။

## ကယ်ဆယ်နိုင်

၂၀၂၀ ပြည့်နှစ် မေ ၉ ရက်တွင်လည်း ရှမ်းပြည်နယ် လားရှိုးမြို့နယ် ဟိုပိတ်ကျေးရွာတွင် အကျယ် လေးပေ၊ အနက်ပေ ၅၀ ခန့်ရှိသော ရေတွင်းဟောင်းတစ်ခုကို ပြန်လည်တူးဖော်ရာမှ ရေတွင်းထဲ၌ လူငါးဦး အောက်ဆီဂျင်ပြတ်တောက်၍ အသက်ရှူမဝဖြစ်ပြီး သတိလစ်နေခြင်းအပေါ် မီးသတ်တပ်ဖွဲ့ဝင်များမှ သွားရောက်ကယ်ဆယ်ခဲ့သော်လည်း နှစ်ဦးကိုသာ ကယ်ဆယ်နိုင်ခဲ့ပြီး သုံးဦး သေဆုံးခဲ့ရသည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ရသည်မှာ ရင်နင့်ဖွယ်ပင်ဖြစ်ပေတော့သည်။ ထို့ပြင် မကြာသေးမီက ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ကုန်းမြင့်ကျေးရွာ ရွှေကံ့ကော်လမ်း၊ နေအိမ်ခြံဝင်းအတွင်းရှိ ရေတွင်းထဲသို့ ၂၀၂၃ ခုနှစ် ဧပြီ ၁၈ ရက်က အမျိုးသားတစ်ဦး ပြုတ်ကျသေဆုံးခဲ့သည့် ဖြစ်စဉ်ကဲ့သို့ ဧပြီ ၁၉ ရက်တွင်လည်း မွန်ပြည်နယ် သထုံမြို့နယ် သိမ်ဆိပ်ရပ်ကွက် ငါးကြင်းအင်းအပိုင်းရှိ ရေတွင်းထဲသို့ အမျိုးသားတစ်ဦး ပြုတ်ကျသည့် ဖြစ်ပွားခဲ့ရာ ၎င်းအား ကျိုက်ကော်နယ်မြေ မီးသတ်တပ်ဖွဲ့ဝင်များက အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့သည်။

## "လေအသက် မိနစ်ဝက်"

ရေတွင်းဆယ်ခြင်းကြောင့် အဖိုးတန်လူ့အသက်ပေါင်းများစွာ သေဆုံးရသည့်ဖြစ်စဉ်များကို လေ့လာကြည့်မည်ဆိုပါက တိုင်းဒေသကြီး/ ပြည်နယ်များတွင် ၂၀၁၇ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ အကြိမ် ၁၃၉ ကြိမ်တွင် ကယ်ဆယ်ရသည့်ဦးရေ ၁၅၀ တွင် ၄၉ ဦးအား အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ပြီး ၁၀၁ ဦး သေဆုံးခဲ့သဖြင့် နှစ်စဉ်ပျမ်းမျှ ၁၇ ဦးခန့် သေဆုံးခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ နှစ်အလိုက် စိစစ်မည်ဆိုပါက ၂၀၁၇ ခုနှစ်တွင် ၁၈ ဦး၊ ၂၀၁၈ ခုနှစ်တွင် ၁၀ ဦး၊ ၂၀၁၉ ခုနှစ်တွင် ၂၀ ၊ ၂၀၂၀ ပြည့်နှစ်တွင် ၂၈ ဦး၊ ၂၀၂၁ ခုနှစ်တွင် ၁၄ ဦး၊ ၂၀၂၂ ခုနှစ်တွင် ၁၁ ဦး သေဆုံးခဲ့သည်။ ထိုသို့ သေဆုံးရခြင်းမှာ **"ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်"**ဆိုသည့် စကားထက် အဆပေါင်းများစွာ ပို၍ မြန်သည်က **"လေအသက် မိနစ်ဝက်"** ဖြစ်သောကြောင့်ဖြစ်သည်။ အချိန်မီကယ်ဆယ်ရန် မိနစ်ပိုင်းသာ အချိန်ရပြီး လမ်းခရီး အကွာအဝေးများကြောင့် အသက်ရှင်လျက် ကယ်ဆယ်နိုင်ရန် ခက်ခဲလှပေသည်။ လူတိုင်း ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို သိရှိထားရန် သို့မဟုတ် အရေးပေါ်ကယ်ဆယ်ရေးနည်းလမ်းများကို တတ်မြောက်ထားရန် လိုအပ်ပေမည်။

## သတိပေးနှိုးဆော်ထား

တစ်နှစ်ထက်တစ်နှစ် ရေတွင်းဆယ်ခြင်းကြောင့် အသက်ဆုံးရှုံးမှုများ ပိုမိုများပြားလာသည့်အတွက် ရေတွင်း၊ ရေကန်များ ဆယ်ယူတူးဖော်ခြင်း၊ ရေဟောင်းလဲလှယ်ရာတွင် ရေတွင်းထဲ၌ ရေစုပ်စက်နှိုးခြင်းနှင့် အကြောင်းတစ်ခုခုကြောင့် ရေတွင်းထဲ ဆင်းသက်ခြင်းစသည့်ကိစ္စရပ်များကို အတွေ့အကြုံမရှိဘဲ မိမိသဘောဖြင့် မပြုလုပ်ကြရန်၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့အပါအဝင် ကျွမ်းကျင်သူများ၏ အကူအညီကို ရယူဆောင်ရွက်ကြရန်နှင့် အဆိုပါကိစ္စရပ်များအပေါ် ပေါ့ပေါ့ဆဆ သဘောမထားဘဲ သတိထားဆောင်ရွက်ကြရန်အတွက် သက်ဆိုင်ရာ မြို့နယ်မီးသတ်ဦးစီးမှူးများမှတစ်ဆင့် ပြည်သူလူထုသို့ အသိပေးဆောင်ရွက်သွားကြရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်အနေဖြင့် သတိပေးနှိုးဆော်ထားပြီးလည်းဖြစ်သည်။ ထို့ပြင် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းများကို ၂၀၂၂ ခုနှစ်၊ ဩဂုတ်လမှစ၍ ယနေ့အထိ (၃၁)ကြိမ် ဖွင့်လှစ်ပို့ချနိုင်ခဲ့သည်။ အဆိုပါသင်တန်းများသို့ စေတနာ့ဝန်ထမ်း အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းများ၊ လူမှုပရဟိတအသင်းအဖွဲ့များနှင့် မီးသတ်လုပ်ငန်းကို စိတ်ပါဝင်စားသည့် လုပ်ငန်းရှင် ၁၇၅၀ တို့ ပါဝင်တက်ရောက်ခဲ့သဖြင့် ရေတွင်းအသက်ကယ် နည်းစနစ်များအပြင် ရှာဖွေကယ်ဆယ်ရေး အတတ်ပညာရပ်များ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရေး မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ ရည်ရွယ်လုပ်ဆောင်နိုင်ခဲ့သည်။

*စာမျက်နှာ ၂၁ သို့*

## မင်းဘူး(စကု)မြို့နယ်အတွင်း မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် အိမ်ခြေ ၁၃၀ ကျော် ပျက်စီး

**မင်းဘူး မေ ၂**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ်၌ မေ ၁ ရက် ညနေပိုင်းက မိုးသက်လေပြင်း တိုက်ခတ်မှုများကြောင့် အိမ်ခြေ ၁၃၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ကြောင်း မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

မိုးသက်လေပြင်း တိုက်ခတ်မှုများကြောင့် မင်းဘူး(စကု) မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုပေါင်း ၁၇ အုပ်စုမှ လူနေအိမ်လေးလုံး ပြိုလဲပြီး အိမ်ခြေ ၁၃၂ လုံး အမိုးလန် ပျက်စီးခဲ့သည်။ ထို့ပြင် မင်းဘူးမြို့ အမှတ် (၃) ရပ်ကွက် ချမ်းသာကြီး ဘုရားဝင်းအတွင်းရှိ ဉာဏ်တော် ၅၄ ပေ၊ လုံးပတ်ပေ ၆၀ ခန့်ရှိ အရုံစေတီတစ်ဆူမှာ ငုက်ပျောဖူးပြတ်ကျပြီး



**လေပြင်းတိုက်ခတ်မှုကြောင့် ချမ်းသာကြီးဘုရားဝင်းရှိ အရုံစေတီ ထီးတော်မြေခမှုကို တွေ့ရစဉ်။**

ထီးတော်မြေခခဲ့ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင် မြင့်က ပြောသည်။

အဆိုပါ မိုးသက်လေပြင်း တိုက်ခတ်ခဲ့မှုကြောင့် ပျက်စီးမှုများအနက် စာသင်ကျောင်းတစ်ကျောင်းနှင့် ဘာသာရေး အဆောက်အအုံ ခုနစ်လုံး ပါဝင်ကြောင်း သိရပြီး လေဘေးသင့် အိမ်ထောင်စုများအား ဆန်ရိက္ခာဖိုးနှင့် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေများ အမြန်ဆုံး ပေးအပ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**မောင်မောင်(မင်းဘူး)**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် မေ ၂**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"ထားဝယ်မြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ခရီးသွားမော်တော်ယာဉ်အား လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူ အမျိုးသမီးတစ်ဦး သေဆုံးမှု"** ခေါင်းစဉ်ဖြင့် မေ ၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့် အပတ်ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ရဟန်းသံဃာ အယောင်ဆောင်ထားသည့် PDFအမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ဝင်ရောက်တိုက်ခိုက်သည့်ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း၊ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာထားသည်။ **သတင်းစဉ်**

*စာမျက်နှာ ၂၀ မှ*

### ရေတွင်းထဲမှ အန္တရာယ်

လူတိုင်းသည် မွေးဖွားသည့်အချိန်မှ ဘဝနိဂုံးချုပ်ချိန်အထိ ရေကိုလိုအပ်သည်မှာ မှန်ပါ၏။ သို့သော်လည်း အဆိုပါ "ရေ" ရလိုမှုလောဘကြောင့် မိမိတို့ တူးဖော်နေသည့် ရေတွင်းထဲမှ အန္တရာယ်ကို အထူးသတိထားရန်မှာ ပို၍လိုအပ်သည်။ သို့ဖြစ်ရာ အများပြည်သူအတွက် သတိချပ်မိစေရန်အတွက် အဓိက အချက်များကို ထုတ်နုတ်တင်ပြလို၏။ ကျေးလက်ဒေသ လက်ရေတွင်းအမျိုးအစားများစွာ ရှိသည့်အနက်မှ အချို့ရေတွင်းများမှာ မြေသားတွင်းများဖြစ်ပေရာ တွင်းမကြီး၏ အောက်ခြေနံရံများမှာ ကာလကြာရှည်စွာ ရေတိုက်စားမှုကြောင့် ကလိုင်တွင်းကြီးများ ဖြစ်ပေါ်၍ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များ ခိုအောင်းနေသည်။ ယင်းဓာတ်ငွေ့သည် ကျွန်တော်တို့ ပတ်ဝန်းကျင်ရှိ ခြောက်သွေ့သောလေထုတွင် ရောနှောပါဝင်သည့် ဓာတ်ငွေ့ပေါင်း ၁၆ မျိုးထဲမှ ဓာတ်ငွေ့တစ်ခုဖြစ်သည်။ ခြောက်သွေ့သောလေထုထဲတွင် ဓာတ်ငွေ့တစ်မျိုးချင်းစီ၏ ပါဝင်သော ရာခိုင်နှုန်းပမာဏအပေါ်မူတည်၍ ဓာတ်ငွေ့ ရှစ်မျိုး အမည်များကိုတော့ လူသိများကြ၏။ အဓိက ရေတွင်းနှင့်စပ်လျဉ်း၍ ဖော်ပြလိုသည်မှာ ခြောက်သွေ့သော လေထုထဲတွင် နိုက်ထရိုဂျင်($N_2$) ဓာတ်ငွေ့သည် ၇၈ ဒသမ ၀၈၄ ရာခိုင်နှုန်း၊ အောက်ဆီဂျင်($O_2$) ဓာတ်ငွေ့သည် ၂၀ ဒသမ ၉၄၇ ရာခိုင်နှုန်းတို့ဖြင့် အများစုပါဝင်ပြီး အာဂွန် (Ar) ဓာတ်ငွေ့သည် ၀ ဒသမ ၉၃၄ ရာခိုင်နှုန်း၊ ကာဗွန်ဒိုင်အောက်ဆိုက်($CO_2$)ဓာတ်ငွေ့သည် ၀ ဒသမ ၀၃၅၀ ရာခိုင်နှုန်းဖြင့် ရာခိုင်နှုန်းနည်းပါးစွာ ပါဝင်သော်လည်း တစ်နှစ်ပတ်လုံးသုံးစွဲနေသည့် လေစီးဝင်မှုနည်းပါးသည့် (လေဝင်လေထွက် အားနည်းသည့်) ရေတွင်းများထဲတွင် အောက်ဆီဂျင်($O_2$) ဓာတ်ငွေ့အစား ကာဗွန်ဒိုင်အောက်ဆိုက်($CO_2$) ဓာတ်ငွေ့များက အများအပြား ခိုအောင်းပါဝင်တတ်သည်။ အကြောင်းမှာ ကာဗွန်ဒိုင်အောက်ဆိုက်($O_2$) ဓာတ်ငွေ့သည် လေထက် တစ်ဆခွဲမျှပို၍ လေးလံခြင်း၊ အေးမြခြင်းသဘောရှိသော ဓာတ်ငွေ့ဖြစ်သည့်အားလျော်စွာ အနိမ့်ပိုင်းဖြစ်သော ရေတွင်းများ၏ အောက်ခြေ၌ ရှိနေခြင်းဖြစ်သည်ကို သတိပြုမိစေရန် လိုအပ်သည်။

### တစ်ပူပေါ် နှစ်ပူ၊ သုံးပူဆင့်

ထို့သို့ ရေတွင်းအောက်ခြေတွင် ခိုအောင်းနေသည့်ကာဗွန်ဒိုင်အောက်ဆိုက်($CO_2$)ဓာတ်ငွေ့ကို သတိမထားမိဘဲ ရေတွင်းဟောင်းများ၏ အောက်ခြေရှိ နွံနှင့် အမှိုက်များဆယ်ယူခြင်း၊ အလားတူ ရေစုပ်ရန် ရေတွင်းထဲတွင် ရေစုပ်စက်များ ချလျက် စက်မနှိုးမီ အသက်ရှူရန် ပြဿနာမရှိသော်လည်း စက်နှိုးလိုက်သည့်အခါတွင် ထွက်ပေါ်လာမည့် ကာဗွန်မိုနောက်ဆိုက်(CO) ဓာတ်ငွေ့(မီးခိုး)များ၊ စက်သုံးဆီဖြင့် စက်နှိုးရခြင်းကြောင့် ဟိုက်ဒရိုဂျင်ဆိုင်ယာနိုက်(HCN) ဓာတ်ငွေ့များနှင့် မီးခိုးအဆိပ်ငွေ့များ ရှူမိခြင်းကြောင့် စက်နှိုးသူအတွက် အသက်အန္တရာယ်ဖြစ်နိုင်ခြင်း၊ ရေတွင်းထဲသို့ တိရစ္ဆာန်များ ပြုတ်ကျသေဆုံး၍ ပုပ်ပွမှုကြောင့် အနံ့ဆိုးသည့် ($H_2S$) အဆိပ်ငွေ့များရှိနေသည်ကို ဂရုမစိုက်ဘဲ ဆင်းရာမှရှူမိခြင်း၊ အဆိပ်ရှိသော သတ္တဝါများဖြစ်သည့် မြွေများ၊ ကင်းများ၊ တွင်းအောင်းသတ္တဝါများလည်း ခိုအောင်းနေနိုင်ခြင်းများ စသည်တို့က **"ယောက်ဖရေ နေတောင်အတော်စောင်းပြီ ချောင်းထဲမှာ ရေချိုးပြီးဒို့ပြန်မည်"**ဟု သီချင်းတကြော်ကြော်နှင့် ရွာကျိုးရပ်ကျိုးကို ပျော်ပျော်ပါးပါး ဆောင်ရွက်တက်ကြသည့် ကာလသားခေါင်းတို့၏ အသက်များစွာဆုံးရှုံးခဲ့ရသော တစ်ပူပေါ် နှစ်ပူ၊ သုံးပူဆင့်ခဲ့သည့် ဖြစ်စဉ်များကြောင့် အသက်များစွာအတွက် သတိပေးရခြင်းဖြစ်သည်။

### "၁၉၁" Hot Line

ဤသို့ဆိုလျှင် ရေတွင်းဆယ်ခြင်းကြောင့် မတော်တဆမှုများအတွက် အရေးပေါ် အခြေအနေများကြောင့် ကူညီကယ်ဆယ်ရန် အခက်အခဲရှိပါက နီးစပ်ရာမီးသတ်စခန်း၏ တယ်လီဖုန်းနံပါတ်များနှင့် မီးသတ်တပ်ဖွဲ့၏ အရေးပေါ်ဖုန်းနံပါတ် "၁၉၁" Hot Line Phone(191)သို့ အမြန်ဆုံး ဆက်သွယ်ဆောင်ရွက်သင့်သည်။ မီးသတ်တပ်ဖွဲ့ကို ဖုန်းဆက်ခြင်းအပြင် လျင်မြန်စွာ ဆက်သွယ်နိုင်သည့် အခြားနည်းလမ်းတစ်ခုမှာ 191 Report Application အသုံးပြုခြင်းဖြစ်သည်။ ၎င်း Application သည် မြန်မာနိုင်ငံအတွင်း အင်တာနက်ကွန်ရက်ရရှိသည့် မည်သည့်နေရာတွင်မဆို အရေးပေါ်အခြေအနေကို ကိုက် ၂၀ အကွာအဝေးအတွင်းမှ ဓာတ်ပုံမှတ်တမ်းရိုက်၍ ပေးပို့လိုက်ခြင်းဖြင့် မီးသတ်တပ်ဖွဲ့မှ အချိန်မီကူညီကယ်ဆယ်နိုင်ပေမည်။

အရေးပေါ်ကူညီကယ်ဆယ်ရေးများ မရောက်ရှိမီ ရှေးဦးကယ်ဆယ်ရေးအတွက် နည်းလမ်းများကို အကျဉ်းနည်းဖြင့် ဖော်ပြရသော် အများပြည်သူအနေဖြင့် ရေတွင်းထဲတွင်ရှိနေသော ကာဗွန်ဒိုင်အောက်ဆိုက်($CO_2$)ကို ထီး၊ သစ်ခက်များကို အသုံးပြု၍ ရှင်းလင်းဖယ်ထုတ်ခြင်း၊ အောက်ဆီဂျင်($O_2$) ရရှိစေရန်အတွက် ရေမှုန်၊ ရေမွှားများကို ရေတွင်းထဲရှိ လူပေါ်သို့ ဖြည်းညင်းစွာ ဖျန်းချပေးခြင်း၊ အလင်းရောင်ကောင်းစွာမရရှိပါက စက္ကူ၊ အဝတ်စ၊ ဖယောင်းတိုင်များကို မီးရှို့၍ပစ်ချခြင်းများ ရှောင်ကြဉ်ရမည်။ လုံးဝ(လုံးဝ) မပြုလုပ်ရပါ။ ပြုလုပ်ခဲ့ပါက ကာဗွန်မိုနောက်ဆိုက်(CO)ဓာတ်ငွေ့များ ထွက်ပေါ်လာပြီး ရေတွင်းထဲရှိလူအား အန္တရာယ်ဖြစ်စေနိုင်သည်။ ထို့ကြောင့် ရေတွင်းဆယ်ခြင်းများမပြုလုပ်မီ ရေတွင်းထဲတွင် အသက်ရှူရန် လုံလောက်သော အောက်ဆီဂျင်ဓာတ်ငွေ့ ရှိ/ မရှိကို ဦးစွာဆန်းစစ်ခြင်း၊ ရေတွင်းထဲသို့ ဆင်းသက်သူအား ကူညီနိုင်ရန် လုံလောက်သော လူအင်အား၊ ကြိုးများ၊ စက်သီးများ၊ လှေကားများ၊ အသက်ရှူရာတွင် အထောက်အကူပြုနိုင်သည့် (³/₄) လက်မ(သုံးမတ်လုံး) ပလတ်စတစ်ရေပိုက်ရှည်များ၊ ရေပန်းခရားပုံးများ၊ လက်နှိပ်ဓာတ်မီးများ၊ ထီးများ (မရှိပါက သစ်ရွက်များများပါရှိသော သစ်ခက်များ) အသင့်ပြင်ဆင်ထားရှိရန် လိုအပ်ပေမည်။

### ဝိုင်းဝန်းကာကွယ်

နိဂုံးချုပ်အားဖြင့် တင်ပြရသော် ကမ္ဘာ့လူဦးရေ သန်း ၁၀၀၀ ခန့်သည် မသန့်ရှင်းသောရေကို သောက်သုံးနေကြရဆဲဟု မှတ်သားမိသည်။ ယခုလို ပူပြင်းခြောက်သွေ့သော နွေရာသီတွင် မြေအောက်ရေလျော့ကျကာ ရေခန်းခြောက်သည့်ကာလ၌ မိမိတို့ရပ်ကွက်၊ လမ်း၊ နေအိမ်များအနီးရှိ ရေတွင်း၊ ရေကန်များ ဆယ်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရေတွင်းဆယ်ခြင်းနှင့်စပ်လျဉ်းသည့် အတွေ့အကြုံဗဟုသုတမရှိသည့် ကလေးသူငယ်၊ လူငယ်လူရွယ်များအား ပြောဆိုဆုံးမအသိပညာပေးခြင်းဖြင့်၊ နိုင်ငံတစ်ဝန်း မတော်တဆဖြစ်ပွားတတ်သော ရေတွင်းဆယ်ခြင်းလုပ်ငန်းများကြောင့် နိုင်ငံသားများ၏ အသက်အန္တရာယ် ထိခိုက်ပျက်စီးခြင်းများမှ ဝိုင်းဝန်းကာကွယ်ပေးနိုင်စွမ်းကြခြင်းငှာ ဤဆောင်းပါးဖြင့် တိုက်တွန်းရေးသားရင်း ၂၀၂၃ ခုနှစ် မေ ၅ ရက်တွင် ကျရောက်မည့် (၇၇) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုအပ်ပါသည်။ ။

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရှေ့ပြေးစီမံကိန်းများ၏ အသီးအပွင့်

ဝထကလသ (နတလ)

"The purpose of a pilot project is to test whether the new concept is worth pursuing and assess existing implementation strategies."

"ရှေ့ပြေးစီမံကိန်းဟူသည် အကြီးစားစီမံကိန်းများ ပြုလုပ်နိုင်ရန် အောင်မြင်နိုင်မည့် နည်းလမ်းများရှာဖွေရန်နှင့် ဖြစ်နိုင်ခြေရှိသည့် နည်းလမ်းများကို ဖော်ထုတ်ရန်အတွက် ပုံစံတူလုပ်ငန်းငယ်များကို စတင်စမ်းသပ်ဆောင်ရွက်ခြင်း"ဟု အဓိပ္ပာယ်ဖွင့်ဆိုပေသည်။

စီမံကိန်းအများစုသည် ရှုပ်ထွေးလွန်းလှ၏။ မတူညီသော အပေါင်းအစပ်လည်း များလှ၏။ ကွဲပြားခြားနားသော အချက်အလက်များလည်း ရောပြွမ်းလျက်ရှိသည်။ စီမံကိန်းရေးဆွဲရာတွင် ရူပ ပထဝီ၊ ဘူမိဗေဒဖြစ်စဉ်များ၊ ဇလဗေဒဖြစ်စဉ်များ၊ ဒေသ၏ ကျောက်အမျိုးအစားများ၊ မြေဆီလွှာအခြေအနေများ၊ ရာသီဥတုဆိုင်ရာများ၊ မြေအသုံးချမှုများ၊ စီးပွားရေးလုပ်ငန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှုများ၊ ဒေသတွင်းနေထိုင်သူတို့၏ ဓလေ့ထုံးစံအပြုအမူနှင့် လက်ရှိနိုင်ငံရေးအခြေအနေတို့ကို ထည့်သွင်းတွက်ချက်ရသည်။ ထို့ကြောင့် စီမံကိန်းကြီးများ ဆောင်ရွက်ရန်အတွက် အသေးစားစမ်းသပ်မှုများ ဆောင်ရွက်ရန် လိုအပ်ပေသည်။

အသေးစားစမ်းသပ်မှုတစ်ခုပင် ဖြစ်သော်ငြားလည်း ရှေ့ပြေးစီမံကိန်းများ ဆောင်ရွက်ရန်အတွက် အချိန်၊ ငွေကြေးနှင့် အခြားအရင်းအမြစ်များ များစွာရင်းနှီးမြှုပ်နှံရသည်။

မျက်မှောက်ခေတ်တွင် ခေတ်မီလမ်းမကြီးများ၊ ခိုင်မာသော တံတားကြီးများ၊ ပေါ်လွင်ခံ့ထည်သောမြို့ပြများ၊ စိုက်ပျိုးရေးအတွက်အားထားရသည့် ဆည်မြောင်းတာတမံများ၊ မြို့ပြ/ကျေးလက်မီးလင်းရေးလုပ်ငန်းများ၊ ကောင်းမွန်လာသည့် ဆက်သွယ်ရေးစနစ်များကို စာရေးသူတို့ ထိတွေ့အကျိုးခံစားနေကြရသည်။

ဤကဲ့သို့ ဖြစ်ပေါ်လာခြင်းသည် တစ်ရက်တည်းနှင့် ပေါ်ပေါက်လာခြင်းတော့ မဟုတ်ခဲ့ပေ။ တန်ခိုးရှင်များ ဖန်တီးခဲ့ခြင်းလည်း မဟုတ်ပေ။ ခေတ်အဆက်ဆက် စိန်ခေါ်မှုမျိုးစုံ၊ ပေးဆပ်မှုမျိုးစုံတို့ဖြင့် အဆင့်ဆင့် မျိုးစေ့ချလက်ဆင့်ကမ်းကြိုးစား၍ အကောင်အထည်ဖော်ခဲ့ခြင်းများကြောင့်သာ ယခုကဲ့သို့ အသီးအပွင့်များကို ခံစားနေကြရခြင်းဖြစ်ပေသည်။ သို့သော် ပထမဆုံးသောခြေလှမ်းများ စတင်ခဲ့သည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကိုတော့ အများစုက သိရှိနိုင်ကြမည် မဟုတ်ပေ။ လက်ရှိ ဆက်လက်အကောင်အထည်ဖော်ပေးနေသော အဖွဲ့အစည်းများကိုသာ မြင်သာထင်သာ သိရှိနိုင်ကြပေလိမ့်မည်။

မြန်မာ့သမိုင်းကြောင်းတွင် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက် တည်ငြိမ်အေးချမ်းသာယာရေးအတွက် ကဏ္ဍအသီးသီး၌ ပထမဆုံးခြေလှမ်းများကို စတင်မျိုးစေ့ချပေးခဲ့သည့် လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ အများအပြားရှိခဲ့သည်။

**မင်းမြတ်အနော်ရထာ၏ Pilot Project များ**

ခေတ်သစ်သမိုင်းပညာရှင်များက မှေးမှိန်ယိမ်းယိုင်နေသော ထေရဝါဒဗုဒ္ဓသာသနာကို သီဟိုဠ်ကျွန်းနှင့် အရှေ့တောင်အာရှတို့တွင် တည်တံ့ခိုင်မြဲအောင် ကာကွယ်ပေးခဲ့သူမှာ အနော်ရထာဘုရင်ဖြစ်သည်ဟု ဆိုကြသည်။

မင်းမြတ်အနော်ရထာသည် ၄၂ ဆက်မြောက် ပုဂံမင်းဆက်ဖြစ်၏။ ခရစ်နှစ် ၁၀၄၄ ခုမှ ၁၀၇၇ ခုအထိ ၃၃ နှစ်တိုင် နိုင်ငံကို အုပ်ချုပ်ခဲ့သည်။ ထိုကာလအတွင်း နိုင်ငံကို တိုးတက်အောင်၊ ကျယ်ပြန့်အောင်၊ စည်းရုံးအောင်၊ သာယာဝပြောအောင်နှင့် ယဉ်ကျေးမှုတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။



နယ်စပ်ရေးရာဝန်ကြီးဌာနက ခြေလျင်တောင်တက်လမ်းအဆင့်မှ မြေသားလမ်း/ကျောက်ခင်းလမ်းအဖြစ် အဆင့်မြှင့်တင် ဖောက်လုပ်ပေးခဲ့သည့် မငွေဇ- ခေါင်လန်ဖူးလမ်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်ရေးအတွက် တောက်ပသောအနာဂတ်များရရှိနိုင်စေရန် မင်းမြတ်အနော်ရထာသည် မိမိသွေးသားများကိုပင် စတေးပေးဆပ်ခဲ့ရသည်။

အနော်ရထာနှင့် စုက္ကတေးသည် အဖေတူ အမေကွဲ ဝမ်းကွဲနောင်တော်၊ ညီတော်ဖြစ်၏။ ထိုအချိန်က အနော်ရထာသည် ပုဂံနန်းကျဘုရင် ကွမ်းဆော်(ကြောင်ဖြူမင်း)၏ သား၊ စုက္ကတေးသည် ပုဂံဘုရင်ဖြစ်၏။ အနော်ရထာနှင့် စုက္ကတေးတို့သည် သမထီးချောင်းဘေး၌ မြင်းစီးချင်းတိုက်ခဲ့ကြသည်။ စီးချင်းတိုက်ပွဲ၌ အနော်ရထာ အနိုင်ရခဲ့သည်။ ထိုသို့ အနိုင်ရပြီးနောက်ပိုင်းမှသာ ကျည်စိုးနှင့် စုက္ကတေးညီနောင်လက်ထက်က ဖရိုဖရဲနှင့် ယိုင်နဲ့နေသော နိုင်ငံတော်ကို ပြန်လည်ထူထောင်နိုင်ခဲ့လေသည်။

မင်းမြတ်သည် နိုင်ငံစီးပွားရေးလုပ်ငန်း၏ အဓိကသော့ချက်မှာ စိုက်ပျိုးရေးလုပ်ငန်းများဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စေရန်အတွက် ရေသည် အဓိကကျကြောင်း သိရှိခဲ့သည်။

ထို့ကြောင့် အနော်ရထာမင်းသည် မိတ္ထီလာကန်ကို ပြုပြင်ခဲ့သည်။ မိုးနည်းသောဒေသများတွင် ဆည်၊ မြောင်း၊ ကန်၊ ချောင်းများ ဖောက်လုပ်ခဲ့သည်။ ပန်းလောင်မြစ်မှ ကင်းတားဆည်၊ ငနိုင်းသင်ဆည်၊ ပြောင်းပြာဆည်၊ ကူမဲဆည်တို့ကို ဆည်ဖို့သည်။ ဇော်ဂျီ(မကွခရာ) မြစ်မှာ နားတက်ဆည်၊ ကွမ်းဆေးဆည်၊ ကူတော်ဆည်တို့ကို ဆည်ဖို့သည်။ ထို့ပြင် ဆည်ရေသောက်လယ်တွင်း ၁၁ ရွာ ကိုလည်း ပြုစုတော်မူခဲ့သည်။

ဤကျေးဇူးကြောင့် ပုဂံပြည်သားတို့သည် လယ်၊ ယာ၊ ကိုင်း၊ ဥယျာဉ်တို့ လုပ်ကိုင်နိုင်ခဲ့ကြသည်။ စပါး စသောသီးနှံမျိုးစုံ အမြောက်အမြားထွက်အောင် ရာသီအလိုက်စိုက်ကြသည်။ အောင်မြင်သဖြင့် စားစရာ၊ သောက်စရာ၊ ချိုချဉ်အရသာမျိုးစုံ ဖောဖောသီသီ ရကြလေသည်။ ပုဂံသားတို့ စီးပွားရေး အထူးကောင်းမွန်လာကြလေသည်။

အင်အား ခိုင်မာတောင့်တင်းသော၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်သော ပုဂံတပ်မတော်ကိုလည်း ဖွဲ့စည်းနိုင်ခဲ့သည်။ ဖွဲ့စည်းရာ၌ လက်အောက်ခံ ရွာ၊ မြို့၊ ခရိုင်တို့၏ အင်အားကိုလိုက်၍ စစ်သည်အင်အားအချိုးကျပါဝင်စေသည်။ အရေးကြုံသောအခါ ခေါ်ယူနိုင်သော အရန်အင်အားများထားရှိသည်။ တကွဲတပြားစီဖြစ်နေသော နယ်ပယ်များကို သိမ်းသွင်းနိုင်ခဲ့သည်။

အနော်ရထာ နန်းတက်စက ပုဂံပြည်၏ အကျယ်အဝန်းသည် မြန်မာနိုင်ငံ၏အလယ်ပိုင်းဒေသ တစ်ဝိုက်မျှသာ ဖြစ်သော်လည်း မြန်မာနိုင်ငံအောက်ပိုင်းကိုသာမက သထုံ၊ တနင်္သာရီ၊ ရခိုင်၊ ဗန်းမော်၊ မြစ်ကြီးနားဒေသတစ်ဝိုက်အထိ နယ်နိမိတ်ကျယ်ပြန့်လာခဲ့သည်။

သို့ဖြင့် အနော်ရထာလက်ထက်တွင် ပထမဆုံးအကြိမ် စည်းရုံး၍ အင်အားခိုင်မာတောင့်တင်းသော **"ပထမမြန်မာနိုင်ငံတော်"** ကို တည်ထောင်နိုင်ခဲ့သည်။ ထေရဝါဒဗုဒ္ဓသာသနာတော်နှင့် သန့်ရှင်းသော ယဉ်ကျေးမှုထွန်းကားအောင်လည်း ဆောင်ရွက်ခဲ့သည်။

သူ၏စီမံဆောင်ရွက်မှုများသည်ကား မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၏ ရှေ့ပြေးစီမံကိန်းများဟုပင် ဆိုရပေလိမ့်မည်။

သူ၏ Pilot Project များသည်ကား အနာဂတ်နိုင်ငံတော်အတွက် ခွန်အားရှိလှသည့် ပထမဆုံးသော ခြေလှမ်းများဖြစ်သည်ဟုလည်း ယုံကြည်မိသည်။

**ရှမ်းပြည်နယ်(တောင်ပိုင်း)လမ်းမကြီး၏ Pilot Project များ**

ယခုအသုံးပြုနေသည့် ရှမ်းပြည်နယ် (တောင်ပိုင်း) အဝေးပြေးလမ်းမကြီးများ၏ ရှေ့ပြေးစီမံကိန်း(pilot project) သည်လည်း ရှေးဘိုးဘွားမြန်မာမင်းများ လက်ထက်ကပင် စတင်ခဲ့ခြင်းဖြစ်သည်။ မြန်မာဘုရင်များလက်ထက်က ရှမ်းပြည်နယ်နှင့် ပြည်မဒေသများအကြား ကူးသန်းရောင်းဝယ် သွားလာရေးအတွက်လည်းကောင်း၊ စစ်ချီစစ်တက်သော စစ်လမ်းကြောင်းများအဖြစ် လည်းကောင်း၊ တောင်ကြားလမ်းများကိုသာ အသုံးပြုခဲ့ကြသည်။ ထိုအချိန်က နွားဝန်တင်များ သွားရာလမ်းများသာဖြစ်၏။

ထိုစဉ်က ပို့ဆောင်ဆက်သွယ်ရေးအတွက် ရောဝတီမြစ်ရေကြောင်းလမ်းသည် အဓိကဖြစ်ခဲ့၏။ ကုန်ပစ္စည်းများကို ဖလှယ်ရန် မြစ်ကမ်းမှ တောင်ပေါ်ဒေသများသို့ သွားလာရန် လမ်းကြောင်းများ လိုအပ်သည်။ ထို့ကြောင့် မြင်းခြံဆိပ်ကမ်းမှတစ်ဆင့် ရှမ်းပြည်နယ် (တောင်ပိုင်း)သို့ အုပ်ချုပ်ရေးနှင့် ဆက်သွယ်ရေးလမ်းဖောက်လုပ်ရန် ရည်ရွယ်ခဲ့ကြသည်။

ရှမ်းပြည်နယ် (တောင်ပိုင်း)သို့ ဆက်သွယ်သည့် မူလရှိပြီး လှည်းလမ်းမကြီးကို မြင်းခြံမြို့မှစတင်ကာ စတက်မန်းခံတပ်(ညောင်ရွှေဒေသ)အထိ အဆင့်မြှင့်တင် ဖောက်လုပ်ခဲ့ကြသည်။ လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများကို ၁၈၈၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သော ပြည်သူ့လုပ်ငန်းဌာန (Public Works Department) က တာဝန်ယူဆောင်ရွက်ခဲ့သည်။

၁၈၈၇ ခုနှစ် နှစ်ဦးပိုင်းမှစ၍ မူလရှိနေပြီးဖြစ်သော တောင်ကြားလမ်းကို လှည်းများသွားလာနိုင်သည့် ၁၆ ပေအကျယ်ရှိ မြေသားလမ်းအဖြစ် လမ်းတာချဲ့ခဲ့သည်။

ထိုလမ်းပိုင်းသည် "ကလော" သို့ ၁၈၉၁ ခုနှစ် ဖေဖော်ဝါရီလတွင် လမ်းပေါက်ခဲ့သည်ဟု မှတ်တမ်းများအရ သိရသည်။ ထိုနှစ်အတွင်းမှာပင် နန့်ပန်တက် (Nampandet) တံတားလည်း ဆောက်လုပ်ပြီးစီးခဲ့သည်။

*စာမျက်နှာ ၂၃ သို့*

■ **ယနေ့ကာလတွင်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးကဏ္ဍများ၌ ရှေ့ပြေးစီမံကိန်းများစွာကို အကောင်အထည်ဖော်လျက်ရှိကြသည်။ ထို Pilot Project များစွာအနက် "နယ်စပ်ရေးရာဝန်ကြီးဌာန"က အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည့် ရှေ့ပြေးစီမံကိန်းများလည်း ပါဝင်**

*စာမျက်နှာ ၂၂ မှ*

ကလောမှ ဟဲဟိုး၊ ရွှေညောင်နှင့် ညောင်ရွှေ- တောင်ကြီးအထိ ဆက်လက်လမ်းဖောက်လုပ်ခဲ့ကြသည်။ ထို့ကြောင့် ရှမ်းပြည်နယ် (တောင်ပိုင်း) လှည်းလမ်းမအရှည်မှာ မြင်းခြံမှ သာစည်အထိ ၇၁ မိုင် နှင့် သာစည်မှ တောင်ကြီးအထိ ၁၀၁ မိုင်ရှိသောကြောင့် စုစုပေါင်း ၁၇၂ မိုင်အရှည်ရှိသည်။

ဤလမ်းဖောက်လုပ်ရေးလုပ်ငန်း၏ Pilot Project အစောပိုင်းအဆင့်မှာ နွားဝန်တင်သွားလမ်းမျှသာဖြစ်လေ၏။ ထိုမှမြေသားလမ်းအဆင့် လမ်းတာချဲ့ခဲ့ပြီးနောက် ကျောက်ခင်းလမ်းအဖြစ် အဆင့်မြှင့်ခဲ့ကြသည်။ထိုမှ ကတ္တရာလမ်းအဖြစ်သို့ ပြောင်းလဲခဲ့ကြခြင်းဖြစ်လေသည်။

ဤသို့ဖြင့် ယခုအချိန်တွင် ပြည်မနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ဆက်သွယ်သည့် တောင်ကြားလမ်းအဆင့်မှ နှစ်ပေါင်း ၂၀၀ ခန့် အဆင့်ဆင့်ပြုပြင်ရင်း လေးလမ်းသွား နိုင်လွန်ကတ္တရာလမ်းမကြီးအဖြစ် ခမ်းနားစွာရောက်ရှိခဲ့ပြီဖြစ်ကြောင်း မျက်ဝါးထင်ထင် တွေ့မြင်နိုင်ကြပြီဖြစ်သည်။

**နယ်စပ်ရေးရာဝန်ကြီးဌာနသည်**

ယနေ့ကာလတွင်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးကဏ္ဍများ၌ ရှေ့ပြေးစီမံကိန်းများစွာကို အကောင်အထည်ဖော်လျက်ရှိကြသည်။ ထို Pilot Project များစွာအနက် "နယ်စပ်ရေးရာဝန်ကြီးဌာန" က အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည့် ရှေ့ပြေးစီမံကိန်းများလည်း ပါဝင်သည်။

နယ်စပ်ရေးရာဝန်ကြီးဌာနသည် ၁၉၉၃-၁၉၉၄ ခုနှစ်မှစတင်၍ Border Line နှင့် ထိစပ်လျက်ရှိသည့် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို လိုအပ်နေသော ပြည်နယ် ခုနစ်ခု၊ တိုင်းဒေသကြီး နှစ်ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ ခြောက်ခုရှိ မြို့နယ်ပေါင်း ၁၆၉ မြို့နယ်၊ ကျေးရွာပေါင်း ၁၁၀၆၉ ရွာတို့ကို တာဝန်ယူ၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုဒေသများ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများကို နှစ်တို၊ နှစ်ရှည် စီမံကိန်းများ၊ ရှေ့ပြေးစီမံကိန်းများဖြင့် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

**ခေါင်လန်ဖူးလမ်းသည်လည်း Pilot Project**

ကချင်ပြည်နယ် ပူတာအိုခရိုင် ခေါင်လန်ဖူးဒေသသည် ဖွံ့ဖြိုးရေးဆောင်ရွက်ပေးနေသည့် ဒေသများအနက်မှ တစ်ခုအပါအဝင်ဖြစ်သည်။ ပူတာအို- မဂွေဇ- ခေါင်လန်ဖူးလမ်းသည် ၁၃၂ မိုင် ကျော်ရှည်လျားပြီး ခြေကျင်၊ လား၊ မြင်းများဖြင့် ၁၂ ရက်မှ ၁၃ ရက်ကြာ ပင်ပန်းဆင်းရဲစွာ သွားလာခဲ့ရသည့် ဒေသတစ်ခု ဖြစ်ခဲ့သည်။

ဤဒေသသည် ရာသီဥတုပြင်းထန်လှ၏။ တစ်နှစ်ပတ်လုံးလိုလို မိုးရွာသွန်းမှုများရှိ၏။ တော၊ တောင်၊ ချောက်၊ ထူထပ်၍ မတ်စောက်မြင့်မား၏။ မြစ်များ၊ ချောင်းများရေစီးကြမ်းတမ်းပြီး ဖြတ်သန်းရခက်ခဲလှ၏။ ထိုအခက်အခဲများကို ကျော်ဖြတ်လျက် ခေါင်လန်ဖူးမြို့သို့ ကားလမ်းပေါက်ပြီး မော်တော်ကားများ ရောက်ရှိလာရန်မှာ ဒေသခံတိုင်းရင်းသားများအတွက် အိပ်မက်သဖွယ်သာ ဖြစ်ခဲ့လေ၏။

ဒေသခံများသည် ထိုသို့သော မြင့်မားမတ်စောက်လှသည့် ဆန်းလွတ်ချက်တောင်ကြား အပါအဝင် တောင်စဉ်တောင်တန်းများနှင့် ခက်ခဲလှသည့် လမ်းပန်းဆက်သွယ်ရေး အခြေအနေများကြောင့် နှစ်စဉ် စားနပ်ရိက္ခာပြတ်လပ်မှုများ ဖြစ်ပေါ်ခဲ့ရသည်။ တပ်မတော်က ရဟတ်ယာဉ်များဖြင့် နှစ်စဉ် ထောက်ပံ့ပေးပို့ရသော ဒေသတစ်ခု ဖြစ်ခဲ့သည်။ ဒေသခံတိုင်းရင်းသားများ၏ ဘဝအိပ်မက်ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် လမ်းညွှန်ခဲ့သည်။ လမ်းညွှန်ချက်အပေါ်မူတည်ပြီး ဖြစ်နိုင်ခြေဆန်းစစ်လေ့လာမှုများဖြင့် ၂၀၁၅ ခုနှစ်မှစတင်၍ လမ်းဖောက်လုပ်ရေး ရှေ့ပြေးစီမံကိန်းများကို ဆောင်ရွက်ခဲ့သည်။

၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်မှစတင်၍ လေးနှစ်စီမံကိန်းဖြင့် အပိုင်းလေးပိုင်းခွဲကာ လမ်းဖောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အပိုင်း (၂) ၌ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၇၇၀၀ ကျော်ရှိသည့် မတ်စောက်သော ဆန်းလွတ်ချက်တောင်ကြားကို ဖြတ်သန်းဖောက်လုပ်ခဲ့ရခြင်း၊ ကျောက်စွယ် ကျောက်ငုတ်များ ထူထပ်စွာတည်ရှိခြင်း၊ ရာသီဥတုကြမ်းတမ်းခြင်း၊ မြေအနေအထားမတ်စောက်ခြင်းများအပြင် အပိုင်း(၃)၌လည်း ရေစီးကြမ်းသော မေခမြစ်ကို ခက်ခဲစွာဖြတ်သန်း၍ ယာဉ်/ယန္တရားများ၊ ဆောက်လုပ်ရေးပစ္စည်းများကို ပို့ဆောင်ရခြင်း စသည့်စိန်ခေါ်မှုမျိုးစုံကို တွေ့ကြုံခဲ့ရသော်လည်း အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့လေသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနမှ အင်ဂျင်နီယာများ၊ ဝန်ထမ်းများ၊ တပ်မတော်မှ မိုင်းဖောက်ခွဲရေး ကျွမ်းကျင်စစ်သည်များ၊ ဒေသခံပြည်သူများပူးပေါင်း၍ မဆုတ်မနစ်သော ဇွဲလုံ့လတို့ဖြင့် လမ်းဖောက်လုပ်ရေးလုပ်ငန်းများကို ရာသီဥတုမရွေး ရသမျှအချိန်ကို အကျိုးရှိစွာ အသုံးချဆောင်ရွက်ခဲ့ကြသည့်အတွက် "အိပ်မက်လမ်း" ဟု တင်စားခေါ်ဆိုကြသည့် မဂွေဇ-ခေါင်လန်ဖူးလမ်းသည် စတင်ဖောက်လုပ်ချိန်မှ လေးနှစ်နှင့် ရှစ်လအကြာ ၃- ၉- ၂၀၂၂ ရက်နေ့တွင် ခေါင်လန်ဖူးမြို့သို့ တစ်ကြောင်းထိုးလမ်း အောင်မြင်စွာပေါက်ကာ မော်တော်ကားများ စတင်ရောက်ရှိခဲ့ပေပြီ။ ရှေ့ပြေးစီမံကိန်းကား အောင်မြင်ခဲ့ပေပြီ။

အောင်ပွဲဆိုသည်မှာ စွဲစွဲမြဲမြဲ လုပ်ဆောင်ရသူများနှင့်သာ သက်ဆိုင်သည်။ ဤလမ်းဖောက်လုပ်ရေးလုပ်ငန်းသည် ကြီးကြပ်ကွပ်ကဲသူ၊ မြေပြင်တာဝန်ထမ်းဆောင်ရသူများ၏ စိတ်အားတက်ကြွမှုများကြောင့် အတားအဆီးများစွာကို အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ခြင်းဖြစ်သည်။

ယခုအခါ မဂွေဇ - ခေါင်လန်ဖူးလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ မကြာမီကာလတွင် ကျောက်ခင်းလမ်း အဆင့်ပြီးမြောက်တော့မည် ဖြစ်သည်။ မေခမြစ်ကူး ရီဒမ်းတံတား ပြီးစီးချိန်တွင်တော့ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်သည်။

ထို့ကြောင့် နယ်စပ်ရေးရာဝန်ကြီးဌာနက ရှေ့ပြေးစီမံကိန်း Pilot Project အဖြစ် စတင်အကောင်အထည်ဖော်ခဲ့သော မဂွေဇ- ခေါင်လန်ဖူးလမ်းသည် တစ်ချိန်တွင် ဒေသခံများအတွက် ပိုမိုကောင်းမွန်သော နိုင်လွန်ကတ္တရာလမ်းမကြီးတစ်ခု ဖြစ်ပေါ်လာပေလိမ့်မည်။

လမ်းမကြီးနှင့်အတူ ဒေသဖွံ့ဖြိုးမှုများလည်း ရရှိလာပေလိမ့်မည်။ ဖွံ့ဖြိုးမှုရရှိပါမှ စိမ်းညို့သောတောင်တန်း၊ စိမ်းလန်းသောတော၊ စိမ်းစိုသော အနာဂတ်တို့နှင့်အတူ တိုင်းရင်းသားတို့ဒေသသည် ပိုမိုလှပလာပေလိမ့်မည် ။

**ဆိုလာစနစ်ဖြင့် ချောင်းရေတင်ခြင်း Pilot Project များ**

စိုက်ပျိုးရေကိုအားထားရသော တောင်သူများအတွက် ရာသီမရွေး ရေရရှိရန် လိုအပ်သည်။ မြစ်ရေ၊ ချောင်းရေများကို ဆိုလာရေတင်စနစ် အသုံးပြု၍ စိုက်ခင်းများသို့ တိုက်ရိုက်ရေသွင်း စိုက်ပျိုးခြင်း (သို့) ရေလှောင်ကန်များမှတစ်ဆင့် ရေသွင်းစိုက်ပျိုးခြင်း ပြုလုပ်နိုင်လျှင် သီးနှံမျိုးစုံကို ရာသီမရွေး စိုက်ပျိုးနိုင်မည်ဖြစ်သည်။ ထိုအခါ တောင်သူများသည် စိုက်ပျိုးရေးမှ ဝင်ငွေပိုမိုရရှိကာ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်၏။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)သည် တောင်ကုန်းတောင်တန်းများပေါ်များပြီး စိုက်ပျိုးမြေဧရိယာနည်းပါးသော ဒေသဖြစ်သည်။ ရာသီဥတုအပေါ်မူတည်၍ သီးနှံများစိုက်ပျိုးရခြင်းကြောင့် ကောက်ပဲသီးနှံထွက်ရှိမှုနည်းပါးကာ မိသားစုဝင်ငွေနည်းပါးကြသည်ကို တွေ့ရှိရသည်။ ထိုကဲ့သို့သောဒေသများအတွက် ရာသီပေါ်ကောက်ပဲသီးနှံများကို သီးထပ်၊ သီးညှပ် (သို့) နှစ်သီးစား၊ သုံးသီးစားအဖြစ် ထပ်တိုးစိုက်ပျိုးနိုင်ပါမှ တိုင်းရင်းသားတောင်သူများ သီးနှံအထွက်တိုးပြီး မိသားစုဝင်ငွေ ပိုမိုရရှိနိုင်ပေမည်။ စိုက်ပျိုးရေးကို အလေးထားရသော ဒေသခံတို့၏ လူမှုစီးပွားဘဝ ပိုမိုတိုးတက်ကောင်းမွန်စေမည်ဖြစ်သည်။ ထိုသို့ ရာသီမရွေးကောက်ပဲသီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေရရှိရန် အဓိကလိုအပ်သည်။ မြစ်ရေ/ ချောင်းရေများကို ပိတ်ဆို့သွယ်ယူခြင်း၊ သိုလှောင်ကန်များအတွင်းသို့ ရေတင်သိုလှောင်ပြီး ရေဖြန့်ဝေပေးခြင်းတို့ဖြင့် ရာသီမရွေး စိုက်ပျိုးရေအသုံးပြုနိုင်အောင် ဆောင်ရွက်ပေးရန် လိုအပ်သည်။

ထို့ကြောင့် နယ်စပ်ရေးရာဝန်ကြီးဌာနက ဆိုလာရေတင်စိုက်ပျိုးရေး Pilot Project များကို ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် နမ့်စန်မြို့နယ်၊ ပင်းတယခရိုင်၊ ဟိုပုံးခရိုင်၊ လွိုင်လင်ခရိုင်၊ လင်းခေးခရိုင်နှင့် ဆီဆိုင်မြို့နယ်တို့တွင် လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) တွင် ဟိုပန်ခရိုင်၊ ကွတ်ခိုင်မြို့နယ်၊ လားရှိုးမြို့နယ်နှင့် မိုင်းရယ်မြို့နယ်များတွင်လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် မိုင်းပျဉ်းမြို့နယ်၊ မိုင်းခတ်မြို့နယ်၊ မိုင်းယောင်းမြို့နယ်၊ မိုင်းဆတ်မြို့နယ်နှင့် မိုင်းဖြတ်မြို့နယ်တို့တွင်လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

ယခုအခါ ထိုဒေသများတွင် ဆောင်ရွက်ခဲ့သည့် ဆိုလာရေတင်စနစ် Pilot Project များ အောင်မြင်ပြီး ရာသီမရွေး ရေကိုအလုံအလောက်ရရှိနေပြီဖြစ်သဖြင့် နွေရာသီတွင်ပင် ရေတဖွေးဖွေးနှင့် စိမ်းစိုသော စိုက်ခင်းမြေတို့ဖြင့် ဒေသခံများ ပျော်ရွှင်နေကြပေပြီ။ မြန်မာနိုင်ငံတစ်နံတစ်လျား ရေတင်စိုက်ပျိုးရေးလုပ်ငန်းများကို ပြည်နယ်/တိုင်းအနှံ့ ဆောင်ရွက်ပေးနိုင်ပါက တောင်သူလယ်သမားများအတွက် အကျိုးပြုအားထားရသော စနစ်တစ်ခု ကျယ်ပြန့်စွာ ဖြစ်ပေါ်လာမည်ဟုလည်း ယုံကြည်မိသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် အဆိုပါဆိုလာစနစ်ဖြင့် ရေတင်စိုက်ပျိုးရေး Pilot Project များအတွက် ရန်ပုံငွေကျပ် ၂၉၄ ဒသမ ၆၃၅ သန်းသုံးစွဲခဲ့ပြီး အကျိုးပြုသော စိုက်ပျိုးမြေဧကပေါင်းမှာ ၃၀၄ ဒသမ ၅ ဧကဖြစ်သည်။

ဆက်လက်ပြီး ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်များတွင် ဆိုလာရေတင်စနစ် စိုက်ပျိုးရေး Pilot Project များ ဆက်လက်အကောင်အထည်ဖော်ပေးသွားမည်ဖြစ်သည်။

**အတ္တကင်းသော Pilot Project များ**

စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် ပန်းတိုင်သို့ ဖြောင့်ဖြူးချောမောစွာ ရောက်ရှိအောင်မြင်မှုများရှိသလို မအောင်မြင်မှုများလည်း ရှိနိုင်သည်။

အကောင်းနှင့် ကြုံတွေ့သလို အဆိုးနှင့်လည်း ကြုံတွေ့ကြရမည်ဖြစ်သည်။ အောင်မြင်မှု၏ သော့ချက်၊ အခြေခံအုတ်မြစ်တွင် ဒေသခံများ၏ ပူးပေါင်းဆောင်ရွက်မှုသည်လည်း အဓိကကျလှပေသည်။

Pilot Project များသည် အခြေခံမှစ၍ ကြိုးစားအားထုတ်ရခြင်းဖြစ်သဖြင့် အခက်အခဲများ၊ ဆုံးရှုံးမှုများ ရင်ဆိုင်ကြရမည်ဖြစ်သည်။ ရုတ်တရက် နေ့ချင်း၊ ညချင်း အောင်မြင်ခဲ့သောစီမံကိန်းများ ရှားပါးပါလိမ့်မည်။ စီမံကိန်းစတင်အကောင်အထည်ဖော်သူတို့သည် မဆုတ်မနစ်သော ဇွဲသတ္တိမျိုးဖြင့် ကြိုးစားခဲ့ကြရသည်။ အခက်အခဲအမျိုးမျိုးကို ရင်ဆိုင်ခဲ့ရသော်လည်း ထက်သန်သော စေတနာ၊ မလျော့သော ဇွဲလုံ့လဖြင့် အချိန်၊ ငွေကြေး၊ အသက်၊ အခြား အရင်းအမြစ် စသည့် ပေးဆပ်မှုမျိုးစုံကို စတေးကာ ကြိုးစားခဲ့ရသည်။ ထို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ Pilot Project များကို စတင်စမ်းသပ်ဆောင်ရွက်ခဲ့ကြသူများအား ဦးဆောင်လမ်းထွင်သူ (Pioneer)များဟု အသိအမှတ်ပြုကြရပေမည်။

ယနေ့ အောင်မြင်စွာဖြစ်ပေါ်နေသည့် စီမံကိန်းများ၊ လုပ်ငန်းကဏ္ဍများသည် Pilot Project စီမံကိန်းများဖြင့် ရှေ့ပြေးစတင်ခဲ့ခြင်းသာ ဖြစ်သည်။ အကောင်အထည်ဖော်ခဲ့ကြသည့်ပုဂ္ဂိုလ်များ၊ ရှေးမြန်မာမင်းများ၊ ဘိုးဘေးများ၊ အဖွဲ့အစည်းများ၏ကျေးဇူးကား အနန္တရှိလေ၏။ သူတို့ကား ကွယ်လွန်ခဲ့သည်မှာ ကြာခဲ့ပြီ၊ သို့ရာတွင် သူတို့အမည်၊ သူတို့စိတ်ဓာတ်၊ သူတို့၏ကျေးဇူးတို့ကားမပျယ်၊ သင်းပျံ့ဆဲပင် ဖြစ်လေသည်။

"ဤနေရာ၊ ဤဒေသတို့တွင် ဖွံ့ဖြိုးတိုးတက်လာမည်၊ စည်ပင်သာယာဝပြောလာမည်၊ နိုင်ငံသားတို့ ပျော်ရွှင်ခံစားကြရသည့် အကျိုး/အမြတ်၊ အသီးအပွင့်များ ဖြစ်ပေါ်လာမည်ကို ကြိုတင်သိရှိ မျှော်မှန်းခဲ့ပါသလား" ဟု တစ်ချိန်က ကောင်းသောမျိုးစေ့ချပေးခဲ့သူများအား နှိုး၍ မေးကြည့်ချင်သည်။

သူတို့ ဤသို့ ဖြေပေလိမ့်မည်။ " မိမိတို့သည် မိမိနိုင်ငံ၊ မိမိလူမျိုးကို ချစ်ခင်မြတ်နိုး တန်ဖိုးထားသည်။ ဒေသများအားလုံး တည်ငြိမ်အေးချမ်းစေချင်သည်၊ နိုင်ငံတော်ကို ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်စေချင်သည့်အတွက် အတ္တကင်းသောနှလုံးသားမှ ယိုစိမ့်ကျလာသည့် မေတ္တာ၊ စေတနာ၊ ကရုဏာဖြင့် ကဏ္ဍအသီးသီးမှ စီမံကိန်းများကို အကောင်အထည်ဖော်ခဲ့ကြခြင်းသာဖြစ်သည်"ဟု သစ္စာစကားကို တညီတညွတ်တည်း ဖြေကြားပေလိမ့်မည်ဟု ယုံကြည်မိပါတော့သည်။ ။

**ယခုအခါ ထိုဒေသများတွင် ဆောင်ရွက်ခဲ့သည့် ဆိုလာရေတင်စနစ် Pilot Project များ အောင်မြင်ပြီး ရာသီမရွေး ရေကိုအလုံအလောက်ရရှိနေပြီဖြစ်သဖြင့် နွေရာသီတွင်ပင် ရေတဖွေးဖွေးနှင့် စိမ်းစိုသော စိုက်ခင်းမြေတို့ဖြင့် ဒေသခံများ ပျော်ရွှင်နေကြပေပြီ။ မြန်မာနိုင်ငံတစ်နံတစ်လျား ရေတင်စိုက်ပျိုးရေးလုပ်ငန်းများကို ပြည်နယ်/တိုင်းအနှံ့ ဆောင်ရွက်ပေးနိုင်ပါက တောင်သူလယ်သမားများအတွက် အကျိုးပြုအားထားရသော စနစ်တစ်ခု ကျယ်ပြန့်စွာ ဖြစ်ပေါ်လာမည်ဟုလည်း ယုံကြည်**



## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မေ ၂**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရေဆင်းကန်ဦးကျောင်းတိုက်နှင့် လယ်ဝေးမြို့နယ်ရှိ ရတနာပုံတောရကျောင်းတိုက်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ကျိုက်ပွန်ဇေတဝန်ကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ အောင်ပါရမီပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ အရှင်ဥတ္တမသာရပရိယတ္တိစာသင်တိုက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ မစိုးရိမ်ကျောင်းတိုက်၊ ရန်ကင်းမြို့နယ်ရှိ မဟာဗောဓိကျောင်းတိုက်နှင့် သာကေတမြို့နယ်ရှိ အောင်သီတာကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိမဟာသုဗောဓာရုံကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ရတနာသိဒ္ဓိကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မြောက်ဥယျာဉ်တိုက်သစ်ကျောင်းတိုက်၊ ချမ်းမြသာစည်မြို့နယ်ရှိ အောင်မြေရွှေဘုံကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ မင်္ဂလာသုခပါဠိတက္ကသိုလ်ကျောင်းတိုက်နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ကန်ကြီးကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော် သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **သတင်းစဉ်**

## မိုင်းပန်မြို့နယ်အတွင်း ဘုန်းတော်ကြီးကျောင်းများအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မေ ၂**

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) အတွင်းရှိ ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်းများတွင် ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုးကို ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယမန်နေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ကောင်းထက်အောင်နှင့် တာဝန်ရှိသူများက မိုင်းပန်မြို့နယ် ၃ မိုင် ဘုန်းတော်ကြီးကျောင်းရှိ ရဟန်း၊ သံဃာတော်များအတွက် ဆွမ်းဆန်တော် ဆီ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုးတို့ကို သွားရောက်ဆက်ကပ် လှူဒါန်းကြကြောင်း သိရသည်။ **သတင်းစဉ်**



# တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)၏ ကြီးကြပ်မှုအောက်ရှိ အောက်ဖော်ပြပါ အဆောက်အဦ/မြေနေရာများအငှားချထားခြင်းနှင့် သန့်စင်ခန်းအသုံးပြုခကောက်ခံခြင်းလုပ်ငန်းတို့အား တင်ဒါစနစ်ဖြင့် ငှားရမ်းမည်ဖြစ်ပါသဖြင့် တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | Lot-No | တည်နေရာ | အတိုင်းအတာ |
|---|---|---|---|
| (က) | Lot-1 | အင်းစိန်မြို့နယ်၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ | ၁၅' x ၁၅' |
| (ခ) | Lot-2 | ဘုရင့်နောင်လမ်း၊ ရိုးကြီးချောင်းဘေး | ၁၅' x ၁၅' |
| (ဂ) | Lot-3 | ။ | ၁၅' x ၁၅' |
| (ဃ) | Lot-4 | ။ | ၁၅' x ၁၅' |
| (င) | Lot-5 | ။ | ၁၅' x ၁၅' |
| (စ) | Lot-6 | ။ | ၁၅' x ၁၅' |
| (ဆ) | Lot-7 | ။ | ၁၅' x ၁၅' |
| (ဇ) | Lot-8 | ။ | ၁၅' x ၁၅' |
| (ဈ) | Lot-9 | ။ | ၁၀' x ၁၅' |
| (ည) | Lot-10 | ။ | ၁၀' x ၁၅' |
| (ဋ) | Lot-11 | ။ | ၂၀' x ၁၂' |
| (ဌ) | Lot-12 | ။ | ၂၄' x ၁၂' |
| (ဍ) | Lot-13 | ။ | ၁၅' x ၁၅' |
| (ဎ) | Lot-14 | ။ | ၀.၂၃၅ ဧက |
| (ဏ) | Lot-15 | သာကေတတံတားဟောင်းပေါ်ရှိပန်းခြံ၊ Linear Park အတွင်းရှိ အများပြည်သူသုံး သန့်စင်ခန်း (၅)ခန်းတွဲ (၂)ခု အသုံးပြုခကောက်ခံခြင်းလုပ်ငန်း | |

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ကျောက်တံတားမြို့နယ်၊ ဆူးလေဘုရားလမ်းနှင့်မဟာဗန္ဓုလလမ်းထောင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (မြို့တော်ခန်းမ)၊ ဒုတိယထပ်ရှိ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)တွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်-

| | | |
|---|---|---|
| တင်ဒါအရောင်းချမည့်ရက် | - | ၅-၅-၂၀၂၃ (သောကြာနေ့) |
| တင်ဒါအရောင်းပိတ်မည့်ရက် | - | ၂၂-၅-၂၀၂၃ (တနင်္လာနေ့) (၁၃:၀၀ နာရီ) |
| တင်ဒါဖွင့်ပွဲကျင်းပမည့်နေ့ရက် | - | ၂၄-၅-၂၀၂၃ (ဗုဒ္ဓဟူးနေ့) (၁၀:၀၀ နာရီ) |
| တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ | - | မြို့တော်ခန်းမ၊ ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီ |

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**



## ထားဝယ်ခရိုင် ရေဖြူမြို့နယ် (ဂ) ရပ်ကွက် သာသနာ့ရံသီဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

**ထားဝယ် မေ ၂**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဆွမ်း/ကွမ်းခက်ခဲသည့် ဘုန်းတော်ကြီးကျောင်းများသို့ ထောက်ပံ့လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ထားဝယ်ခရိုင် ရေဖြူမြို့နယ် (ဂ) ရပ်ကွက် သာသနာ့ရံသီဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ကုလားပဲများ ဆက်ကပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရေဖြူမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းထွေးနှင့် ဝန်ထမ်းများက ရေဖြူမြို့နယ် (ဂ) ရပ်ကွက် သာသနာ့ရံသီဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းဆန်တော် ရှစ်အိတ်၊ ဆီပိဿာ ၃၀၊ ကုလားပဲ ငါးပိဿာ စသည်တို့ကို ကျောင်းထိုင်ဆရာတော်ထံသို့ ထောက်ပံ့လှူဒါန်းကြောင်း သတင်းရရှိသည်။ **ငွေဇင်ယော်(ထားဝယ်)**

## အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ အမက တလုတ်ကုန်း Grade-2 မှ ကျောင်းဝင်အမှတ် (၀၀၆၅)၊ ဦးလင်းနိုင်-ဒေါ်ဇာဇာဝင်းတို့၏ သား မောင်စစ်ချီသွေးအား မောင်ကောင်းဇေလင်း ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကောင်းဇေလင်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7G/2959, Honda Fit G , Batch Back (4x2) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေမီအောင် ၇/ကပက(နိုင်)၀၈၇၇၆၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

**သွေးသည် အသက်**

## ဖခင်အမည်မှန်

မင်းဘူးခရိုင်၊ ငဖဲမြို့နယ်၊ ပဒါန်းကျေးရွာ၊ အမှတ်(၁) ရပ်ကွက်နေ ပဒါန်း အထက ကျောင်း Grade-9မှ မောင်အာဖြဟံ၏ ဖခင်အမည်မှန်မှာ ဦးမောင်ကိုး ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးဟိန်းစိုး ၁၁/စတန(နိုင်) ၀၆၈၀၁၈ ၏ သမီး စစ်တွေမြို့၊ အမှတ် (၁၅) ပြည်တော်သာ မူလွန်ကျောင်း Grade(6) တက်ရောက်မည့် မသက်ငုံဖူးအား မခင်မြတ်သူ ဟု အမည်ပြောင်းလဲခေါ်ပါရန်။

**မခင်မြတ်သူ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက် အမှတ် ၁၄/ဆင်ဖြူရှင်ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ တပ်သားစိုးဝင်းနိုင် ကိုယ်ပိုင်အမှတ် ၉၃၈၀၁၃၊ ၁၂/ဥကတ(နိုင်)၁၇၀၂၁၉(ဘ)ဦးမောင်ကြည် အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င)၁၂၄၅ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်ခင်စန်းဝေ ၁၂/မဂဒ(နိုင်)၁၁၆၆၉၄ (ဘ)ဦးစံဒင် မှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံး ကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန် မိတ္တူ၊တပ်သားစိုးဝင်းနိုင် သေဆုံးခြင်းလက်မှတ်မိတ္တူ၊မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများ တင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ် ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှ စ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ သိင်္ဂီလမ်း၊ အမှတ်(၅၂၆)၊ (၂)ခန်းတွဲ RC(၆)ထပ်အဆောက်အအုံ၏ (တတိယထပ်)၊ (၄လွှာ)၊ တိုက်ကိုမျက်နှာမူလျှင် (လက်ဝဲဘက်အခန်း)၊ ဧရိယာ(၁၀၂၆)စတုရန်းပေရှိ တိုက်ခန်းနှင့်၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်အေးသူဇာဝင်း (၁၂/ရကန(နိုင်) ၀၆၀၃၇၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေများ ဖြစ်သော ဦးစိုးသီဟ (၇/အဖန(နိုင်) ၀၈၃၄၅၈)၊ ဒေါ်ခင်မြတ်သူဝင်း (၇/ရတန(နိုင်) ၀၉၈၅၅၆) တို့က အပြီးအပြတ် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးစိုးသီဟ၊ ဒေါ်ခင်မြတ်သူဝင်း တို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဖြိုးအောင် (LL.B),WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City၊ သန်လျင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၁၁၅၇၈၅၆၊ ၀၉-၇၉၈၄၅၈၆၂၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် EE/6736, Toyota Probox NCP51, Station Wagon ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မျိုးနိုင် ၁၂/ရပသ(နိုင်) ၀၅၆၁၀၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7J/5832, CDW 757, Dump Truck (4x2) (L) ယာဉ်လက်ဝယ်ရှိသူ ဦးတင်ကိုဦး ၉/မလန(နိုင်)၁၁၃၇၃၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ ပေါင်းတည်မြို့နယ်၊ ကြို့ပင်အုပ်စု၊ ဘိုကုန်းတာလမ်းနေ ကျွန်တော် ဦးမောင်ညို၏ သား မောင်ထွန်းနိုင်ဦး (ခ) ပါကျစ် ၇/ပတတ(နိုင်)၀၉၉၁၁၄ သည် မိဘဖြစ်သူ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သောကြောင့် ကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝနှင့် ငွေရေး၊ ကြေးရေး၊ လူမှုရေး အရှုပ်အရှင်းများကို တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးမောင်ညို(ခ)ဦးညိုကြီး**
**၇/ပတတ(နိုင်)၀၀၉၆၉၉**

## အများပြည်သူသို့ အသိပေးကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော် ယာဉ် စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၇၆ ပုဒ်မခွဲ(ခ)အရ **“မော်တော် ဆိုင်ကယ်ကို စီးနင်းမောင်းနှင်ရာတွင် ရှေ့မီးအနိမ့်ကို နေ့/ည အချိန်တိုင်းတွင် ဖွင့်၍မောင်းနှင်ကြပါရန်”** အသိပေးအပ် ပါသည်။

**နေပြည်တော်ယာဉ်**
**စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀× ၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၄၄ သိန်း | ၄၀၈၅၆ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၅ | ၁ |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၂ တိုင် | ၇ တိုင် |
| ၁၀။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၁။ | မြန်မာမှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၉၃ ခန်း | ၃၆၂ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၃၂. ၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆. ၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉. ၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၄၄ ခု | ၅၀၈ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၈. ၅၀ | ၇၅၇၆. ၃၅ ကျင်း | - | ၇၅၇၆. ၃၅ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၆. ၅၀ | ၈၄၇၃ ကျင်း | - | ၈၄၇၃ ကျင်း |
| ၁၉။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၄၅ သိန်း | ၁၇၃၈၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၈. ၅၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၀။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၂၁၉. ၀၀ | ၁၂၇ ခု | - | ၁၂၇ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Creamy Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၁၀၀၀ စုံ | ၅၇၄ စုံ | ၄၂၆ စုံ |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၂၂၁ စုံ | ၂၇၉ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် (၂၀၂၃-၂၀၂၄) ဘဏ္ဍာရေးနှစ်တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၇)နှင့် ရောဂါနှိမ်နင်းရေးဌာနခွဲ၊ ရုံးဝင်းအတွက် လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ရန် လုံခြုံရေးကုမ္ပဏီငှားရမ်းလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ပြည်သူ့ကျန်း မာရေးဦးစီးဌာန၌ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည် ဖြစ်ပါသည်။

| | | |
|---|---|---|
| တင်ဒါအမှတ် | - | Tender.1.Security (2023-2024) |
| တင်ဒါစတင်သည့်ရက် | - | ၂-၅-၂၀၂၃ရက် |
| တင်ဒါပိတ်သိမ်းမည့် ရက်နှင့်အချိန် | - | ၁၇-၅-၂၀၂၃ရက် မွန်းတည့် ၁၂ နာရီ |

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၃၁၀၈၅၊ ၀၆၇-၃၄၃၁၀၇၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ် ရန်ပုံငွေ အသုံးပြု၍ ကိုဗစ်-၁၉ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် COVID-19 Antigen Rapid Diagnostic Test & Viral Transport Media ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့်ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါ တင်သွင်းလွှာ ပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လက်ရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| တင်ဒါအမှတ် | - | Tender.2.COVID-19 items (2023-2024) |
| တင်ဒါစတင်သည့်ရက် | - | ၂-၅-၂၀၂၃ရက် |
| တင်ဒါပိတ်သိမ်းမည့် ရက်နှင့်အချိန် | - | ၁၇-၅-၂၀၂၃ရက်၊ မွန်းတည့် ၁၂ နာရီ |

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် - ဖုန်း-၀၆၇-၃၄၃၁၀၈၅၊ ၀၆၇-၃၄၃၁၀၇၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗျိုင်းရွာမ ရပ်ကွက်၊ သီလလမ်း၊ တိုက်အမှတ်(၈)၊ ပထမထပ်၊ အကျယ်အဝန်း(၃၅ပေ x၅၅ပေ)၊ ကိုယ်ပိုင်မီတာ၊ ရေမော်တာ အပါအဝင် တိုက်ခန်းအား ဒေါ်ဝင့်ဝင့်ဖြူ ၁၂/မဂတ(နိုင်)၀၉၀၄၃၆မှ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး ရောင်းချခြင်း၊ပေါင်နှံခြင်း၊ အာမခံအဖြစ် တင်သွင်းခြင်း မရှိပဲ အရှုပ်အရှင်းကင်းရှင်းကြောင်း တာဝန်ယူဝန်ခံ၍ ရောင်းချရာ ဦးညီညီစိုး (၁၂/သဃက(နိုင်)၁၄၁၄၆၇) မှ ၂၇-၁၂-၂၀၂၂ရက်တွင် တိုက်ခန်း အပြီးသတ် အရောင်းအဝယ်စာချုပ် ပြုလုပ်၍ ဝယ်ယူပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ တိုက်ခန်းအား ဦးညီညီစိုး ၁၂/သဃက(နိုင်)၁၄၁၄၆၇ မှ လက်ရောက်ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးညီညီစိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာမြင့်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၂၀)**
**အမှတ် ၄၈/၅၀၊ သတိပဋ္ဌာန်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊တာမွေမြို့နယ်**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၈၄၂၅၇၄၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/တပင်ရွှေထီးရပ်၊ တပင်ရွှေထီးရပ်ကွက်ရှိ၊ တကက ငွေးလွှင်(ကိုယ်ပိုင်အမှတ် ၅၉၅၅၈၁)၊ (၁၄/ကပန (နိုင်)၀၀၂၇၆၅) (ဘ)ဦးကြွေကြီး အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င)၆၆၄၈ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်မြင့်ကြည် (၁၄/ကပန(နိုင်)၀၇၀၄၀၃) (ဘ)ဦးအေးမြင့်မှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မှုရင်း၊ မြေကွက်ဖိုး ပေးသွင်းချလန်မိတ္တူ၊ တကငွေးလွှင် သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ် ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကယားပြည်နယ်အစိုးရအဖွဲ့
## လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
## ကယားပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(ဒုတိယအကြိမ်)

၁။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကယားပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ၂၀၂၃-၂၀၂၄ခု ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု/ပြည်နယ်(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်း၊ တံတား၊ အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းပေးနိုင်ပါရန် ဖိတ်ခေါ်ကြေညာအပ်ပါသည်-

| | | |
|---|---|---|
| (က) **အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်** | - | ၂၂-၄-၂၀၂၃ရက် (စနေနေ့) ရုံးချိန်အတွင်း |
| (ခ) **အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်နှင့်အချိန်** | - | ၅-၅-၂၀၂၃ရက် (သောကြာနေ့) ညနေ ၄:၃၀ နာရီ |
| (ဂ) **အိတ်ဖွင့်တင်ဒါနောက်ဆုံးတင်သွင်းရမည့်နေ့** | - | ၅-၅-၂၀၂၃ရက် (သောကြာနေ့) ညနေ ၄:၃၀နာရီ |
| (ဃ) **အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်၊ အချိန်နှင့်နေရာ** | - | ထပ်မံကြေညာပါမည်။ |

၂။ အသေးစိတ်သိရှိလိုပါက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ဖုန်း-၀၉-၅၂၄၀၁၇၁၊ ၀၉-၇၈၄၈၄၂၆၂၈၊ ၀၉-၂၅၃၂၈၉၈၃၉တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင် ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ကယားပြည်နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ ကွင်းအကွက်အမှတ်နှင့် အမည် (၈၀/စောစီရွာ)၊ ဦးပိုင်အမှတ်(၂၁၀)၊ မြေကွက်အမှတ် (၃၀/၁၈၄)၊ ဧရိယာ ( ၀ဒသမ ၀၇၈)ဧကရှိ ဒေါ်အေးအေးမြင့် ၅/ဝလန(နိုင်)၀၈၄၀၁၆ အမည်ပေါက် မြေငှားဂရန်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်အေးအေးမြင့်**
**(ဖုန်း-၀၉-၇၈၅၃၉၃၅၅)**

## တရားဝင်ကွာရှင်းပြတ်စဲခြင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ ရပ်စောက်မြို့နယ်၊ ဈေးတန်းရပ်ကွက်၊ ဗထူးလမ်း၊ အိမ်အမှတ်(၂၃၂)နေ ကျွန်မ ဒေါ်စုစုမွန် ၁၃/ညရန(နိုင်)၀၈၇၈၅၁ နှင့် ဦးထွန်းလင်းဦး ၁၃/ရစန(နိုင်)၀၇၁၉၈၈ တို့သည် (၁၁-၄-၂၀၂၂)ရက်တွင် အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးပါကြောင်း။

**ဒေါ်စုစုမွန်**

## ပျောက်ဆုံးကြောင်း

ကျွန်မ နန်းငဲမူး ၁၃/ဟပန (နိုင်) ၁၀၂၂၆၉၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၁၆၃၂၂၉၀**

## ပျောက်ဆုံးကြောင်း

ဗုဒ္ဓရိပ်သာမင်းကွန်းကမ္မဋ္ဌာန်းကျောင်းတိုက်၊ တောင်ကြီးမြို့တွင် သီတင်းသုံးနေထိုင်တော်မူသော ဆရာတော် အရှင်ဝေပုလ္လ ၁၃/ကတန(သ) ၀၀၂၀၈၄၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 144891)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၆၃၃၂၂၇၀**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း-၃၊ မြေကွက် အမှတ် (၆၄၂)၊ ဧရိယာ ၀.၀၅၅ဧကရှိ ဦးတင်အောင်လင်း အမည်ပေါက် ပါမစ်မြေကွက်အား ဦးဝင်းကို (၁၂/အလန (နိုင်)၀၄၇၂၄၄) မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်ဆိုချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City ကြယ်စင်အိမ်ရာဝင်းအတွင်းရှိ City Loft Condo တိုက်၊ အမှတ်(CL3)၊ (၁လွှာ)၊ အခန်းအမှတ် (၁၁၁)၊ အကျယ်အဝန်း (၃၁၂)စတုရန်းပေ၊ အခန်းအမျိုးအစား(Studio Type) ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်ကို ပိုင်ရှင်ဖြစ်သူ ဒေါ်ကြည်ကြည်မော် ၁၂/ဥကတ(နိုင်) ၀၁၄၂၆၈ထံမှ ဝယ်ယူရန်အတွက် ဒေါ်ကြည်ကြည်မော် ၅/ကလထ (နိုင်)၂၁၆၇၈၅မှ စရန်ငွေပေးချေခဲ့ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားပါမည်။

**ဦးဇန်လားဖိန်ငါ**
**(ဖုန်း-၀၉-၇၆၁၅၇၁၃၃၇)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်နှင့် လမ်းအထူးအဖွဲ့(၆)တို့မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော ကတ္တရာ၊ဒီဇယ်ဆီ၊ ကျောက်ရှယ်စုံနှင့် အခြားလုပ်ငန်းခွင်သုံးပစ္စည်းများ ဝယ်ယူခြင်းအတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါ သည်။

**အိတ်ဖွင့်တင်ဒါအမှတ်စဉ်-(၂/၂၀၂၃-၂၀၂၄)**

| | | | |
|---|---|---|---|
| ၁။ | **တင်ဒါပုံစံစတင်ရောင်းချမည့် ရက်/အချိန်** | - | ၁၂-၅-၂၀၂၃ရက် (သောကြာနေ့)မှ ၁၈-၅-၂၀၂၃ရက် (ကြာသပတေးနေ့) အထိ နံနက် ၉:၃၀နာရီ မှ ညနေ ၄:၃၀ နာရီအထိ (ရုံးချိန်အတွင်း) |
| ၂။ | **တင်ဒါပုံစံရောင်းချ/ တင်သွင်းရမည့်နေရာ** | - | ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့(၆)၊ လမ်းဦးစီးဌာန၊ လားရှိုးမြို့၊ ဖုန်း-၀၈၂-၂၂၀၂၆၁၉၊ ၀၉-၄၂၈၈၆၅၇၅၆ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လားရှိုးခရိုင်၊ လားရှိုးမြို့၊ဖုန်း-၀၈၂-၂၂၀၃၀၅၈၊ ၀၉-၆၆၉၆၅၇၉၉၉ |
| ၃။ | **တင်ဒါပိတ်မည့်ရက်/အချိန်** | - | ၁၉-၅-၂၀၂၃ရက် (သောကြာနေ့) ညနေ ၄:၃၀နာရီ |
| ၄။ | **တင်ဒါဖွင့်မည့်ရက်/အချိန်** | - | ၂၂-၅-၂၀၂၃ရက်(တနင်္လာနေ့) နံနက် ၉:၃၀နာရီ |
| ၅။ | **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** | - | လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လားရှိုးခရိုင်၊လားရှိုးမြို့၊ ဖုန်း-၀၈၂-၂၂၀၃၀၅၈၊ ၀၉-၆၆၉၆၅၇၉၉၉ |

အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၀)၊ နဝဒေးလမ်း၊ မြေကွက်အမှတ် (၁၈၇)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)ရှိ ဦးမင်းနိုင် (G/RGN- ၀၀၈၃၉၄) အမည်ပေါက် ပါမစ်မြေကွက်အနက်မှ တရားဝင် မခွဲမစိတ်ရသေးသော မြေကွက်အမှတ်(၁၈၈)နှင့်ကပ်လျက် (၂၀ပေ× ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ခင်ပွန်းဦးမင်းနိုင် ကွယ်လွန်၍ အမွေဆက်ခံပိုင်ခွင့် ရှိသူ ဒေါ်တင်ရီ (BY-၀၀၇၅၃၂) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက် လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန် ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးပြည့်ဖြိုးအောင်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀) |
| | ၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃ |

## အမည်ပြောင်း

တမူးမြို့၊ မြို့မ(၄)ရပ်ကွက်နေ ဦးထွန်းနိုင်ဝင်း-ဒေါ်ဟိန်းမြတ်မွန်တို့၏သမီး မခိုင်ရွှန်းလဲ့သွယ်အား ယနေ့မှစ၍ မဖူးမြတ်သော်ဟု ပြောင်းလဲခေါ်ပါရန်။

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ထောင်းရဲလ်းတိန် ၄/တတန(နိုင်)၀၈၃၇၆၄၏ နိုင်ငံကူးလက်မှတ်နံပါတ် MD 646078 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၄၁၇၄၂၇၂**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၁-၄-၂၀၂၃ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၆)ပါ Golden Belt Trading Co.,Ltd၏ ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ ပျောက်လျှောက်ထားခြင်း ကြော်ငြာတွင် ယာဉ်အမှတ် 7L/7654 အစား ယာဉ်အမှတ် **7L/2654** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်နေထက်လင်း ၅/ယမပ(နိုင်)၁၁၀၉၀၇၏ နိုင်ငံကူးလက်မှတ်နံပါတ် MC 288085 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၀၀၇၈၈၁၆**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်လွင်ဦး ၅/ဝလန(နိုင်)၂၂၃၈၂၅၏ နိုင်ငံကူးလက်မှတ်နံပါတ် MD 660619 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၂၈၃၂၄၃၆**

## ပျောက်ဆုံးကြောင်း

ကျွန်မ မငူလ်ဆိပါလ်း ၅/ကလထ(နိုင်)၂၀၁၀၃၉ ၏ နိုင်ငံကူးလက်မှတ်နံပါတ် MF 513821 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၇၉၇၉၂၇၂**

## ပျောက်ဆုံးကြောင်း

ကျွန်မ မဆင်းတဲလ် ၄/တတန (နိုင်)၀၈၅၄၄၁ ၏ နိုင်ငံကူးလက်မှတ်နံပါတ် MD 586000 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၄၁၇၄၂၇၂**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4H/2058 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ပျောက်ဆုံးကြောင်း

